# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ စနေနေ့။ Saturday, 4 January 2020 ၉၈၈၄


**မင်္ဂလာသုတ် — မင်္ဂဖိုလ်အကျိုးကို ရနိုင်**

**မဂ်ဖိုလ်အကျိုးကို ရနိုင်**

**အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူ၏။**

လောကဝင်(ဓမ္မပဒ-၁၇၂)

# အမျိုးသားညီညွတ်ရေးကို အခြေခံသည့် စုပေါင်းအင်အားဖြင့် ဒီမိုကရေစီ အမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား–**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နေ့ထူးနေ့မြတ် အခါသမယ ဖြစ်သော (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အတွင်း ဒိုးတူပေါင်ဖက် ချစ်ကြည်ရင်းနှီးစွာ အတူတကွနေထိုင် ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီရင်းအစ်ကို၊ မောင်ရင်းနှမ၊ မိသားစုဝင်များအားလုံး ကောင်းကျိုးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ ကြောင်း ဆုမွန်ကောင်းတောင်းလျက် ဦးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

အမိမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကပင် တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြပြီး ကိုယ့်ထီးကိုယ့်နန်းဖြင့် ကမ္ဘာ့ အလယ်တွင် ဝင့်ကြွားထည်ဝါစွာ ရပ်တည်ခဲ့သောနိုင်ငံ ဖြစ်ပါသည်။ ကမ္ဘာ တစ်ဝန်း ကိုလိုနီစနစ် လွှမ်းမိုးလာသည့် ၁၉ ရာစုတွင် မြန်မာနိုင်ငံသည်လည်း တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်ခဲ့ပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း ဦးဆောင်သော မျိုးချစ်စိတ်ဓာတ်ထက်သန်သည့် တိုင်းရင်းသား ခေါင်းဆောင်များနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်၊ သူ့ကျွန်မခံလိုသော အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် နယ်ချဲ့လက်အောက်မှ ပြန်လည်လွတ်မြောက်ပြီး လွတ်လပ်ရေးရရှိရန်အတွက် စည်းလုံးညီညွတ်စွာ တွန်းလှန်ခဲ့ကြရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့ တွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင် ခဲ့ကြပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံတမန်များ တည်ခင်းဧည့်ခံသည့် နှစ်သစ်ကူးနေ့လယ်စာစားပွဲသို့ တက်ရောက်



**နေပြည်တော် ဇန်နဝါရီ ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံတမန်များ ကိုယ်စား သံတမန်များအဖွဲ့နာယက တီမောလက်စ်တေ သံအမတ်ကြီး မစ္စတာ ဂျူဝေါင်းဖရေးတက်စ် ဒေ ကာမာရာက တည်ခင်းဧည့်ခံသော နှစ်သစ်ကူးအခါသမယနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယကို ကြိုဆိုသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

**နှုတ်ခွန်းဆက်ဆုမွန်စကားပြောကြား**

နေ့လယ်စာ မသုံးဆောင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် သံတမန်များအဖွဲ့နာယက တီမောလက်စ်တေ သံအမတ်ကြီး မစ္စတာ ဂျူဝေါင်းဖရေးတက်စ် ဒေ ကာမာရာတို့က နှုတ်ခွန်းဆက် ဆုမွန်စကား ပြောကြားကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ●

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများက ကြိုဆိုနှုတ်ဆက်ကြစဉ်။




## ကြေးမုံ

# ပြည်ထောင်စုအမြဲတည်တံ့ဖို့ အဓိဋ္ဌာန်ပြုစို့

မြန်မာနိုင်ငံသည် ၁၉ ရာစုနှောင်းပိုင်းတွင် တိုင်းတစ်ပါးလက်အောက် ကျရောက်ခဲ့သည်။ လွတ်လပ်ရေးဆုံးရှုံးပြီး ၁၉၀၁ ခုနှစ် ၂၀ ရာစုခရီးအစမှ ၁၉၄၈ ခုနှစ်အထိ ရာစုတစ်ဝက်နီးပါးမျှ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ရသည်။ ၂၀ ရာစု၏ ရာစုနှစ်တစ်ဝက်ကျော် ၂၀၀၀ ပြည့်နှစ် ခရီးဆုံးရောက်သည်အထိ လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။

၂၀၀၁ ခုနှစ်မှစ၍ ၂၁ ရာစုသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ စိန်ခေါ်မှုများစွာဖြင့် ဖြတ်သန်းနေဆဲဖြစ်သော ၂၁ ရာစုတွင် လွတ်လပ်ရေးကို ပိုမိုထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည့်အပြင် ၂၁ ရာစု၏ စိန်ခေါ်မှုအသစ်များကိုလည်း ကျော်လွှားကြရမည်ဖြစ်သည်။ ရာစုနှစ်တစ်ခုကျော် ဖြတ်သန်းလာခဲ့သော မြန်မာနိုင်ငံ၏သမိုင်းကြောင်းကို ပြန်ပြောင်းရှုမျှော်ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံ၏ အတက်အကျ ပုံရိပ်သွင်ပြင်များကို ပြက်ပြက်ထင်ထင် မြင်တွေ့ရမည်ဖြစ်သည်။

ပထဝီဝင်အနေအထားကောင်းမွန်၍ နေချင့်စဖွယ်ရှိသော မြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းတွင် လွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ် ခဲ့ရသောကာလ၊ လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သောကာလနှင့် ယခု ၂၁ ရာစုကို ဖြတ်သန်းနေသောကာလ၌ လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရေးအပြင် စိန်ခေါ်မှုအမျိုးမျိုး၊ ပြဿနာမျိုးစုံတို့ကို ကျော်လွှားကြရမည်ဖြစ်သည်။

လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသောကာလတွင် ရရှိပြီးသော လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် တိုင်းရင်းသားပြည်သူအားလုံး ကာကွယ်စောင့်ရှောက်ရင်း အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မြဲရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ တိုင်းပြည်ငြိမ်းချမ်းရေးတို့နှင့်အတူ တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာအောင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၁ ရာစုသည် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ခေတ်ကာလဖြစ်သည်။ ကမ္ဘာသူကမ္ဘာသားများသည် ကမ္ဘာ့အရပ်ဒေသအသီးသီးတွင် ထွန်းကားလျက်ရှိသော အသိပညာနှင့် အတတ်ပညာများကို ခေတ်မီနည်းပညာများအသုံးချ၍ မိမိတို့နိုင်ငံ ကောင်းစားတိုးတက်ရေးကို ဆောင်ရွက်နေကြသည်။ ထို့ကြောင့် ၂၁ ရာစုတွင် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင်၊ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်အောင်၊ ကျွန်ုပ်တို့အားလုံး အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာအောင် အစွမ်းကုန်ကြိုးစားအားထုတ်ရမည်ဖြစ်သည်။

ထိုသို့ အသိပညာများ၊ အတတ်ပညာများ၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်နေသည်နှင့်အမျှ ကျွန်ုပ်တို့နိုင်ငံ၏ နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲနေသည့် အမိပြည်ထောင်စုကြီးနှင့် ပြည်ထောင်စု၏ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးတမ်းများ၊ ကိုယ်ကျင့်တရားများ၊ မိမိတို့ တိုင်းရင်းသားပြည်သူများအား စောင့်ရှောက်လိုသော ဝံသာနုရက္ခိတစိတ်ဓာတ်များ အစဉ်နိုးကြားထက်သန်အောင် ပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။

ခေတ်အဆက်ဆက်တွင် အမြတ်တနိုးထိန်းသိမ်းခဲ့သော မြန်မာတို့၏ ကိုယ်ပိုင်အရည်အချင်းနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲရေးကို ကောင်းစွာအာမခံနိုင်ကြောင်း သမိုင်းကြောင်းကောင်းသည့် ဖြစ်စဉ်များက သက်သေပြနိုင်ခဲ့ပြီးဖြစ်သည်။ သမိုင်းဖြစ်စဉ်များတွင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းသည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် ထင်ရှားပြောင်မြောက်သည့် သမိုင်းမော်ကွန်းပင်ဖြစ်သည်။

သို့ဖြစ်ရာ လွတ်လပ်ရေးရရှိစဉ်အချိန်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံးဟစ်ကြွေးခဲ့သော "တရား မျှတ လွတ်လပ်ခြင်းနှင့်မသွေ ဒို့ပြည်၊ ဒို့မြေ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည် ဒို့ပြည်၊ ဒို့မြေ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ အဓိဋ္ဌာန်ပြုပေ ထိန်းသိမ်းစို့လေ" ဟူသော နိုင်ငံတော်သီချင်း ခြေဆင်းလာ အဓိဋ္ဌာန်ချက်နှင့်အညီ ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးကို အစဉ်ရှေးရှုကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊

၃။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

၄။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့်အရည်အသွေး မြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး၊

၅။ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊

# ကျောက်မျက်အတွဲ ၂၈၆ တွဲနှင့် ကျောက်စိမ်းအတွဲ ၃၆၉၅ တွဲ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်

**နေပြည်တော် ဇန်နဝါရီ ၃**

နေပြည်တော်၌ ကျင်းပလျက်ရှိသည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ကျောက်မျက်ရတနာများပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမဝင်းအတွင်း ဆက်လက်ကျင်းပလျက်ရှိရာ သတ်မှတ်ဇုန် နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာများအား ရတနာကုန်သည်များက လွတ်လပ်စွာ လေ့လာကြည့်ရှုကြပြီး တင်ဒါပုံးများအတွင်း တင်ဒါများထည့်သွင်းလျက်ရှိသည်။



**အိတ်ဖွင့်တင်ဒါစနစ်**

ကျောက်မျက်အတွဲ ၂၈၆ တွဲကို ဇန်နဝါရီ ၄ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်း အတွဲအမှတ်(၁)မှ ၁၂၅၀ အထိကို ဇန်နဝါရီ ၅ ရက်တွင်လည်းကောင်း၊ အတွဲအမှတ် ၁၂၅၁ မှ ၂၅၀၀ အထိကို ဇန်နဝါရီ ၆ ရက်တွင်လည်းကောင်း၊ အတွဲအမှတ် ၂၅၀၁ မှ ၃၆၉၅ အထိကို ဇန်နဝါရီ ၇ ရက်တွင်လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

သတင်းစဉ်

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃-၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၀၀၀ | ၁,၅၃၈ | ၁၇,၅၃၇,၀၀၀ |
| MTSH | ၃,၉၀၀ | ၃,၈၅၀ | ၄,၀၆၇ | ၁၅,၆၇၆,၁၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၅၁ | ၄၁၈,၂၀၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၇၉၀ | ၁၈,၁၇၀,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၃၅၄ | ၁,၀၂၆,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၃**

ရန်ကုန်(ရွှေဈေး) ၁၂၀၆၀၀၀ မန္တလေး(ရွှေဈေး) ၁၂၀၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၂၀/၉၇၅ကျပ် | ၉၈၅/၉၉၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၄၀/၉၉၀ကျပ် | ၁၀၃၅/၁၀၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၃၀/၈၉၅ ကျပ် | ၉၃၀/၉၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၃၀/၉၉၀ ကျပ် | ၉၈၅/၁၀၀၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၅/၈၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၅/၉၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၅/၇၉၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၆၆.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၃၄.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၀.၃၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၆၃၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၇.၄၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၄၄၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၈.၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၆၇ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၈.၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၆.၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်

ကြေးမုံ
စာတည်းမှူးချုပ် – ဦးဝင်းရွှေ
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



လွတ်လပ်ရေးကျောက်တိုင်နှင့် တိုင်းရင်းသားများ ဓာတ်ပုံ-ပြန်/ဆက်

## ခိုင်မာသည့်ယုံကြည်မှုဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာ

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယစိတ်ကင်းစင်ကာ ခိုင်မာသည့် ယုံကြည်မှုဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရမည်ဖြစ်ပါသည်။ ယင်းမှတစ်ဆင့် တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့် ဖက်ဒရယ်မူများနှင့်အညီ မိမိနိုင်ငံတော်နှင့်သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။**

*[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၁၉ ရက်နေ့တွင် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်]*

* ရှေ့ဖုံးမှ

ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်မှုနှင့် အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြားတွင် ဖြစ်ပွားခဲ့သော သံသယများနှင့် အယူဝါဒသဘောတရားပိုင်းဆိုင်ရာ အမြင်မတူမှုများ ပေါက်ဖွားကြီးထွားလာခဲ့ပြီး လွတ်လပ်ရေးရရှိပြီးစ ကာလမှာပင် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့ရပါသည်။ လက်နက်ကိုင်ပဋိပက္ခများအား ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းဖြေရှင်းနိုင်ခဲ့ခြင်း မရှိသည့်အတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည် နှစ်ပေါင်း (၇၀) ကျော် ယနေ့ထိတိုင် ဖြစ်ပွားလျက်ရှိပါသည်။ လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားနှင့် သဘာဝအရင်းအမြစ်များကို ချည့်နဲ့စေခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးနေဆဲဖြစ်ပါသည်။

ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး၊ နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် တာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြားတွင် သံသယစိတ်ကင်းစင်ပြီး ခိုင်မာသော ယုံကြည်မှုတည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီစံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးစံနှုန်းစံထားများနှင့် ကိုက်ညီပြီး နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် ဆီလျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှုနှင့်အတူ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးလာသည်နှင့်အမျှ ဒီမိုကရေစီ၏ အနှစ်သာရများဖြစ်သော တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်ပြီး ပြည်သူအများ လိုလားတောင့်တနေသည့် အေးချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်တစ်ရပ် ပေါ်ထွန်းလာမည်ဖြစ်ပါသည်။

နိုင်ငံတစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ တိုင်းဒေသကြီး

- **နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဒေသတစ်ခုချင်းစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပဓာနကျသည်ဖြစ်ရာ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်**
- **တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နိုင်ငံသားကောင်းဖြစ်စေရေးအတွက် ပညာရေးဖြင့်လည်း ရေရှည်မျှော်မှန်းချက်ထား၍ ဆောင်ကြဉ်းပေးရမည်**
- **ယခုအချိန်အခါတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဘက်ဘက်မှ အခြေအနေကောင်းများ၊ အလားအလာကောင်းများ ရရှိလာနေပြီဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ကြရမည်**

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးနှင့် ပြည်နယ်များ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်လျော့နည်းစေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းလာစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးပေးဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။

နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဒေသတစ်ခုချင်းစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပဓာနကျသည်ဖြစ်ရာ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ ဒေသတွင်းရှိ အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ဒေသခံပြည်သူများ၏အင်အားနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးသည် လွန်စွာအရေးကြီးပါသည်။ ဒေသအလိုက်တည်ရှိနေသော သဘာဝသယံဇာတနှင့် အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ပြီး ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးအောင်မြင်စေရေး ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးပေးရမည်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ကျန်းမာသန်စွမ်း၍ နိုင်ငံသားကောင်းဖြစ်ရေးမှာလည်း လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နိုင်ငံသားကောင်းဖြစ်စေရေးအတွက် ပညာရေးဖြင့်လည်း ရေရှည်မျှော်မှန်းချက်ထား၍ ဆောင်ကြဉ်းပေးရမည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်အတွက် ကြီးမားသော အန္တရာယ်တစ်ရပ်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးပြဿနာအား ထိရောက်စွာ တားဆီးကာကွယ်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ယခုအချိန်အခါတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဘက်ဘက်မှ အခြေအနေကောင်းများ၊ အလားအလာကောင်းများ ရရှိလာနေပြီဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ကြရမည် ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကဲ့သို့ပင် အမျိုးသားညီညွတ်ရေးကို အခြေခံသည့် စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်စွာကျော်ဖြတ်ပြီး ဒီမိုကရေစီအမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးဟူသည့် မိမိတို့၏ရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ကြရန် ခိုင်မာသော သန္နိဋ္ဌာန်ဖြင့်-

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား" ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော လုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့် အရည်အသွေး မြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး၊
- မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း- ၂၀၁၈-၂၀၃၀ (Myanmar Sustainable Development Plan- MSDP-2018-2030) ဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊

ဟူသည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို အလေးအနက်ခံယူပြီး တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် သွေးစည်းညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် ဤနေ့ထူးနေ့မြတ်ဖြစ်သော လွတ်လပ်ရေးနေ့အခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

## ရှားပါးအထောက်အထားများပြပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၃**

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (ရန်ကုန်) အမှတ်(၆၀၄၊ ၆၀၈) ကုန်သည်လမ်း (၃၁-၃၂)လမ်းကြား ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့တွင် ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ရှားပါးအထောက်အထားများပြပွဲကို နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ထို့အတူ “New Views, Fresh Finds”သုတေသနစာတမ်းဖတ်ပွဲကိုလည်း ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၃ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာသမိုင်းအဖွဲ့ပညာရှင် ဆရာကြီးများဖြစ်သည့် ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာသော်ကောင်း၊ ဦးထွန်းအောင်ချိန်နှင့် ဦးစိုင်းအောင်ထွန်းတို့က သုတေသနစာတမ်းများ ဖတ်ကြားသွားကြမည်ဖြစ်သည်။

သို့ဖြစ်၍ ရှားပါးအထောက်အထားများပြပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားများသို့ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



လွတ်လပ်ရေးကျောက်တိုင်နှင့် တိုင်းရင်းသားများ ဓာတ်ပုံ-ပြန်/ဆက်

## ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်

ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်မတို့ ဘာလုပ်ငန်းလုပ်လုပ် ပြည်ထောင်စုကြီးအကျိုးအတွက် ဘယ်တော့မှမမေ့ဘဲနဲ့ လုပ်စေချင်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံးအတွက် အကျိုးရှိအောင် စဉ်းစားပြီး လုပ်စေချင်ပါတယ်။ ပြီးတော့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံး ပိုမိုပြီးတော့ နီးစပ်လာအောင်၊ ညီညွတ်လာအောင်၊ ပိုမိုပြီးတော့ စည်းလုံးလာအောင် လုပ်ပေးမယ့်ပုံစံမျိုးလည်း ဖြစ်စေချင်ပါတယ်။

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၃-၈-၂၀၁၈ ရက်နေ့တွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၁၈) အစည်းအဝေးတွင် ပြောကြားသည့် အဖွင့်အမှာစကားမှ ကောက်နုတ်ချက်]*

● နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ နေ့လယ်စာစားပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ တက်ရောက်ကြသည်။

**သတင်းစဉ်**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှုတ်ခွန်းဆက် ဆုမွန်စကား ပြောကြားစဉ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရား အလှူတော် ဓမ္မပူဇာသဘင်(တတိယနေ့) စည်ကားသိုက်မြိုက်စွာ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးတရားအလှူတော် ဓမ္မပူဇာသဘင် (တတိယနေ့)ကို ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးခြေတော်ရင်းရှိ ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

ယနေ့ ညပိုင်းတွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက "နာနာတိတ္ထိယ သုတ္တန်တရားတော်" ကို ဟောကြားတော်မူရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တရားနာပရိသတ် တစ်သိန်းကျော် တက်ရောက်နာယူကြည်ညိုကြသည်။

**နာယူကြည်ညို**

နှစ်သစ်ကူးတရားအလှူတော်မဏ္ဍပ်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးရှိန်ဝင်းက "ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ လေးကြိမ်မြောက် တရားအလှူတော် ကျင်းပခြင်း ဖြစ်ပါတယ်။ ဒီလိုနှစ်သစ်ကူးအချိန်အခါမှာ ဆရာတော်ကြီးတွေရဲ့ ဆုံးမသြဝါဒတွေကို တိုက်ရိုက်ဖူးမြော်ကြည်ညိုခွင့်ရဖို့အတွက် အားလုံးက စိတ်ဓာတ်ခွန်အားပြင်းပြစွာနဲ့ လာရောက်ကြတာ ဖြစ်ပါတယ်။ တရားနာပရိသတ်တွေ အဆင်ပြေစွာလာရောက်နိုင်ဖို့ ကြို/ပို့ယာဉ်တွေကိုလည်း ကော်မတီက ဆောင်ရွက်ပေးထားပါတယ်။ ဒီတရားပွဲဟာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကျင်းပတာဖြစ်ပေမယ့် တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေလည်း တစ်ပြိုင်တည်း တစ်ချိန်တည်းမှာ အားလုံးနာယူကြည်ညိုလို့ရအောင် ရုပ်/သံ တိုက်ရိုက်ထုတ်လွှင့်မှုကိုလည်း ပြုလုပ်ပေးထားပါတယ်" ဟုပြောသည်။

နှစ်သစ်ကူး တရားပွဲတော်တွင် စေတနာရှင်များက စတုဒိသာလှူဒါန်းမှုများကို ပြုလုပ်ကြသည့်အပြင် တရားနာပရိသတ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို သက်ဆိုင်ရာနှင့်အတူ ပုဂ္ဂလိကဆေးရုံများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း အခမဲ့ဆေးဝါးစောင့်ရှောက်မှု ဆေးကုသခန်းများ ဖွင့်လှစ်ကာ ပါဝင်ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တရားပွဲသို့လာရောက်နာယူကြည်ညိုကြမည့် တရားနာပရိသတ်များ သွားလာမှုအဆင်ပြေစေရန် အခမဲ့ YBS ကြို/ပို့ ယာဉ်များကို သက်ဆိုင်ရာစုရပ်များအလိုက် စီစဉ်ဆောင်ရွက်ပေးထားသည့်အပြင် စေတနာရှင်ပြည်သူတို့ကလည်း မိမိတို့၏ ရပ်ကွက်များ၊ လမ်းများအတွင်းမှ စုပေါင်း၍လည်းကောင်း၊ စေတနာရှင် အငှားယာဉ်မောင်းများကလည်း အခမဲ့လိုက်ပါပို့ဆောင်မှုများ ပြုလုပ်၍လည်းကောင်း၊ တရားနာပရိသတ်များ သွားလာမှုအဆင်ပြေစေရန် ဆောင်ရွက်ပေးကြသည်။



**သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက "နာနာတိတ္ထိယ သုတ္တန်တရားတော်"ကို ဟောကြားတော်မူစဉ်။**



တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၂)ရပ်ကွက်မှ တရားနာပရိသတ် ဒေါ်မိုးမိုးက "နိုင်ငံတော်ကကြီးမှူးကျင်းပတဲ့ တရားပွဲလည်းဖြစ်တယ်။ ဆရာတော်ကြီးတွေကိုလည်း ကြည်ညိုတဲ့အတွက် အခုလိုလာရောက်ရတာပါ။ အရင်နှစ်တွေတုန်းက မလာဖူးပါဘူး။ ဒါပထမဆုံးအကြိမ်ပါ။ အလှူအတန်းတွေနဲ့ လူငယ်တွေရဲ့ လုပ်အားဒါနတွေကို မြင်တွေ့ရတော့ ဝမ်းသာကြည်နူးမိတယ်။ နှစ်ဦးတရားပွဲတော်ရဲ့ အကျိုးကျေးဇူးကတော့ ထူးခြားပါတယ်။ ဆရာတော်ကြီးတွေပေးတဲ့တရားတွေလည်းရတယ်။ အသိပညာ၊ ဗဟုသုတတွေလည်းရတယ်။ လှူတဲ့သူတွေလည်းပေါ များတာမြင်ရတော့ စိတ်ချမ်းသာဖို့ကောင်းတယ်" ဟု ပြောသည်။

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်မှ တရားနာပရိသတ် ကိုသန်းထိုက်က "တစ်နှစ်မှာတစ်ခါလောက်ဖူးရခဲ့တဲ့ ဆရာတော်ကြီးတွေရဲ့ တရားတော်တွေကို နာယူချင်လို့ပါ။ ကျွန်တော်ကိုယ်တိုင်လည်း တရားပွဲလိုက်ချင်တဲ့ အိမ်နီးချင်းတွေကို ကားနဲ့ခေါ်ခဲ့တယ်။ ဆရာတော်ကြီးတွေရဲ့ တရားတွေကိုလည်း တစ်နေရာတည်းမှာ ပြည်သူအများစုပေါင်းနာယူနိုင်သလို စေတနာရှင်တွေရဲ့ သဒ္ဓါတရားတွေ၊ အလှူဒါနတွေကိုလည်း မြင်တွေ့နိုင်တဲ့အတွက် အင်မတန်ဝမ်းမြောက်ကြည်နူးဖို့ကောင်းပါတယ်။ တဒင်္ဂတစ်ခဏမှာ လောဘ၊ ဒေါသ၊ မောဟတွေ ကင်းငြိမ်းသွားသလို ခံစားရတယ်" ဟု ပြောသည်။

နှစ်သစ်ကူးအချိန်အခါသမယတွင် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ဆရာတော်ကြီးများ၏ ဆုံးမသြဝါဒများကို ပြည်သူများ နာကြားခွင့်ရခြင်းအားဖြင့် တစ်နှစ်တာကာလအတွင်း မိမိတို့၏ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကာ အဆိုပါနှစ်သစ်ကူးတရားအလှူတော် ဓမ္မပူဇာသဘင်ကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ကို ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ သုံးရက်တိုင် ကျင်းပရာ ပထမနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက လည်းကောင်း၊ ဒုတိယနေ့တွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသက လည်းကောင်း၊ ယနေ့တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရကလည်းကောင်း နှစ်သစ်ကူးတရားတော်များကို ဟောကြားခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် (၃၅)နှစ်အထက် ဘောလုံး(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီး ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တတိယလုပွဲပွဲစဉ်အဖြစ် နံနက် ၇ နာရီခွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းမှ ငါးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၉၀ တွင် တစ်ဖက် နှစ်ဂိုးစီ သရေကျနေသဖြင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားရာ ထပ်မံသရေကျသဖြင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအသင်းမှ ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

**ဆုပေးအပ်ချီးမြှင့်**

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ စတုတ္ထဆုရရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က လည်းကောင်း၊ တတိယဆုရရှိသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လည်းကောင်း၊ ဒုတိယဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က လည်းကောင်း၊ ပထမဆုရရှိသော စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအသင်းအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ့ခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ကြသည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်ထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိသည့် (၇၂) နှစ်ပတ်လည်အချိန်သမယတွင် ကျွန်ုပ်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူလူထုအားကိုယ်စားပြု၍ အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအား လှိုက်လှဲစွာ ထောမနာဂုဏ်ပြုပါကြောင်းနှင့် ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြအပ်ပါသည်။

တရုတ်နှင့် မြန်မာနိုင်ငံသည် ပေါက်ဖော်ချစ်ကြည်ရေးနက်နဲ၍ တစ်မြစ်တည်းက ရေအတူတကွသောက်သုံးနေကြပြီး အေးအတူပူအမျှဖြစ်သော အသိုက်အဝန်းဖြစ်ပါသည်။ ယခုနှစ်တွင် တရုတ်-မြန်မာသံတမန်ဆက်ဆံရေး ထူထောင်ခြင်းနှစ် (၇၀) ပြည့်မြောက်ပါသည်။ ကျွန်ုပ်အနေဖြင့် တရုတ်နှင့် မြန်မာနှစ်နိုင်ငံဆက်ဆံရေးကိုမြင့်မားစွာ တန်ဖိုးထား၍ နှစ်နိုင်ငံအဆင့်မြင့် ဆက်ဆံရေးထိန်းသိမ်းရန်၊ လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်ရေး တွန်းအားပေးရန်၊ လူမှုနှင့်ယဉ်ကျေးမှုဖလှယ်ရေးတိုးချဲ့စေရန်၊ Multilateral ကဏ္ဍချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန်၊ တရုတ်-မြန်မာဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး အနှစ်သာရများကြွယ်ဝစေရန် အဆွေတော်နှင့်အတူ ကြိုးပမ်းအားထုတ်သွားပါမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်စည်ပင်သာယာ၍ မြန်မာပြည်သူပြည်သားအားလုံး ဘဝအေးချမ်းသာယာပါစေ၊ တရုတ်နှင့်မြန်မာနှစ်နိုင်ငံဆက်ဆံရေး အဆက်မပြတ်ခိုင်မာပါစေ၊ ဖွံ့ဖြိုးတိုးတက်သွားပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## အမေရိကန်ပြည်ထောင်စု

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အမေရိကန်ပြည်ထောင်စုသမ္မတ ဒေါ်နယ်ထရမ့်ထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက်လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခမ်းအနားအတွက် အမေရိကန်ပြည်သူများမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပိုမိုငြိမ်းချမ်းသော၊ အားလုံးပါဝင်သော၊ ဒီမိုကရေစီနည်းလမ်းကျသော၊ ကြွယ်ဝချမ်းသာသော၊ လူ့အခွင့်အရေးနှင့် ပြည်သူ ပြည်သားအားလုံး၏ စဉ်ဆက်မပြတ်ထိန်းသိမ်းထားသည့် ဂုဏ်သိက္ခာအားတန်ဖိုးထားပြီး စီးပွားရေးခိုင်မာတောင့်တင်းသောနိုင်ငံဖြစ်ရန် လိုလားသည့် မြန်မာပြည်သူ ပြည်သားများအားလုံးကို အမေရိကန်ပြည်ထောင်စုမှ ဆက်လက်ထောက်ခံမည်ဖြစ်ပါသည်။

ယခုကဲ့သို့ ထူးမြတ်သည့်လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံသားများကို ဆုမွန်ကောင်းပို့သအပ်ပါသည်။

## အိန္ဒိယသမ္မတနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်ထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ချစ်ခင်ရင်းနှီးစွာ နှုတ်ခွန်းဆက်သ၍ ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

၂၀၁၈ ခုနှစ်က မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် မိမိ၏ခရီးစဉ်မှာ နွေးထွေးအမှတ်ရဖွယ်ဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံသို့ အလည်အပတ်လာရောက်ရန်မျှော်လင့်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် မိမိတို့နှင့်အတူတကွ ဆက်လက်လက်တွဲဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံအစိုးရသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲတက်ရောက်ရန်အတွက် ၂၀၁၉ ခုနှစ်၊ မေလက အိန္ဒိယနိုင်ငံသို့လာရောက်ခဲ့သည့် အဆွေတော်သမ္မတ၏ခရီးစဉ်အတွက်လည်း အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ဆက်ဆံရေးကို အထူးအလေးထားပါသည်။ မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုတို့ဖြင့် ထူးခြားစွာပုံဖော်ထားသော မိတ်ဖက်ဆက်ဆံရေးဖြစ်ပါသည်။ မိမိတို့နှစ်နိုင်ငံ၏ ခိုင်မြဲသောဆက်ဆံရေးသည် နောင်လာမည့်နှစ်ကာလများတွင် ပိုမိုအားကောင်းခိုင်မြဲလာလိမ့်မည်ဖြစ်ကြောင်း မိမိအနေဖြင့် ယုံကြည်ပါသည်။

မိမိအနေဖြင့် အခွင့်ကြုံခိုက် အဆွေတော်ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် စည်းလုံးညီညွတ်ပြီး ကြွယ်ဝချမ်းသာသော နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံ ဆက်လက်တိုးတက်စေရေးအတွက် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

## ဂျပန်နိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဂျပန်နိုင်ငံဧကရာဇ် နာရူဟီတိုထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

**အလားတူ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဂျပန်အစိုးရနှင့် ဂျပန်နိုင်ငံ ပြည်သူပြည်သားများကိုယ်စား မိမိအနေဖြင့် နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

မကြာသေးမီနှစ်များက ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ထိတွေ့ကူးလူးဆက်ဆံမှုများ တိုးမြင့်လာသည်ကို တွေ့မြင်ရသည့်အတွက် မိမိအနေဖြင့် အားရဝမ်းသာမိပါသည်။

ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် ဂျပန်နိုင်ငံအနေဖြင့် ဆက်လက်ကူညီထောက်ပံ့သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်သွားမည် ဖြစ်ပါသည်။

အဆွေတော်ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုများရရှိပါစေကြောင်း ဆုမွန်ကောင်း ပို့သလျက် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## စင်ကာပူသမ္မတနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မဒမ်ဟာလီမာ ယာကော့ဗ်ထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် စင်ကာပူနိုင်ငံ ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာ- စင်ကာပူ နှစ်နိုင်ငံခေါင်းဆောင်များအကြား အဆင့်မြင့်ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းနှင့် ပြည်သူအချင်းချင်းအကြား ခိုင်မာသည့် ထိတွေ့ဆက်ဆံမှုရှိနေခြင်းတို့ဖြင့် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်သည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးများကို တည်ထောင်ထားပါသည်။ အလားတူ နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများမှာလည်း ထွန်းကားလျက်ရှိပါသည်။ မိမိအနေဖြင့် နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားကို ရှေးရှု၍ နှစ်နိုင်ငံအကြားနှင့် အာဆီယံဒေသတွင်းကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာစေရေးအတွက် နီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားလိုပါသည်။

အဆွေတော်ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများရရှိပါစေရန်နှင့် မြန်မာပြည်သူများ ဆက်လက်၍ သာယာဝပြောမှုများရရှိစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## သြစတြေးလျဓနသဟာယနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ သြစတြေးလျဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် ဒေးဗစ်ဟာလေထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ မိမိအနေဖြင့် မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူ ပြည်သားများထံ သြစတြေးလျနိုင်ငံအစိုးရ၊ ပြည်သူများနှင့်အတူ ဆုမွန်ကောင်းများပို့သအပ်ပါသည်။

သြစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အတွက် ခိုင်ခိုင်မာမာ ထောက်ခံအားပေးခဲ့ပြီး ဆက်လက်၍လည်း ထောက်ခံအားပေးသွားမည်ဖြစ်ပါသည်။

လာမည့်နှစ်များတွင်လည်း မိမိတို့နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးသော ချစ်ကြည်ရင်းနှီးမှုများ ဆက်လက်တိုးတက်ခိုင်မာမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတ ဖရန့်ဝေါ်တာစတိုင်းမားထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတစ်နိုင်ငံ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်တို့သည် မရှိမဖြစ်လိုအပ်ပါသည်။ ယခုနှစ်အတွင်း ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် အရေးကြီးသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါသည်။ မြန်မာပြည်သူပြည်သားများအားလုံးအတွက် ပြည်တွင်းငြိမ်းချမ်းရေးကို မကြာမီကာလမှာ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

အဆွေတော်ဦးဆောင်သည့် လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ချက်သမ္မတနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ချက်သမ္မတနိုင်ငံ သမ္မတ မီလော့စ်ဇီမန်းထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုသည် ကဏ္ဍပေါင်းစုံ၌ ဆက်လက်ဖွံ့ဖြိုးတိုးတက်နက်ရှိုင်းလာမည်ဟု မိမိအနေဖြင့် ခိုင်မာစွာယုံကြည်ကြောင်း အခါအခွင့်ကြုံခိုက် ဖော်ပြလိုပါသည်။

အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ အနာဂတ်တွင် အောင်မြင်မှုများ ဆက်လက်ရရှိပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ဗြိတိန်နိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇ္ဇဘက်ဘုရင်မကြီးထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖော်ပြလျက် လာမည့်နှစ်တွင် အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားအပေါင်း ပျော်ရွှင်ပါစေကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင်ထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို မျှဝေခံစားခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား အပြုသဘောဆောင်သည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ အာရှ- ပစိဖိတ်ဒေသ၏ လုံခြုံရေးနှင့်တည်ငြိမ်ရေးတို့သည် ပိုမိုခိုင်မာလာပြီး နှစ်နိုင်ငံပြည်သူများအတွက်လည်း အကျိုးစီးပွားဖြစ်ထွန်းလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်ကျန်းမာ၍ အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားအပေါင်း ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စာမျက်နှာ ၇ သို့ ❖

❖ စာမျက်နှာ ၆ မှ

## ထိုင်းနိုင်ငံ

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ထိုင်းနိုင်ငံဘုရင်မင်းမြတ် မဟာဗဇိရာလောင်ကွန်းထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်ကျန်းမာရွှင်လန်း၍ မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများ သာယာချမ်းမြေ့ပါစေကြောင်းနှင့် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့ပြည်သူများအကြား တည်ရှိသည့် ခိုင်မာမြဲမြံသည့် ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများမှာ လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဟု အလေးအနက်ယုံကြည်ပါသည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် လီခချန်းထံမှ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိသည့် (၇၂) နှစ်ပတ်လည်အချိန်သမယတွင် ကျွန်တော်သည် အဆွေတော်အား လှိုက်လှဲစွာ ထောမနာဂုဏ်ပြုပါကြောင်းနှင့် ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြအပ်ပါသည်။

လွန်ခဲ့သောနှစ်များအတွင်း၌ မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးဖြစ်စဉ် တွန်းအားပေးခြင်း၊ လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ပြည်သူ့ဘဝအဆင့်အတန်းမြှင့်တင်ပေးခြင်း စသည့် နယ်ပယ်အသီးသီးတွင် အောင်မြင်မှုအသစ်များ အဆက်မပြတ်ရရှိခဲ့ပါသည်။

တရုတ်နိုင်ငံသည် ယခုနှစ် တရုတ်-မြန်မာသံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ် (၇၀) ပြည့်မြောက်သည့် အခွင့်အခါကောင်းယူပြီး နယ်ပယ်အသီးသီးရှိ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာနက်ရှိုင်းအောင်ဆောင်ရွက်ရန်၊ တရုတ်နှင့် မြန်မာနှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာစေရန် မြန်မာနိုင်ငံနှင့်အတူ ကြိုးပမ်းဆောင်ရွက်လိုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စည်ပင်သာယာ၍ မြန်မာပြည်သူပြည်သားအားလုံးဘဝ အေးချမ်းသာယာပါစေ၊ တရုတ်နှင့်မြန်မာ နှစ်နိုင်ငံဆက်ဆံရေး အဆက်မပြတ်ခိုင်မာပါစေ၊ ဖွံ့ဖြိုးတိုးတက်သွားပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## စင်ကာပူသမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် လီရှန်လွန်းထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှာ နှစ်ကာလကြာမြင့်စွာ နွေးထွေးသောဆက်ဆံရေးကို တည်ထောင်ထားပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ဘဏ္ဍာရေး၊ ဥပဒေရေးရာ၊ အခြေခံအဆောက်အဦ၊ ပညာရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများအပါအဝင် ကဏ္ဍအများအပြားတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်းက ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် မြန်မာ-စင်ကာပူဝန်ကြီးအဆင့် ပူးတွဲလုပ်ငန်းကော်မတီအစည်းအဝေးတွင် နှစ်နိုင်ငံအကြားလက်မှတ်ရေးထိုးခဲ့သည့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်သည် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။ နှစ်နိုင်ငံပြည်သူများနှင့် လုပ်ငန်းရှင်များ၏ ဘုံအကျိုးစီးပွားအတွက် မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာလာရန် မျှော်လင့်ထားပါသည်။

အဆွေတော် ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများ ဆက်လက်ရရှိပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ချက်သမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် အန်းဒရက်ဘာဘိစ်ရှ်ထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော် ပရာ့ဂ်မြို့သို့ တရားဝင်ခရီးစဉ်လာရောက်ခဲ့စဉ်က ဆွေးနွေးခဲ့ကြသည့် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် ကဏ္ဍပေါင်းစုံတွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုများရရှိလိမ့်မည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

အဆွေတော်ကျန်းမာ၍ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ပိုလန်သမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပိုလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မာတဲအုဗ်ရှ်မိုရာဗစ်ချ်ထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပိုလန်အစိုးရကိုယ်စား အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးအသွင်ကူးပြောင်းမှုများ အောင်မြင်သကဲ့သို့ မြန်မာပြည်သူပြည်သားများ တည်ငြိမ်အေးချမ်းပါစေကြောင်း မိမိတို့အနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ဆက်ဆံရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါသည်။ မြန်မာနှင့် ပိုလန်နိုင်ငံတို့အကြား အပြန်အလှန်အကျိုးဖြစ်ထွန်းနိုင်မည်ဟုလည်း မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါတယ်။ စီးပွားရေးကဏ္ဍ၏ နယ်ပယ်များဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဲ့သို့သော ကဏ္ဍများမှာ ပိုလန်နိုင်ငံ၏အတွေ့အကြုံနှင့် နည်းပညာပိုင်းဆိုင်ရာတို့သည် မြန်မာပြည်သူပြည်သားများအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေနိုင်ရန် ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။

အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် အဆွေတော်ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ဆာဘီးယားသမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဆာဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် အာနာဘာနာဘိ(ချ်)ထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဆာဘီးယားအစိုးရကိုယ်စား မိမိအနေဖြင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူပြည်သားများ ဆက်လက်ဖွံ့ဖြိုးတိုးတက် အောင်မြင်ပါစေကြောင်းနှင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ဆာဘီးယားနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့သည် လာမည့်နှစ်များတွင် ပိုမိုတိုးမြင့်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ မိမိတို့နှစ်နိုင်ငံအကြား နိုင်ငံရေးဆွေးနွေးပွဲနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးတို့သည် နှစ်နိုင်ငံဆက်ဆံရေး၏ အရည်အသွေးမြင့်လာစေမည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

ဆာဘီးယားသမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့အတွက် မြန်မာနိုင်ငံ၏ ခိုင်ခိုင်မာမာထောက်ခံအားပေးမှုများကို ဆာဘီးယားနိုင်ငံအနေဖြင့် ကျေးဇူးအထူးတင်ရှိပါသည်။ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို အနာဂတ်တွင်လည်း ဆက်လက်ထိန်းသိမ်းပေးသွားမည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာစေရေးတို့အတွက် မကြာမီဖော်ဆောင်နိုင်မည့်အခြေအနေဖြစ်လာမည်ဟုလည်း မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များအား အဆွေတော်နှင့် အမြင်ချင်းဖလှယ်နိုင်မည့် အခွင့်အလမ်းရရှိနိုင်မည်ဟု မိမိအနေဖြင့် မျှော်လင့်ပါသည်။

## ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ဗီယက်နမ်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ခင်မင်ရင်းနှီးစွာ ပြောကြားလိုပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း(၇၀)ကျော်ကာလအတွင်း မြန်မာပြည်သူပြည်သားများရရှိခဲ့သည့် အောင်မြင်ဖြစ်ထွန်းမှုများအတွက် မိမိတို့အနေဖြင့်လည်း ဝမ်းမြောက်ပါသည်။ အဆိုပါရရှိပြီးဖြစ်သည့် အောင်မြင်မှုအသီးအပွင့်များမှတစ်ဆင့် မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများတွင် ပိုမိုအောင်မြင်မှုများ ရရှိစေမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အရေးပါသည့်ကဏ္ဍမှ ပိုမိုတိုးမြှင့်ပါဝင်နိုင်လိမ့်မည်ဟု ခိုင်မာစွာ ယုံကြည်ပါသည်။

မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအကြား အစဉ်အလာအရရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့်ထူထောင်ထားရှိသည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးမှာလည်း ၂၀၁၉ ခုနှစ်အတွင်း ထူးခြားကောင်းမွန်သည့် ဖွံ့ဖြိုးတိုးတက်မှုများရရှိလာခဲ့သည်ကို တွေ့မြင်နေရပါသည်။ မကြာသေးမီကာလအတွင်း မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်သွားရောက်ခဲ့ကြသည့် အဆင့်မြင့်ခရီးစဉ်များမှ ထွက်ပေါ်လာသော အကျိုးရလဒ်များမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွား၊ ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအကြား ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကို အနှစ်သာရပြည့်ဝစွာ ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ကိုရီးယားသမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာမွန်ဂျေအင်းထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများထံ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း မိမိအနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် ကိုရီးယားသမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် (၄၅) နှစ်ပြည့်မြောက်မည်ဖြစ်ရာ ယခုအချိန်အထိ မိမိတို့နှစ်နိုင်ငံအကြား ပြုစုပျိုးထောင်ရရှိထားသည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအသီးအပွင့်များ ပိုမိုခံစားရရှိမည်ဟု မျှော်လင့်ပါသည်။ ၂၀၁၉ ခုနှစ် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးတို့တွင် ဆွေးနွေးရရှိခဲ့သည့် သဘောတူညီချက်များအား အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါသည်။ အဆွေတော်နှင့် အနာဂတ်တွင်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားလိုပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်း၊ အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာယာဝပြောမှုများ အစွန့်ရှည်ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် ဒီမီထရီမက်ဒ်ဗီဒက်ဗ်ထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏အစိုးရကိုယ်စား မိမိအနေဖြင့် အဆွေတော်ထံသို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေးမှုအပေါ်အခြေခံသည့် မြန်မာ-ရုရှားဆက်ဆံရေးသည် စဉ်ဆက်မပြတ် ဆက်လက်တိုးတက်လျက်ရှိပါသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုများအပြင် ပူးပေါင်းအကောင်အထည်ဖော်ရန် အခွင့်အလမ်းရှိသော အကျိုးတူစီမံကိန်းများ၊ စွမ်းအင်၊ စက်မှု၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြားနယ်ပယ်များ၌ ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်သွားခြင်းဖြင့် မိမိတို့နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ပိုမိုအားဖြည့်ဖော်ဆောင်ပေးသွားမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်း၊ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားအပေါင်း ကျန်းမာ၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

---

❖ မြန်မာ ယူ-၁၉ အသင်းမှ

အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ၂၀၁၈ နှင့် ၂၀၁၉ ရာသီကလည်း MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယင်းအသင်းမှ ကစားသမားများမှာ ပြိုင်ပွဲများဆက်တိုက် ကစားရသောကြောင့် အရည်အသွေးပိုင်း ပိုမိုတိုးတက်လာပြီး ၂၀၁၉ ခုနှစ်တွင် နိုင်ငံတကာပြိုင်ပွဲများ၌ ထိုက်သင့်သည့် အောင်မြင်မှုများရယူနိုင်ခဲ့သလို ၂၀၁၉ ရာသီ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင်လည်း ချန်ပီယံဆုရယူနိုင်ခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းအသင်းကို ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကာလရှည်လေ့ကျင့်ပေးသွားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်တွင် အဓိကပြိုင်ပွဲအဖြစ် ဩဂုတ်လ နောက်ဆုံးပတ်၌ကျင်းပမည့် ၂၀၂၀ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲမတိုင်မီ ကျင်းပမည့် ဖိတ်ခေါ်ပြိုင်ပွဲများတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ပထမဆုံးယှဉ်ပြိုင်မည့် ၂၀၂၀ ရာသီ MNL-2 အမှတ်ပေးပြိုင်ပွဲတွင် Chinland အသင်း၊ မောရဝတီအသင်း၊ ကချင်ယူနိုက်တက်အသင်း၊ မြဝတီအသင်း၊ ငွေကြယ်ပွင့်အသင်း၊ တက္ကသိုလ်အသင်း၊ ယောမြေအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းတွင် ရွေးချယ်ထားသည့် ကစားသမားအများစုမှာ အသက် ၁၇ နှစ်ဝန်းကျင်သာရှိသေးသည့်အပြင် ၂၀၁၉ ခုနှစ်တွင် ယှဉ်ပြိုင်ခဲ့သည့် ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင်လည်း ထိုက်သင့်သည့် အောင်မြင်မှုများရခဲ့ခြင်း၊ ကစားသမားများ၏ ခြေစွမ်းမှာလည်း တိုးတက်မှုရှိလာခြင်းတို့ကြောင့် ရေရှည်ပြုစုပျိုးထောင်ပါက မြန်မာ့ဘောလုံးလောကအတွက် အားထားရမည့်သူများ ဖြစ်လာနိုင်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွှန့်**

# အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းပေးနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၀)ကိုလည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၂၀)ကိုလည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၂၀)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၀)ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၆/၂၀၂၀)ကိုလည်းကောင်း၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၂၀) ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၂၀)ကိုလည်းကောင်း ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်းသိရသည်။ **သတင်းစဉ်**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာ**

**အမှတ်၁ / ၂၀၂၀**

**၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက် )**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

**အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသုမန၊ ပန်းငွေရုံတောရစာသင်တိုက်၊ မဒေါက်မြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တစိန္တာသာရ၊ သံဃာရာမကျောင်းတိုက်၊ စိုးကောမင်းရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တကေလာသ၊ ချောင်းဒေါင်းစာသင်တိုက်၊ အမှတ်၂၀-ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တအဂ္ဂဉာဏာဘိဝံသ၊ စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဇောတိပါလ၊ မြို့လယ်ကျောင်းစာသင်တိုက်၊ ကျောင်းပိုင်းရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်

၆။ ဘဒ္ဒန္တကောဝိဒဓဇ၊ ကျောက်ကုန်းတောရမေဒိနီစာသင်တိုက်၊ အမှတ် ၁၄- ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ် ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသြဘာသ၊ အောင်မင်္ဂလာကျောင်းတိုက်၊ ဆားမှော်ကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တပညာဝံသ၊ နန်းဦးစာသင်တိုက်၊ အင်ကြင်းပင်ကျေးရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တမေဓိယ၊ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တကုမာရသိရီ၊ ဇောင်ကြမ်းပင်စာသင်တိုက်၊ အေးသာယာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တကောသလ္လ၊ ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တသုဇန၊ သာသနာ့ဇောတိကစာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တနာဂသေနာဘိဝံသ၊ သာသနာ့သိပ္ပံကျောင်းတိုက်၊ ဆားရွှေကင်းရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဥက္ကဋ္ဌ၊ သဲကုန်းကျောင်း၊ တောင်ပြင်ထီးလင်းတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တပညာသာရ၊ ပြည်တော်အေးကျောင်းတိုက်၊ ရှမ်းပွဲရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၁၀။ ဒေါက်တာဘဒ္ဒန္တနန္ဒာစရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဝိဝေကာနန္ဒ၊ မဟာရင်စာသင်တိုက်၊ ကတိုးကျေးရွာ၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်

၁၂။ ဘဒ္ဒန္တနန္ဒသာရ၊ အလယ်ကျောင်းစာသင်တိုက်၊ မြို့မဈေးရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်

၁၃။ ဒေါက်တာဘဒ္ဒန္တပညာသာမိ၊ အောင်မင်္ဂလာကျောင်းတိုက်၊ အောင်တပ်ရပ်ကွက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်

၁၄။ ဘဒ္ဒန္တသာသန၊ ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက်၊ ဈ / တောင် ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တဇောတာလင်္ကာရ၊ ကျိုက်ဝိုင်းဒက္ခိဏာရုံကျောင်းတိုက်၊ အမှတ် ၃ - ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တပဉ္ဉောဘာသ၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ် ၅ - ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တစန္ဒဇောတိ၊ မစိုးရိမ်စာသင်တိုက်၊ ကံကြီး/မကျီးရပ်ကွက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဇာဂရ၊ မြသိန်းတန်စာသင်တိုက်၊ အမှတ် ၁၀ - ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဒေါက်တာဘဒ္ဒန္တကုလေန္ဒောဘာသာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇ - ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တကေသရ၊ မွန်ပရိယတ္တိစာသင်တိုက်၊ ရဲရိပ်သာရပ်ကွက်၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တမေတ္တေယျ၊ ဝိဇ္ဇောတာရုံစာသင်တိုက်၊ အမှတ် ၉ - ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

၂၂။ ဘဒ္ဒန္တသုစိတ္တာဘိဝံသ၊ အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်၊ အမှတ် ၆၁ - ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တဓမ္မာလင်္ကာရ၊ သဒ္ဓမ္မဇောတိကာရာမ(ပါဠိတက္ကသိုလ်)တောင်ပေါ်ကျောင်းတိုက်၊ အမှတ် ၁၅ - ရပ်ကွက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တသံဝရာဘိဝံသ၊ ရွှေရေးဆောင်တိုက်၊ မြို့သစ်ရပ်ကွက်၊ ငါးသိုင်းချောင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ဘိုးသိန်းတန်ကျောင်းတိုက်၊ ညောင်ပင်ရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၂၆။ ဘဒ္ဒန္တဉာဏိန္ဒာဘိဝံသ၊ ပရိယတ္တိမင်းကျောင်းတိုက်၊ အမှတ် ၃ - ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၂၇။ ဒေါက်တာဘဒ္ဒန္တဖရာထေပ္ပဝရာမေထိ၊ မဟာချူလာလောင်ကွန်ရာဇဝိဒယလျတက္ကသိုလ်၊ ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ

၂၈။ Venerable Professor Kotapitiye Rahula Anunayaka Thero၊ သီရိလင်္ကာနိုင်ငံ

၂၉။ ဘဒ္ဒန္တဖရာဆိုဖုံဗာချီရာဘွန်၊ ဝပ်အရွန်ရာဇဗာရာရမ်ကျောင်း၊ ဝမ်ဒိုအမ်ရပ်ကွက်၊ ထုံဘူရီ၊ ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ

**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဉာဏဝံသ၊ သစ်ပုံစာသင်တိုက်၊ ရှမ်းစုရပ်ကွက်၊ နန်းမားမြို့၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တဉာဏိကာဘိဝံသ၊ သတ္တဋ္ဌာနမစိုးရိမ်ကျောင်းတိုက်၊ မင်းကွန်းကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တပဏ္ဍဝံသ၊ ရွှေဘုန်းရှံသီစာသင်တိုက်၊ နန်းဦးမြို့သစ်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ မစိုးရိမ်တိုက်သစ်၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၅။ ဘဒ္ဒန္တသူရိယာဘိဝံသ၊ မင်းကျောင်းစာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တနိမ္မလ၊ စိတ္တသုခစာသင်တိုက်၊ ကျွဲပွဲမြို့၊ အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တသာသနဓဇ၊ တိုက်ကျောင်းပါဠိတက္ကသိုလ်စာသင်တိုက်၊ ဈေးချိုတောင်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တသာသန၊ မဟာဝိသုတာရာမစာသင်တိုက်၊ မစိုးရိမ်ရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တသီဟနာဒ၊ ရတနာပုံကျောင်း၊ မဟာဓမ္မိကာရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တဝိစိတ္တ၊ မြတ်ရွှေဂူစာသင်တိုက်၊ လက်ယားတောင်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တစန္ဒောဘာသ၊ ဝမ်းတော်ပြည့်စာသင်တိုက်၊ ကျည်တော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တအာဝုဓ၊ မဟာသုန္ဒရာရာမစာသင်တိုက်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၃။ ဒေါက်တာဘဒ္ဒန္တကုမုဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တကောသလ္လ၊ အတုလရန်အောင်စာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၁၅။ ဘဒ္ဒန္တကုန္ဒာစရိယ၊ ဂျုံးဂျုံးကျတောရစာသင်တိုက်၊ မြို့မ ၄ - ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်

၁၆။ ဘဒ္ဒန္တကုန္ဒာစရိယ၊ ပရိယတ္တိဓမ္မိကာရုံကျောင်းတိုက်၊ အောက်ရွာပိုင်းရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်

၁၇။ ဒေါက်တာဘဒ္ဒန္တခေမာလင်္ကာရ၊ အရှင်ဥတ္တမသာရစာသင်တိုက်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဝိစိတ္တဉာဏ၊ မဟာအောင်မြေဘုံစံကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တပဏ္ဍိတ၊အသောကသီတဂူစာသင်တိုက်၊ အမှတ်(၁၆ / ၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တကောဏ္ဍည၊ ရန်ကြီးအောင်စာသင်တိုက်၊ အမှတ် ၁-ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တဥက္ကံသ၊ ပြသတိုက်ကျောင်းတိုက်၊ ပြသတိုက်ကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တကုန္ဒကသာရာဘိဝံသ၊ အလယ်ကျောင်းစာသင်တိုက်၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တဉာဏောဘာသာလင်္ကာရ၊ ဘုရားသုံးဆူစာသင်တိုက်၊ နန္ဒွင်းကုန်းရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသ၊ မဟာဓမ္မိကာရာမစာသင်တိုက်၊ ကံသာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၂၅။ ဘဒ္ဒန္တသုနန္ဒ၊ မြို့လယ်စာသင်တိုက်၊ အမှတ်၂-ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၂၆။ ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ ရွှေဟင်္သာတောရကျောင်းတိုက်၊ အမှတ် ၇-ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၂၇။ ဒေါ်ကေတုဝတီ၊ ဂူနီချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၈။ ဒေါ်သုစာရီ၊ သာသနာမဥ္ဇူယင်းမာမြိုင်သီလရှင်စာသင်တိုက်၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၉။ ဒေါ်စန္ဒာသိရီ၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရွာမရပ်ကွက်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး

၃၀။ ဒေါ်ကုလဉာဏီ၊ သဒ္ဓမ္မပါလသီလရှင်စာသင်တိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၁။ ဒေါ်ဂုဏထေရီ၊ ဓမ္မဂုဏ်ရည်သီလရှင်စာသင်တိုက်၊ ၁၆ - ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသီလာနန္ဒ၊ ဓမ္မရက္ခိတဝန်းသိုစာသင်တိုက်၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တပဏ္ဍိတ၊ ရတနာသီရိစာသင်တိုက်၊ လောဓမ္မရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၃။ ဘဒ္ဒန္တဥတ္တရ၊ ဓမ္မဝါသီစာသင်တိုက်၊ အမှတ် ၅ - ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၄။ ဘဒ္ဒန္တဥတ္တမ၊ ကော့ပေါက်ရွှေကျောင်းစာသင်တိုက်၊ ကော့ပေါက်စံပြကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်

၅။ ဘဒ္ဒန္တဇနိန္ဒ၊ တိုက်ဝါကြီးကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တတိဿ၊ အုန်းတောစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၇။ ဘဒ္ဒန္တတေဇဝန္တ၊ ဓမ္မိကစာသင်တိုက်၊ မြို့မရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဝိစိတ္တဇောတိက၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

**စာမျက်နှာ ၉ သို့ »»**

»» စာမျက်နှာ ၈ မှ

၉။ ဘဒ္ဒန္တကောဝိဒဇောတိ၊ သုခိတာရာမစာသင်တိုက်၊ အမှတ် ၁၁- ရတနာပုံရပ်ကွက်၊ ဥသျှစ်ပင်မြို့၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၀။ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ မင်းကျောင်းပရိယတ္တိပဋိပတ္တိသာသနာပြုကျောင်းတိုက်ကြီး၊ ကျောင်းစုရပ်ကွက်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တရေဝတ၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဝိစိတ္တာစာရ၊ မဟာဝိဇယာရာမပါဠိတက္ကသိုလ်(အရှေ့တိုက်)၊ အမှတ် ၁-ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တသုန္ဒရ၊ မဟာဝိသုတာရာမစာသင်တိုက်၊ မစိုးရိမ်ရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တဝီရိယသာရ၊ သာသနဝေပုလ္လပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တရေဝတ၊ တောင်ပြင်ထီးလင်းတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တသုမင်္ဂလ၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တဥတ္တမသာရာလင်္ကာရ၊ မဟာမြိုင်ကျောင်းတိုက်၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တအာစိဏ္ဏ၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တဓမ္မပါလ၊ အဘယာရာမမိုးထိတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တနန္ဒဝံသာလင်္ကာရာဘိဝံသ၊ မြဘယက် သာမဏေကျော်ကျောင်းတိုက်၊ တံခွန်တိုင်ဈေးတန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တဝရသုခ၊ ခေမာသီဝံစာသင်တိုက်၊ စံပြရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တပညာသာမီဘိဝံသ၊ မဏိရတနာရာမမြတောင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၃။ ဒေါက်တာဘဒ္ဒန္တစန္ဒာဝရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တမေဃိယ၊ လောကနန္ဒာစာသင်တိုက်၊ သီရိပစ္စယာရပ်ကွက်၊ ပုဂံမြို့၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တမင်္ဂလာဘိဝံသ၊ အသောကာရာမမွန်စာသင်တိုက်၊ မြို့မ(၃)ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်

၂၆။ ဘဒ္ဒန္တနန္ဒိယ၊ အရှေ့ကံ့ကော်စာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၂၇။ ဘဒ္ဒန္တစန္ဒာဝရ၊ အောင်မြေရတနာစာသင်တိုက်၊ ဈေးဟောင်းပိုင်းရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်

၂၈။ ဘဒ္ဒန္တဝိမလာနန္ဒ၊ သုံးပါးရတနာစာသင်တိုက်၊ လေးဒေါင့်ကန်(စံပြ)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ဘဒ္ဒန္တအဘိဇာတ၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၀။ ဘဒ္ဒန္တတေဇနိယ၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၁။ ဘဒ္ဒန္တဇနက၊ ကျောက်ကုန်းတောရမေဒိနီစာသင်တိုက်၊ အမှတ် ၁၄-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ဘဒ္ဒန္တဇောတိက၊ ဇေတဝန်အောင်စံစာသင်တိုက်၊ အမှတ် (၁၄ / ၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ဘဒ္ဒန္တသဇ္ဇန၊ ဇောတနာရာမစာသင်တိုက်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၄။ ဘဒ္ဒန္တသောဘိတ၊ ကမ္ဘာအေးရွှေနှင်းဆီစာသင်တိုက်၊ အမှတ်၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ဘဒ္ဒန္တစန္ဒိမာ၊ မြသိန်းတန်စာသင်တိုက်၊ အမှတ်၁၀- ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၆။ ဘဒ္ဒန္တပဏ္ဍိတ၊ ကျောက်ပန်းတောင်းကျောင်းစာသင်တိုက်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၇။ ဘဒ္ဒန္တသောဘန၊ အောင်မော်စံစာသင်တိုက်၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၈။ ဘဒ္ဒန္တကုသလ၊ သဒ္ဓမ္မပါလစာသင်တိုက်၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၉။ ဒေါက်တာဘဒ္ဒန္တကေတု၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်၇-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၀။ ဒေါက်တာဘဒ္ဒန္တကုန္ဒာလင်္ကာရ၊ ကျိုက်သီမွန် ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၁။ ဒေါက်တာဘဒ္ဒန္တပညာဝံသာဘိဝံသ၊ ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်၊ အမှတ်-၅ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၂။ ဘဒ္ဒန္တသုဇာတ၊ သဒ္ဓမ္မသိဒ္ဓိစာသင်တိုက်၊ အမှတ်၁၁-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၃။ ဘဒ္ဒန္တသုမင်္ဂလ၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၄။ ဘဒ္ဒန္တနန္ဒိယ၊ ဖက်ပင်အိုင်စာသင်တိုက်၊ ဇ/ မြောက်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၅။ ဒေါက်တာဘဒ္ဒန္တနရိန္ဒ၊ ကျောင်းပန်စာသင်တိုက်၊ အမှတ်၃-ရပ်ကွက်၊ လဲချားမြို့၊ ရှမ်းပြည်နယ်

၄၆။ ဘဒ္ဒန္တဇာဂရ၊ နန္ဒာရုံစာသင်တိုက်၊ အမှတ်၁၂-ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၄၇။ ဘဒ္ဒန္တရေဝတာလင်္ကာရ၊ ပစ္ဆိမာရုံစာသင်တိုက်၊ အမှတ်၉-ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၄၈။ ဒေါ်အဓိနဝတီ၊ ခေမေသကချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၉။ ဒေါ်နန္ဒမာလာ၊ ခေမာသိရီသီလရှင်စာသင်တိုက်၊ မြသလွန်ကုန်းမြေ၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၅၀။ ဒေါ်စန္ဒကလျာ၊ သီတာစောသင်တိုက်၊ အမှတ်၃-ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၅၁။ ဒေါ်ဝိသုဒ္ဓိ၊ အမတသုခသီလရှင်စာသင်တိုက်၊ တအုံကျေးရွာ၊ စဥ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

**ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ မဟာဝိဟာရစာသင်တိုက်၊ ကော့ဗိန်းရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်

၂။ ဘဒ္ဒန္တဝိမလ၊ ဓမ္မမေတ္တာစာသင်တိုက်၊ ပါရမီရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဥဇ္ဇောတ၊ မဟာလယ်တီကျောင်းတိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တအဂ်ရ၊ မဟာဘုံစံစာသင်တိုက်၊ အမှတ်၆-ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဇဋိလ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ အောင်မြေမာန်ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တကောဏ္ဍည၊ ငွေတောင်တောရစာသင်တိုက်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၇။ ဘဒ္ဒန္တဉာဏသိရီ၊ အေးမြရွှေပြည်ကျောင်းတိုက်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၈။ ဘဒ္ဒန္တစန္ဒောဘာသ၊ ပေါက်မြိုင်စာသင်တိုက်၊ အမှတ်၆-ရပ်ကွက်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၉။ ဘဒ္ဒန္တစာရိတ္တ၊ သဒ္ဓမ္မဝေပုလ္လစာသင်တိုက်၊ ဒိုးနွယ်ကျေးရွာအုပ်စု၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၁၀။ ဘဒ္ဒန္တကုမုဒါနန္ဒာလင်္ကာရ၊ မဟာလယ်တီစံစာသင်တိုက်၊ ရန်အောင် ၁-ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၁။ ဘဒ္ဒန္တမဟိန္ဒ၊ ပညာဇောတာရုံစာသင်တိုက်၊ အမှတ်၂- ရပ်ကွက်၊ ပေါက်ခေါင်းမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဝါစိဿရ၊ မြို့လယ်စာသင်တိုက်၊ ဇီးကုန်းကလေးရပ်ကွက်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ဆုကြီးပန်ကျောင်းတိုက်၊ အမှတ်၁၅ - ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တသုဒဿန၊ မဟာဝိဇယာရာမပါဠိတက္ကသိုလ်(အရှေ့တိုက်)၊ အမှတ် ၁-ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တသုဒဿန၊ သူဌေးကျောင်း၊ ရွှေရေးဆောင်ကျောင်းတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တပညာဓိက၊ ဒဟတ္တောစာသင်တိုက်၊ ဒဟတ္တော / မြင်းကလေးရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၇။ ဒေါက်တာဘဒ္ဒန္တပရမ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဝေပုလ္လ၊ ဆေးဒါန်းတောင်ကျောင်း၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တဝေပုလ္လသာမိ၊ မဟာဝိဇိတာရုံစာသင်တိုက်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တဇောတိက၊ သုခဝတီစာသင်တိုက်၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရာဘိဝံသ၊ သာမဏေကျော်စာသင်တိုက်၊ တောင်နံ့သာကွက်သစ်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တဝရသာမိ၊ တိုက်ကျောင်းစာသင်တိုက်၊ တရုတ်စုရပ်ကွက်၊ စဥ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တမုနိန္ဒာလင်္ကာရ၊ ညောင်သုံးပင်သာမဏေကျော်စာသင်တိုက်၊ ညောင်သုံးပင်ရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ပရိယတ္တိသာသနပါလမွန်ကျောင်းတိုက်၊ အောင်ဇေယျရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်

၂၅။ ဘဒ္ဒန္တပညာနန္ဒ၊ သာသနဝေပုလ္လာရာမကျောင်းတိုက်၊ ကော့ခပုံ စံပြကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

၂၆။ ဘဒ္ဒန္တပညာဇေ၊ ရတနာဘုံမြေကျောင်းတိုက်၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

၂၇။ ဘဒ္ဒန္တသုန္ဒရ၊ သျှစ်သောင်းစာသင်တိုက်၊ ညောင်ပင်ဈေးရပ်ကွက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်

၂၈။ ဘဒ္ဒန္တပဏ္ဍိတသာရ၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်စာသင်တိုက်၊ ကြီးပွားရေးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ဘဒ္ဒန္တဂန္ဓသာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်၇-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၀။ ဘဒ္ဒန္တပညာသိရီ၊ ဓမ္မမေဒနီစာသင်တိုက်၊ ဇ/တောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၁။ ဒေါက်တာဘဒ္ဒန္တဉာဏောဘာသ၊ ပရိယတ္တိ သာသနာ့ဂုဏ်ရည်ကျောင်းတိုက်၊ လေးထောင့်ကန်စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ဘဒ္ဒန္တကေသရ၊ ဂုဏ်ရည်လွင်စာသင်တိုက်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ဘဒ္ဒန္တနန္ဒဝံသ၊ မိုးကောင်းပရိယတ္တိစာသင်တိုက်၊ နှောကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၄။ ဘဒ္ဒန္တကုဏ္ဍလ၊ ဝိဇာတဗိမာန်မိုးကုတ်ရိပ်သာစာသင်တိုက်၊ အတွင်းပဒံရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ဘဒ္ဒန္တဝိဒလ၊ အောင်မြေလောကစာသင်တိုက်၊ အမှတ်၂- ရပ်ကွက်၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၆။ ဒေါက်တာဘဒ္ဒန္တနာရဒ၊ မြို့ဦးစာသင်တိုက်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၇။ ဒေါက်တာဘဒ္ဒန္တစန္ဒမုခ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၈။ ဒေါက်တာဘဒ္ဒန္တမေဓာနန္ဒ၊ အောင်ချမ်းသာစာသင်တိုက်၊ အမှတ်၁၁-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၉။ ဘဒ္ဒန္တဝိမလ၊ စစ်ကိုင်းစာသင်တိုက်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၀။ ဘဒ္ဒန္တဥတ္တမသိရီ၊ နေနတ်သားစာသင်တိုက်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၁။ ဘဒ္ဒန္တခေမိန္ဒ၊ ဝိမလာရာမနတ်ညွှန်းစာသင်တိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၂။ ဘဒ္ဒန္တဇနက၊ အောင်မင်္ဂလာစာသင်တိုက်၊ ပန်ဆိုင်း(ကြူကုတ်)မြို့၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်

၄၃။ ဘဒ္ဒန္တဝိဇေယျ၊ မြို့လယ်မင်္ဂလာရုံကျောင်းတိုက်၊ အမှတ်၃-ရပ်ကွက်၊ သိန္နီမြို့၊ ရှမ်းပြည်နယ်

၄၄။ ဘဒ္ဒန္တခေမိန္ဒ၊ ပရိယတ္တိမင်းကျောင်းတိုက်၊ အမှတ်၃ -ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၄၅။ ဒေါ်ယုစန္ဒာ၊ ထေရဝါဒဗုဒ္ဓသာသနာပြု စန္ဒာရာမသီလရှင်စာသင်တိုက်၊ ကျွန်းတောရပ်ကွက်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်

၄၆။ ဒေါ်ယုသိင်္ဂီ၊ ဇေယျသိင်္ဂီသီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၇။ ဒေါ်နန္ဒမာနီ၊ ပြင်ကြီးသာသနဝေပုလ္လသီလရှင်စာသင်တိုက်၊ တပင်ရွှေထီးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၄၈။ ဒေါ်ခေမာသီ၊ သာသနဝေပုလ္လကာရီ ပရဟိတသီလရှင်စာသင်တိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၄၉။ ဒေါ်ဓမ္မိကဝတီ၊ ကမ္ဘောဇသီလရှင်စာသင်တိုက်၊ အမှတ်၃-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၀။ ဒေါ်သောဘဏာဉာဏီ၊ ရွှေမြိုင်သီရိသီလရှင်စာသင်တိုက်၊ အမှတ်၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၁။ ဒေါ်ဝိဇ္ဇေသီ၊ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီမြန်အောင် သီလရှင်စာသင်တိုက်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၂။ ဒေါ်သေဓိကာ၊ ဇေယျဝါဒီသီလရှင်စာသင်တိုက်၊ လှည်းရိုးရပ်ကွက်၊ အောင်ပန်းမြို့၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်

**မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသုနန္ဒ၊ ဓမ္မရုံသီမိုးကုတ်ရိပ်သာကျောင်းတိုက်၊ ကုန်းမြင့်သာယာရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တဝိဇ္ဇောဘာသာလင်္ကာရ၊ ရွာဦးကျောင်းတိုက်၊ ပေါင်းလောင်းလေးကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဒေဝိန္ဒ၊ ဘော်ကြိုဘုရားကြီးကျောင်းတိုက်၊ ဘော်ကြိုကျေးရွာ၊ သီပေါမြို့နယ်၊ ရှမ်းပြည်နယ်

၄။ ဘဒ္ဒန္တဉာဏသိရီ၊ မဟာဗောဓိကမ္မဋ္ဌာန်းကျောင်းတိုက်၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်

(ဆက်လက်ဖော်ပြပါမည်)

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၂ / ၂၀၂၀**
**၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်**
**( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက် )**

**နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-**

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**

**သရေစည်သူဘွဲ့**

၁။ ဦးအောင်ကိုဝင်း နာယက၊ ကမ္ဘောဇဘဏ်လီမိတက်

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့များ**

**သီဟသူရဘွဲ့**

၁။ ကြည်း ၃၄၆၁၈ ဒုတိယဗိုလ်မှူးကြီး အေးမင်းအောင် အမှတ် ( ၅၆၄)ခြေမြန်တပ်ရင်း

**သူရဘွဲ့**

၁။ ကြည်း ၃၆၁၆၇ ဗိုလ်မှူး ရန်နိုင်ဦး အမှတ်(၅၆၄)ခြေမြန်တပ်ရင်း
၂။ ကြည်း ၆၀၀၀၉ ဗိုလ်ကြီး ဇော်ဦးလွင် စစ်တက္ကသိုလ်
၃။ အမှတ် ၇၉၈၈၁၁ ဒုတိယအရာခံဗိုလ် ထွန်းဝေ အမှတ်(၅၆၄)ခြေမြန်တပ်ရင်း

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ**

**ဇေယျကျော်ထင်ဘွဲ့**

၁။ လေ ၁၉၈၂ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းအောင် စစ်ဦးစီးအရာရှိချုပ်(လေ)
ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)
၂။ ကြည်း ၁၉၆၆၂ ဗိုလ်ချုပ် လင်းအောင် တိုင်းမှူး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်
၃။ ကြည်း ၂၀၇၃၅ ဗိုလ်ချုပ် သက်ပုံ တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်
၄။ ကြည်း ၂၀၂၁၉ ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး တွဲဖက်စစ်ရေးချုပ်၊ စစ်ရေးချုပ်ရုံး
၅။ ကြည်း ၁၉၅၉၀ ဗိုလ်ချုပ် ကိုလေး ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်
တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး
၆။ ကြည်း ၂၃၁၇၀ ဗိုလ်ချုပ် သက်ထွန်းဦး တပ်ထိန်းချုပ်၊ တပ်ထိန်းချုပ်ရုံး
၇။ ကြည်း ၁၉၇၄၇ ဗိုလ်ချုပ် ခင်မောင်သန်း ဦးဆောင်ညွှန်ကြားရေးမှူး
ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး
၈။ ကြည်း ၁၅၅၁၁ ဗိုလ်ချုပ် အောင်မျိုးမင်း(ငြိမ်း) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
၉။ ကြည်း ၁၄၉၉၆ ဗိုလ်ချုပ် တင်အေး(ငြိမ်း) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
၁၀။ ကြည်း ၁၈၁၈၇ ဗိုလ်ချုပ် တင်အောင်ချစ်(ငြိမ်း) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
၁၁။ ရေ ၃၃၈၁ ဗိုလ်ချုပ် မြင့်ဦး(ငြိမ်း) ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)

**အလင်္ကာကျော်စွာဘွဲ့**

၁။ ဦးစိန်စတင်း(ခ)ဦးတင်မောင် ဆိုင်းပညာရှင်

**သီပွကျော်စွာဘွဲ့**

၁။ ဦးထွန်းအောင်ချိန် ဘာသာရပ်ဆိုင်ရာပညာရှင်
၂။ ဒေါက်တာတိုးလှ ဘာသာရပ်ဆိုင်ရာပညာရှင်
၃။ ဦးကျော်ဝင်း ဘာသာရပ်ဆိုင်ရာပညာရှင်

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

၁။ ကြည်း ၂၃၇၄၀ ဗိုလ်မှူးကြီး အောင်ဝင်းသန့် အမှတ်(၉၀၅) အမြောက်စစ်ဆင်ရေး
ကွပ်ကဲမှုဌာနချုပ်
၂။ ကြည်း ၂၈၀၆၂ ဗိုလ်မှူးကြီး မျိုးဆက်အောင် စစ်ဗျူဟာအဖွဲ့(အခြေချ)(ကွတ်ခိုင်)
၃။ ကြည်း ၄၄၇၆၄ ဗိုလ်ကြီး လင်းလင်းထွန်း အမှတ်(၅၄၄) ခြေမြန်တပ်ရင်း
၄။ ကြည်း ၇၁၇၅၈ ဗိုလ်ကြီး ဟိန်းမင်းဇော် အမှတ်(၂၀၄) ခြေမြန်တပ်ရင်း
၅။ ကြည်း ၇၁၃၅၄ ဗိုလ် နေလင်းဇင်မောင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး
(ခုတင်-၁၀၀၀)
၆။ တ - ၇၈၀၅၄ တပ်ကြပ်ကြီး ဦးလှိုင် အမှတ် (၅၄၄) ခြေမြန်တပ်ရင်း
၇။ တ - ၂၂၀၅၂၀ တပ်ကြပ်ကြီး ခင်ဦး အမှတ် (၅၆၄) ခြေမြန်တပ်ရင်း
၈။ တ - ၃၅၃၂၅၈ တပ်သား နေဇာရှိုင်း အမှတ်(၂၀၃) ခြေမြန်တပ်ရင်း
၉။ တ - ၄၄၀၂၂၁ တပ်သား အောင်ကိုမင်း အမှတ်(၉၁၅) စစ်မြေပြင်
အင်ဂျင်နီယာတပ်ရင်း

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်**

**ရဲဗလတံဆိပ်**

၁။ လ ၂၅၂၄၈၃ ရဲအုပ် ကျော်စိုးခိုင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့
၂။ လ ၁၃၆၈၃၃ ဒုတိယရဲအုပ် ဇော်ရဲနိုင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့
၃။ လ ၁၇၄၆၆၉ ရဲတပ်ကြပ် ထွန်းထွန်းဝင်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့
၄။ လ ၂၆၈၃၂၆ ရဲဒုတိယတပ်ကြပ် ဇော်ထက်ဦး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့
၅။ မ ၀၇၇၇ ဦးစီးအရာရှိ ညီထွေးဦး လွိုင်ကော်မြို့နယ် မီးသတ်ဦးစီးမှူးရုံး

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များ**

**ရဲသူရိန်တံဆိပ်**

၁။ လ ၂၇၁၀၇၉ ဒုတိယရဲအုပ် စိုးမောင်မောင် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့
၂။ လ ၂၃၃၂၁၈ ရဲတပ်သား သန့်ဇင်မင်း အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့
၃။ လ ၂၆၈၃၈၇ ရဲတပ်သား ဇော်မျိုးလတ် အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့
၄။ လ ၂၇၄၅၉၉ ရဲတပ်သား ဖားဖော့ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့
၅။ လ ၂၇၆၅၂၈ ရဲတပ်သား ဇော်ဟိန်း အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့
၆။ မ ၂၁၂၉၀ မီးသတ်တပ်ကြပ်ကြီး လှိုင်ဇင်လင်းအေး ကြံခင်းမြို့နယ်မီးသတ်စခန်း
၇။ မ ၂၃၂၇၇ မီးသတ်တပ်ကြပ် သီဟ သထုံမြို့နယ်မီးသတ်စခန်း
၈။ မ ၂၆၁၀၇ မီးသတ်ဒုတိယတပ်ကြပ် အောင်လင်း မော်လမြိုင်ခရိုင်မီးသတ်ဦးစီးမှူးရုံး

**ရဲကျော်စွာတံဆိပ်**

၁။ မ ၀၆၁၁ ဦးစီးအရာရှိ ဟန်စိုး စစ်တွေမြို့နယ်မီးသတ်ဦးစီးမှူးရုံး
၂။ မ ၁၈၅၆၃ မီးသတ်တပ်ကြပ်ကြီး သိန်းကြန် စစ်တွေမြို့နယ်မီးသတ်စခန်း
၃။ မ ၁၉၅၇၂ မီးသတ်တပ်ကြပ်ကြီး သိန်းနိုင် စစ်တွေမြို့နယ်မီးသတ်စခန်း
၄။ မ ၂၄၁၅၈ မီးသတ်တပ်ကြပ် ခင်မြင့် စစ်တွေမြို့နယ်မီးသတ်စခန်း
၅။ မ ၂၇၂၃၂ မီးသတ်ဒုတိယတပ်ကြပ် ခိုင်မိုးလင်း စစ်တွေမြို့နယ်မီးသတ်စခန်း
၆။ မ ၂၈၄၂၈ မီးသတ်ဒုတိယတပ်ကြပ် အောင်သိန်းထွန်း စစ်တွေမြို့နယ်မီးသတ်စခန်း
၇။ ပ ၇၁၇၅ လက်ထောက် ဦးသက်ဦးပိုင်(ခ) မြို့အုပ်ချုပ်ရေးမှူး ချင်းရွှေဟော်မြို့
ညွှန်ကြားရေးမှူး လီကြားရှိုး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**

**လူမှုထူးချွန်တံဆိပ်(ပထမဆင့်)**

၁။ ဦးစိန်ဝင်း မန်နေဂျင်းဒါရိုက်တာ၊ ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီလီမိတက်

**ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်**

**သိပ္ပံပညာထူးချွန်တံဆိပ် (ပထမဆင့်)**

၁။ ဦးအောင်ကျော်မြ အချိန်ပိုင်းပါမောက္ခ၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
၂။ ဦးလှကြည် အချိန်ပိုင်းပါမောက္ခ၊ ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန

**ဝိဇ္ဇာပညာထူးချွန်တံဆိပ် ( ပထမဆင့် )**

၁။ ဒေါ်အုန်းကြည် အချိန်ပိုင်းပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်
၂။ ဒေါ်စိန်စိန်မြင့် အချိန်ပိုင်းပါမောက္ခ၊ အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့် ကလေးများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာစေရေးအတွက် ဆောင်ရွက်ပေးနိုင်ရန်(၁၉၉၁)ခုနှစ်က ဖွဲ့စည်းထားရှိသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်နှင့်အညီ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများကို မိမိတို့အသင်းဝင်များ၏ စေတနာအင်အားဖြင့် ကျေးလက်ဒေသအောက်ခြေအထိ ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊၊

ထို့အတူ ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိရန်နှင့် ဉာဏ်ပညာတိုးတက်စေရန်ရည်ရွယ်ပြီး နေ့ကလေးထိန်းကျောင်းများနှင့် မူလတန်းကြိုကျောင်းများကိုလည်း နိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဆိုလျှင် နေ့ကလေးထိန်းကျောင်းပေါင်း ၁၇ ကျောင်းနှင့် မူလတန်းကြိုကျောင်းပေါင်း ၄၀၀ ခန့်ကို ဖွင့်လှစ်ထားရှိပြီး အသင်းဗဟိုအနေနဲ့ ၂၀၁၄ ခုနှစ်ကစတင်ပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲများကို ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆုရရှိသောကလေးငယ်များနှင့် သားကောင်းမိခင်များ၊ အကဲဖြတ်ပေးသော ဆရာဝန်ကြီးများကို ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

အခမ်းအနားကို မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဥတ္တရသီရိ ကလေးအထူးကုဆေးရုံကြီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လယ်ဝေးပြည်သူ့ဆေးရုံ ခုတင်(၁၀၀)မှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာမများ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ခရိုင်နှင့် မြို့နယ်များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ လက်ထောက်ဆရာဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင် ၁၀၀၀)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ဆေးရုံအုပ်ကြီး၊ ဒုတိယဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်များ၊ သူနာပြုအုပ်ကြီး၊ သူနာပြုဆရာမကြီး၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



**ညှိနှိုင်းဆွေးနွေး**

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် လုပ်ငန်းအစီအစဉ်သစ်များကို အစပျိုးစတင်ဆောင်ရွက်ခြင်းနှင့် ယခင်ရှိပြီးသားလုပ်ငန်းများကို အစမှထပ်ကျော့ဆောင်ရွက်ခြင်းတို့ကို အဓိကထားပြုလုပ်မည်မဟုတ်ဘဲ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် အစီအစဉ်များကိုသာ လိုအပ်သလို အနည်းငယ်ပြုပြင်မွမ်းမံပြီး ပိုမိုအကျိုးရှိထိရောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဆေးရုံများသို့ကွင်းဆင်း၍ လက်တွေ့လုပ်ငန်းခွင် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်သွားမည့်နည်းတူ ဆေးရုံရှိဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကုသမှုအထောက်အကူပြုပညာရှင်များ၊ ဝန်ထမ်းများသည် အချင်းချင်းအလွတ်သဘော ပုံမှန်တွေ့ဆုံကာ ဆေးရုံလုပ်ငန်းများနှင့် ဝန်ထမ်းများသက်သာချောင်ချိရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် - ၁၀၀၀)၏ ဆေးရုံနှင့် ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းရေးများကို အလေးပေးဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးကို နေပြည်တော်အနီးတစ်ဝိုက် အပါအဝင် အနယ်နယ်အရပ်ရပ်မှ ပြည်သူများက အားကိုးအားထားပြု၍ ကုသမှုခံယူလျက်ရှိခြင်းကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးများနည်းတူ အဓိကဆေးရုံကြီးဖြစ်လာရန် ဝန်ကြီးဌာနမှ အလေးပေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ဆေးရုံအထောက်အကူပြုအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်ကာ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆေးရုံတွင် သံလိုက်လွန်လိုင်းဖြင့် ပုံရိပ်ဖော်ရောဂါရှာဖွေစက်အသစ်တစ်လုံး အမြန်ဆုံးတပ်ဆင်ရန်လိုအပ်မှု၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ထားရှိမှု၊ နှလုံးပိုက်သွင်းစမ်းသပ်ကုသစက်ဖြင့် ကုသပေးနေမှု၊ နိုင်ငံတကာဆေးရုံများ၊ တက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်နေမှု၊ အထူးကြပ်မတ်ကုသဆောင်အတွက် လိုအပ်သည့်ပစ္စည်းကိရိယာများ၊ ဝန်ထမ်းရေးရာများနှင့် အခြားလိုအပ်သည်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းစီစဉ်ဆောင်ရွက်ပေးသည်။

**တွေ့ဆုံ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ) တို့မှ ၂၀၁၂ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ပြီး ဆေးတက္ကသိုလ်တက်ရောက်ခွင့်ရရှိသူများအနက် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အလုပ်သင်ဆရာဝန် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ဆိုင်ရာနေရာဒေသများတွင် တာဝန်ချထားမည့်သူ ၂၂ ဦးကို နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုအလုပ်သင်ဆရာဝန် တာဝန်ထမ်းဆောင်ပြီးသူများအနေဖြင့် မိမိတို့၏ နေရာဒေသများတွင် သွားရောက်၍ ဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် စေတနာထား၍ လူနာများကို မိမိတို့၏ မိဘ၊ ဆွေမျိုးများသဖွယ် သဘောထားကာ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်လိုအပ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ဆေးပညာကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြသည်။ **သတင်းစဉ်**

# အမျိုးသားအဆင့် မိုင်းကင်းစင်ရေးလှုပ်ရှားမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

အမျိုးသားအဆင့် မိုင်းကင်းစင်ရေး လှုပ်ရှားမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ငြိမ်းချမ်းရေးရှိမှသာ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိုင်းကင်းစင်ရေးလုပ်ငန်းသည် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရမည့် လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူကြောင့်ဖြစ်သောဘေး၊ သဘာဝကြောင့်ဖြစ်သော ဘေးများတွင် ဘေးဒုက္ခခံစားကြရသူများအား ပံ့ပိုးကူညီမှုများကို ဆက်စပ်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အလျင်အမြန် တုံ့ပြန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘေးဒုက္ခများတွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် မိမိတို့၏ အိုးအိမ်၊ စည်းစိမ်များကို စွန့်ခွာကြရခြင်းသည် ကြီးမားသောဒုက္ခဖြစ်ကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ် အတည်ပြုပြီးဖြစ်ကြောင်း၊ သို့ရာတွင် ရေရှည်ပဋိပက္ခများ ကင်းဝေးပြီး ငြိမ်းချမ်းရေးရှိမှသာ ပြန်လည်နေရာချထားရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**မိုင်းကင်းစင်ရေးလှုပ်ရှားမှု**

လက်ရှိအခြေအနေတွင် အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်သည့် မိုင်းကင်းစင်ရေးလှုပ်ရှားမှုကို အမျိုးသားအဆင့်အဖွဲ့ ဖွဲ့စည်းပြီး ကြိုတင်ဆောင်ရွက်ထားရန် အရေးကြီးကြောင်း၊ ၂၀၁၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံ မိုင်းလုပ်ငန်း အာဏာပိုင်အဖွဲ့ဆိုင်ရာ လုပ်ငန်းလမ်းညွှန်များကို Norwegian People's Aid အဖွဲ့၏ အကူအညီဖြင့် စတင်ရေးဆွဲခဲ့ပြီး မူကြမ်းများရရှိ၍ မိုင်းလုပ်ငန်းဆောင်ရွက်ရေးနှင့် မဟာဗျူဟာရေးဆွဲရေးတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မဲခေါင်ဒေသနိုင်ငံများတွင် Mine Action Authority ဖွဲ့စည်းပြီး Mine Action Centre များ တည်ထောင်၍ Humanitarian Demining နှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ASEAN Regional Mine Action Centre နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် Geneva International Centre for Humanitarian Demining အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လှထွန်းနှင့် ဦးစိုးအောင်၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားအဆင့် မိုင်းကင်းစင်ရေး လှုပ်ရှားမှုနှင့် ပတ်သက်သည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြပြီး အမျိုးသားအဆင့် မိုင်းရှင်းလင်းရေး အာဏာပိုင်အဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် အဆင့်ဆင့် ဆက်လက်ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီး စတင်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇန်နဝါရီ ၃**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။ **မိုး/ဇလ**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီလ ၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၈ တွင် ဖော်ပြပါရှိသည့် ပင်လုံပြည်ထောင်စုကျောက်တိုင်ပေါ်တွင် ထွင်းထုထားသော စာတမ်း ပြန်လည်ထွင်းထုခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပသတင်း၌ **တောင်တန်းပြည်မ ပူးပေါင်းရေးစာချုပ်စာတမ်းအား ပြည်မတောင်တန်း ပူးပေါင်းရေးစာချုပ် ဟူ၍ ပြန်လည်ထွင်းထုမည့်** အစား **ပြည်မတောင်တန်း ပူးပေါင်းရေး စာချုပ်စာတန်းအား တောင်တန်းပြည်မ ပူးပေါင်းရေးစာချုပ် ဟူ၍ ပြန်လည်ထွင်းထုမည့်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **မိုးလွင်ဦး(လှိုင်လင်)**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း
# မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး Mr. Bhim K. Udas အား ယနေ့ညနေ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံခရီးသွားကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် သတင်းမီဒီယာကဏ္ဍဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၃**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ (၂၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ကော်မတီဝင်ဝန်ကြီး ဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အစီရင်ခံတင်ပြ**

လုပ်ငန်းညှိနှိုင်းအစည်းအဝေး တွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီအနေဖြင့် အကြံပြုချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူလျက် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေအောင်မြင်ထိရောက်စေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်ခဲ့ရာ ယခု(၂၁)ကြိမ်မြောက် အစည်းအဝေးအထိ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာစွာ ပြည်သူသို့ အစီရင်ခံတင်ပြလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများ၏ အရင်းခံသည် ဖွံ့ဖြိုးမှုနိမ့်ကျခြင်းနှင့် လူ့အဖွဲ့အစည်းများအကြား ကာလရှည်ကြာ စွဲမြဲနေသည့်နာကြည်းမှုများ၊ သံသယစိတ်များ၊ အမြင်လွဲမှားမှုများ ဖြစ်ကြောင်း။

**ရရှိခံစားနေ**

အဆိုပါပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများနှင့် ကော်မတီအသီးသီးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်နေကြသည့်အတွက် တိုးတက်မှုများရရှိခဲ့ပါကြောင်း၊ ပြီးခဲ့သည့် အကြိမ်(၂၀)မြောက် အစည်းဝေးတွင် အကြံပြုချက်များထဲက ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများကို ဖော်ထုတ်ပြီး လုပ်ငန်းစီမံချက်များ ရေးဆွဲခဲ့ကြပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆိုပါ လုပ်ငန်း၏ကောင်းကျိုးကို ပြည်သူများက ရရှိခံစားနေကြရကြောင်း ထုတ်ဖော်ပြောဆိုခြင်းမရှိပါက အောင်မြင်သည်ဟု မဆိုနိုင်ကြောင်း၊ ထို့ကြောင့် ကော်မတီဝင်ဝန်ကြီးဌာနများအနေဖြင့် အကြံပြုချက် ကဏ္ဍအလိုက် စီမံချက်များရေးဆွဲဆောင်ရွက်ရာတွင် မြေပြင်တွင် အမှန်တကယ် ပြောင်းလဲတိုးတက်လာရေးအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိစွာဖြင့် ဆောင်ရွက်ပေးကြရန်နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း လက်တွေ့ဆောင်ရွက်နေကြသော ဝန်ထမ်းများနှင့်ပူးပေါင်း၍ ပိုမိုအားစိုက်ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း။

**ပိုမိုသဟဇာတဖြစ်**

အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်ရွက်တိုးတက်မှုနှင့် အခက်အခဲစိန်ခေါ်မှုများ စသည့် မြေပြင်အခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီ သိရှိဖြေရှင်းဆောင်ရွက်နိုင်စေရေးအတွက် ဌာနအလိုက် စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်ခြုံငုံသုံးသပ်ခြင်း အဖွဲ့များဖွဲ့စည်းလျက် ဆောင်ရွက်သွားကြရန်နှင့် ကော်မတီသို့ ဆောင်ရွက်မှုအခြေအနေများကို စဉ်ဆက်မပြတ်ပေးပို့ကြရန်လိုအပ်ပါကြောင်း၊ ပဋိပက္ခများကြောင့် လုပ်ငန်းများဆောင်ရွက်မှုများ နှောင့်နှေးခဲ့ရသော်လည်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ဖော်ထုတ်ဆောင်ရွက်သွားကြရန် လိုပါကြောင်း၊ လူမှုအသိုင်းအဝိုင်းအကြား ညီညွတ်မှုရှိသည့်နေရာများတွင် Friendly Bazar များ တည်ထောင်ပေးခြင်းကဲ့သို့သော လူမှုအသိုင်းအဝိုင်းအကြား ပိုမိုသဟဇာတဖြစ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ် ပါကြောင်း။

ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများကြောင့် ထွက်ပြေးတိမ်းရှောင်ရသူများကိုလည်း လူဦးရေစာရင်းအလိုက် ထောက်ပံ့ဆောင်ရွက်ပေးနေပါကြောင်း၊ ဆောင်ရွက်ဆဲအရှိန်အဟုန် ရစပြုနေပြီဖြစ်သည့် မွေးစာရင်းထုတ်ပေးသည့် လုပ်ငန်းနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို ဆက်လက်ဆောင်ရွက်ပေးကြရန်နှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခွင့်အလမ်းများ ဖန်တီးပေးနေမှုများကို ပိုမိုထိရောက်စွာဆောင်ရွက်ပေးကြရန် လိုပါကြောင်းနှင့် ဆောင်ရွက်ပေးနိုင်မှုများကို မှတ်တမ်းများ ပြုစုထားရှိရန်ဖြစ်ကြောင်း၊ လူမှုသဟဇာတဖြစ်ရေးအတွက် စီမံချက်ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**တိုက်တွန်းလို**

လုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်နှင့် ပြည်သူလက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများကို ပါဝင်ဆောင်ရွက်လာရေး စည်းရုံးဆောင်ရွက်ကြရန် လိုပါကြောင်း၊ ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများကို ပြည်တွင်းမှာသာမက ကမ္ဘာက သိရှိနိုင်စေရေး သတင်းများကို တိုတိုနှင့် ထိထိမိမိဖြန့်ဝေဆောင်ရွက်နိုင်စေရေးအတွက် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိထိရောက်ရောက်သတင်းဖြန့်ဝေနိုင်ရေးနည်းလမ်းများကို ရှာဖွေဖော်ထုတ် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေးအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန်တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကော်မတီ၏ ဆောင်ရွက်မှု တိုးတက်မှုများကို ဆွေးနွေးရာတွင် နိုင်ငံသားစိစစ်ရေးနှင့် မွေးစာရင်းထုတ်ပေးရေးအတွက် ရွေ့လျားအဖွဲ့(Mobile Team)ဖြင့် စေလွှတ်ဆောင်ရွက် အောင်မြင်မှုများ၊ ပညာရေးကဏ္ဍတွင် ပညာသင်ဆုများ ပေးအပ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် Medium Term Projects များနှင့် ပတ်သက်၍ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့(TWG)တွင် ဆွေးနွေးဆောင်ရွက်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့နောက်ကော်မတီတွဲဖက်အတွင်းရေးမှူးနှင့် တက်ရောက်လာကြသော ကော်မတီဝင်များက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ်ကော်မတီဥက္ကဋ္ဌက ညှိနှိုင်းဆွေးနွေးပြီးအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင် (၄)လမ်း၊ အမှတ်(၂၆၂၆)တွင် ပါတီရုံးချုပ်တည်ရှိသော **မဟာမိတ်မြန်မာနိုင်ငံအလုပ်သမားလယ်သမားပါတီ [Alliance of Myanmar's Worker and Farmer Party (A.M.W.F.p) ]** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၉ -၁၂-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မဟာမိတ်မြန်မာနိုင်ငံအလုပ်သမားလယ်သမားပါတီ[Alliance of Myanmar's Worker and Farmer Party (A.M.W.F.p)]၏ အလံပုံစံ**



**မဟာမိတ်မြန်မာနိုင်ငံအလုပ်သမားလယ်သမားပါတီ[Alliance of Myanmar's Worker and Farmer Party (A.M.W.F.p)]၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

### ❂ ကျောဖုံးမှ

ငွေစက္ကူ၏ မျက်နှာစာဘက်ရှိ ဘယ်/ညာ အစွန်းများတွင် အမြင်အာရုံအားနည်းသူများအတွက် လက်ဖြင့်ထိတွေ့စမ်းသပ်ကြည့်ပါက အာရုံခံသိရှိနိုင်သည့် ဖောင်းကြွလိုင်းတိုမျဉ်းကြောင်းငယ် (၁၁)ကြောင်း စီရိုက်နှိပ်ထားပါသည်။ ငွေစက္ကူပုံစံအသစ်ကို အလင်းရောင်တွင် ထောင်ကြည့်ပါက ငွေစက္ကူမျက်နှာစာဘက် ဗိုလ်ချုပ်ရုပ်ပုံ၏ လက်ဝဲဘက်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံရေစာကို ရှင်းလင်းစွာတွေ့မြင်နိုင်ပါသည်။

လုံခြုံရေးကြိုးအား တစ်ဝက်ဖုံးတစ်ဝက်ပေါ် ဒေါင်လိုက်မြှုပ်ထားပြီး ရောင်ပြေးနည်းပညာများဖြင့် ပြုလုပ်ထားသည့်အတွက် ငွေစက္ကူလှုပ်ရှားမှုရှုထောင့်တိုင်းတွင် ရွှေရောင်မှအစိမ်းရောင်သို့ ထူးခြားစွာရုပ်လုံးကြွအရောင်ပြောင်းလဲမှုကို မြင်တွေ့နိုင်ပါသည်။ ငွေစက္ကူမျက်နှာစာ၏ လက်ယာဘက်ရှိ မြန်မာစာသား "တစ်ထောင်ကျပ်" နံဘေးခဲရောင်ဧရိယာအား ၄၅ ဒီဂရီခန့် တိမ်းစောင်းကြည့်ပါက အင်္ဂလိပ်အက္ခရာ "CBM" များကို တွေ့မြင်နိုင်ပါသည်။ ငွေစက္ကူကို တည့်တည့်ကြည့်ပါက မတွေ့နိုင်သော်လည်း တိမ်းစောင်းကြည့်ပါက ငွေစက္ကူ၏ ကျောဘက်ခါးလယ်တွင် ဒေါင်လိုက်ရိုက်နှိပ်ထားသည့် ရွှေရောင်ကနုတ်ကွက်အား တွေ့မြင်နိုင်ပါသည်။

ဗိုလ်ချုပ်ရုပ်ပုံပါ ၁၀၀၀/-တန် ငွေစက္ကူပုံစံသစ်အား ရုံးဖွင့်ရက်ဖြစ်သော (၇-၁-၂၀၂၀ )ရက်နေ့မှစ၍ ဘဏ်များမှ ဖြန့်ဝေပေးသွားမည်ဖြစ်ပါသည်။ လက်ရှိသုံးစွဲလျက်ရှိသော ၁၀၀၀/-တန် ငွေစက္ကူများသည်လည်း တရားဝင်ငွေအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

### ❖ YBS ယာဉ်များမှ

"သုံးနှစ်အချိန်ပေးခဲ့တယ်။ အခုလာမယ့် ဇန်နဝါရီ ၁၆ ရက်မှာ ဒီကုမ္ပဏီတွေကို Review လုပ်ရပါမယ်။ ပြည်သူကို ဝန်ဆောင်မှုမပေးနိုင်တဲ့ ကားတွေနဲ့ပဲ ပြေးဆွဲနေမယ်ဆိုရင်တော့ ဒီအခြေအနေတွေကို လက်မခံနိုင်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကုမ္ပဏီတွေထဲမှာ ပြောကြတာတွေရှိပါတယ်။ ကျွန်တော်တို့ကတော့ ကားသစ်ကြီးတွေနဲ့ စရိတ်အများကြီးထည့်ပြီး အရင်းတန်ဖိုးကြီးကြီးနဲ့ ပြေးဆွဲနေရပြီးတော့ အရင်းတန်ဖိုးနည်းနည်းနဲ့ ပြေးဆွဲတဲ့သူကလည်း ဒီအမြတ်အစွန်းမျိုးရနေတယ်ဆိုရင်တော့ မမျှတဘူးဆိုတဲ့ အခြေအနေတစ်ခု ရှိပါတယ်။ ဒီ Standard ထဲကို ဝင်နိုင်ရင် Yangon Transport မှာဆက်လက် ရပ်တည်လို့ရပါတယ်။ မဝင်နိုင်ဘူးဆိုရင်တော့ နယ်တွေရှိပါသေးတယ်။ ရန်ကုန်မြို့တော်ကြီးမဟုတ်တဲ့ အခြားနေရာတွေမှာ သွားပြေးဆွဲလို့ရပါတယ်"ဟု ဦးဖြိုးမင်းသိန်းက ပြောသည်။




ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် YBS စီးနင်းသည့် ခရီးသွားပြည်သူများကို ဝန်ဆောင်မှုအကောင်းဆုံးပေးနိုင်ရန်အတွက် YBS ဘတ်စ်ကားများကို ကုမ္ပဏီစနစ်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိ အစိုးရသစ်လက်ထက်တွင် မထသစနစ်ကို ရပ်စဲပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှစ၍ YBS စနစ်ကို ပြောင်းလဲခဲ့သည်။ လက်ရှိအချိန်တွင် လမ်းကြောင်းပေါင်း ၁၃၅ လမ်းကြောင်းမှ ယာဉ်လိုင်းနံပါတ်ဖြင့် ယာဉ်လိုင်းပေါင်း ၁၀၀ ရှိသည့်အပြင် Airport Shuttle Bus၊ City Transit တို့လည်းရှိကာ တစ်နေ့လျှင် စုစုပေါင်း ယာဉ်အစီးရေ ၄၅၀၀ ခန့် ပြေးဆွဲနေပြီး ခရီးသွားပြည်သူ ၁ ဒသမ ၈ သန်းကို သယ်ယူပို့ဆောင်ပေးကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အီရန်ဗိုလ်ချုပ်ကြီး သေဆုံး

**ဘဂ္ဂဒက်  ဇန်နဝါရီ ၃**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အမေရိကန်နိုင်ငံ၏ လေကြောင်း တိုက်ခိုက်မှုတစ်ခုအတွင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ အဆင့်မြင့်တပ်မှူးဗိုလ်ချုပ်ကြီးတစ်ဦးကျဆုံးသွားခဲ့သည်။ အီရန် ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီမှာ ဘဂ္ဂဒက်လေဆိပ်အနီး ယာဉ်တန်း တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့သူများတွင် ပါဝင်ခဲ့ကြောင်း အီရတ် နိုင်ငံပိုင်ရုပ်သံဌာနက ယနေ့ဖော်ပြခဲ့သည်။ အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနက ယမန်နေ့နှောင်းပိုင်းတွင် ကြေညာချက်တစ်ရပ် ထုတ်ပြန် ခဲ့ပြီး သမ္မတ၏ ညွှန်ကြားချက်အရ အမေရိကန်တပ်မတော်က အီရန် ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီကို သုတ်သင်၍ ပြည်ပရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို အကာအကွယ်ပေးရန် တိုက်ခိုက်မှုတစ်ရပ် လုပ်ဆောင်ခဲ့ကြောင်း ပြောကြားလိုက်သည်။

ကာဆမ်းဆိုလန်းမန်းနီမှာ အီရန်နိုင်ငံ၏ ပြည်ပ စစ်ဆင်ရေးများ အတွက် တာဝန်ရှိသော တော်လှန်ရေးအစောင့်တပ်ဖွဲ့အတွင်းရှိ အထူး တပ်ဖွဲ့ တပ်မဟာတစ်ခုဖြစ်သည့် Quds Force ၏ တပ်မှူးဖြစ်သည်။

အမေရိကန်နိုင်ငံ၏ ယခုတိုက်ခိုက်မှုကို အီရန်နိုင်ငံက ကျောထောက်နောက်ခံပြုထားသော ကာတက်ဘ်ဟက်ဇ်ဘိုလာ ပြည်သူ့စစ်အဖွဲ့နှင့်ဆက်နွှယ်သည့် အီရတ်နှင့်ဆီးရီးယားရှိ ပစ်မှတ် များကို ဒီဇင်ဘာလအတွင်း လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ ပြီးနောက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အစောပိုင်းရက်များက ဘဂ္ဂဒက် မြို့တော်ရှိ အမေရိကန်သံရုံးကို အကြမ်းဖက်ဆန္ဒပြမှုများပြုလုပ်ခဲ့ရာ သံရုံဝင်းအတွင်း ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်လေဆိပ်အနီး အမေရိကန်၏ လေကြောင်း တိုက်ခိုက်မှုကြောင့် အီရန်အစ္စလာမ့်တော်လှန်ရေးအစောင့်တပ်၏ ပြည်ပစစ်ဆင်ရေးဌာနမှ အဆင့်မြင့်တပ်မှူးဖြစ်သူ ဗိုလ်ချုပ်ကြီး ကာဆမ်း ဆိုလန်းမန်းနီသေဆုံးခဲ့ပြီးနောက် ၎င်း၏ရာထူးနေရာတွင် ဒုတိယတပ်မှူး အစ္စမေးလ်ကာနီကို အီရန်ထိပ်တန်းခေါင်းဆောင်က ခန့်အပ်လိုက်သည်။

အီရန်၏ အထူးတပ်မှူး ဗိုလ်ချုပ်ကြီးကာဆမ်းဆိုလန်းမန်းနီသည် အသက်ပေးဆပ်ခဲ့ပြီးနောက် အစ္စလာမ့်တော်လှန်ရေးအစောင့်တပ်၏ တပ်မှူးအဖြစ် ဗိုလ်မှူးချုပ် အစ္စမေးလ်ကာနီကို ခန့်အပ်လိုက်ကြောင်း အီရန်ထိပ်တန်းခေါင်းဆောင် အယာတိုလာအလီခါမေနီက ၎င်း၏ ဝက်ဘ်ဆိုက်ပေါ်တွင် ရေးသားဖော်ပြထားသည်။

ဗိုလ်မှူးချုပ် အစ္စမေးလ်ကာနီသည် ၁၉၈ဝ မှ ၁၉၈၈ ခုနှစ်အထိ ဖြစ်ပွားသော အီရန်နှင့် အီရတ်စစ်ပွဲကာလအတွင်း အစ္စလာမ့် တော်လှန်ရေးအစောင့်တပ်၏ အပြောင်မြောက်ဆုံး တပ်မှူးများအနက် တစ်ဦးအပါအဝင်ဖြစ်ကြောင်း ခါမေနီက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန် - ကျော်ထိုက်စိုး



အီရန်အစ္စလာမ့်တော်လှန်ရေးအစောင့်တပ်၏ ပြည်ပစစ်ဆင်ရေးဌာနမှ အဆင့်မြင့်တပ်မှူး ဗိုလ်ချုပ်ကြီးကာဆမ်းဆိုလန်းမန်းနီ။

# လစ်ဗျားဒေသဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ထရမ့်နှင့်အာဒိုဂန် ဆွေးနွေး

**ဝါရှင်တန်  ဇန်နဝါရီ ၃**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် တူရကီသမ္မတ အာဒိုဂန်ကို ယမန်နေ့က တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး လစ်ဗျားအရေးနှင့် အခြားသော ဒေသဆိုင်ရာ ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

ဆက်သွယ်ဆွေးနွေးစဉ် ဒေါ်နယ်ထရမ့်က လစ်ဗျား အရေးနှင့်ပတ်သက်၍ နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်မှု သည် စစ်မက်ဖြစ်ပွားရာ လစ်ဗျားနိုင်ငံအတွင်းရှိ အခြေ အနေကို ပိုမိုရှုပ်ထွေးစေလိမ့်မည်ဟု အာဒိုဂန်ကို ပြောကြားခဲ့သည်။

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် အရပ်သား များ၏ အသက်လုံခြုံရေးအတွက် ဆီးရီးယားနိုင်ငံ အစ်ဒလစ်ဘ်မြို့တွင် ပဋိပက္ခများလျှော့ချရန်လည်း သဘော တူခဲ့ကြသည်။



တူရကီအတိုက်အခံပါတီတချို့က လစ်ဗျားနိုင်ငံ အတွင်း တူရကီတပ်ဖွဲ့ဖြန့်ကြက်ခြင်းသည် တူရကီတပ်ဖွဲ့ ဝင်များအတွက် အန္တရာယ်ရှိသည်ဟု သတိပေးခဲ့သော်လည်း လစ်ဗျားနိုင်ငံအတွင်း တူရကီတပ်ဖွဲ့တစ်နှစ်တာ ဖြန့်ကြက် ရေးဆိုင်ရာ အဆိုပြုချက်တစ်ရပ်ကို တူရကီပါလီမန်က ဇန်နဝါရီ ၂ ရက်တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

၂ဝ၁၁ ခုနှစ်က လစ်ဗျားခေါင်းဆောင်ဟောင်းကဒါဖီ အသတ်ခံခဲ့ပြီးနောက်ပိုင်း အရှိန်မြင့်မားလာသော စစ်ပွဲ ကြောင့် ၂ဝ၁၄ ခုနှစ်တွင် မြို့တော်ထရီပိုလီအခြေစိုက် ကုလသမဂ္ဂကျောထောက်နောက်ခံပြုသည့် အမျိုးသား ညီညွတ်ရေးအစိုးရ(GNA)နှင့် နိုင်ငံ၏အရှေ့မြောက်ဘက် တိုဘရုခ်မြို့အခြေစိုက် ခါလီဖာဟာ့ဖ်တာဦးဆောင်သော လစ်ဗျားအမျိုးသားတပ်မတော်(LNA)နှင့် မဟာမိတ်ဖွဲ့ ထားသည့် အုပ်စုဟူ၍ လစ်ဗျားနိုင်ငံ၌ အုပ်စုနှစ်စုကွဲခဲ့ ကြောင်း သိရသည်။

တူရကီနိုင်ငံနှင့် ၎င်း၏မဟာမိတ်ဖြစ်သော ကာတာနိုင်ငံ တို့သည် ဖာရက်ဇ်အယ်လ်ဆာရာ့ချ်ဦးဆောင်သော အမျိုးသား ညီညွတ်ရေးအစိုးရကို ထောက်ခံအားပေးပြီး အာရပ် စော်ဘွားများ ပြည်ထောင်စု၊ ဆော်ဒီအာရေဗျနှင့် အီဂျစ် နိုင်ငံတို့က လစ်ဗျားအမျိုးသားတပ်မတော်(LNA)နှင့် မဟာ မိတ်ဖွဲ့ထားသည့် အုပ်စုကို ထောက်ခံအားပေးခဲ့ကြသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

# သီရိလင်္ကာလေတပ်မှ လေယာဉ်ပျက်ကျ၊ လေယာဉ်ပေါ်ပါ လေးဦးစလုံး သေဆုံး

**ကိုလံဘို  ဇန်နဝါရီ ၃**

သီရိလင်္ကာလေတပ်မှ လေယာဉ်တစ်စင်း ယနေ့ပျက်ကျ ခဲ့ရာ လေယာဉ်ပေါ်ပါသူ အမှုထမ်းလေးဦးစလုံး သေဆုံး ခဲ့ကြောင်း လေတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

လေယာဉ်ပျက်ကျမှုမှာ ကိုလံဘိုမြို့တော်၏ အရှေ့ဘက် ကီလိုမီတာ ၂ဝဝ (၁၂၄ မိုင်) ခန့်အကွာ သီရိလင်္ကာနိုင်ငံ၏ တောင်ကုန်းထူထပ်ရာဒေသရှိ ဟာပူတေးခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လေတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကပ္ပတိန် ဂီဟန်ဆီနီဗီရတ်နီက ပြောသည်။ စောင့်ကြည့်ရေးတာဝန်တစ်ရပ် ထမ်းဆောင် ခဲ့သည့် တရုတ်နိုင်ငံလုပ် Y-12 လေယာဉ်ပေါ်ရှိ သေဆုံးခဲ့သူ များတွင် လေယာဉ်မှူးနှစ်ဦးနှင့် လေယာဉ်အမှုထမ်းနှစ်ဦး ပါဝင်ခဲ့ကြောင်း ၎င်းက ဆိုသည်။ လေယာဉ်ပျက်ကျရာ နေရာရှိ အမျိုးသမီးတစ်ဦးမှာ ဒဏ်ရာများရရှိခဲ့ပြီး ဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်း ဒီရန်နာရုပ်သံဌာနက ဖော်ပြ ခဲ့သည်။

လေယာဉ်ပျက်ကျရသော အကြောင်းရင်းကို မသိရ သေးပေ။ လေယာဉ်ပျက်ကျရာနေရာကို စစ်ဆေးရန် စုံစမ်း စစ်ဆေးရေးမှူးများ စေလွှတ်ခဲ့ကြောင်း ဂီဟန်က ပြောသည်။

ကိုးကား- နယူးယောက်တိုင်းမ်

ဘာသာပြန် - ကျော်ထိုက်စိုး

# အီရတ်နိုင်ငံရှိ အမေရိကန်နိုင်ငံသားများ ချက်ချင်းထွက်ခွာကြရန် အမေရိကန်တိုက်တွန်း

**ဘဂ္ဂဒက်  ဇန်နဝါရီ ၃**

အမေရိကန်၏လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုကြောင့် အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့မှ ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီနှင့် အီရတ်ပြည်သူ့စစ် အဖွဲ့တစ်ဖွဲ့မှ ထိပ်တန်းတပ်မှူးတစ်ဦးဖြစ်သူ အဘူမာဒီအယ်လ်ဆူမန်ဒစ်တို့ သေဆုံးခဲ့ပြီး နာရီအနည်းငယ်အကြာတွင် ဘဂ္ဂဒက်မြို့ရှိ အမေရိကန်သံရုံးမှ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ၌ အီရတ်နိုင်ငံအတွင်းရှိအမေရိကန်နိုင်ငံသား အားလုံး ၎င်းနိုင်ငံတွင်းမှ ချက်ချင်းထွက်ခွာသွားကြရန် တိုက်တွန်းခဲ့သည်။

အီရတ်နိုင်ငံနှင့် ဒေသတွင်း၌ တင်းမာမှုများ မြင့်တက်နေစဉ် အမေရိကန် နိုင်ငံသားများအနေဖြင့် ၂ဝ၂ဝ ပြည့်နှစ် ဇန်နဝါရီလအတွင်း၌ ခရီးသွားလာမှု ဆိုင်ရာ အကြံပေးမှုများကို အလေးထားရန်နှင့် အီရတ်နိုင်ငံအတွင်းရှိ အမေရိကန်နိုင်ငံသားအားလုံး ယင်းနိုင်ငံတွင်းမှ ချက်ချင်းထွက်ခွာကြရန် ဘဂ္ဂဒက်မြို့ရှိ အမေရိကန်သံရုံးက သတင်းထုတ်ပြန်သည်။ အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့မှအထူးတပ်ဖွဲ့ ထိပ်တန်းတပ်မှူး ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်း မန်းနီနှင့် ၎င်း၏ရောင်းရင်းများ သွေးမြေကျသေဆုံးရမှုအတွက် ကြမ်းတမ်း သော လက်စားချေမှုကို အသင့်ကြိုလင့်ထားရမည်ဟု အီရန်နိုင်ငံ၏ထိပ်တန်း ခေါင်းဆောင် အယာတိုလာ အလီခါမေနီက ဇန်နဝါရီ ၃ ရက်တွင် ပြောကြား ခဲ့မှုကို အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်အား ဘဲလ်ဖတ်စ်တက္ကသိုလ်၏ အဓိပတိသစ်အဖြစ်ခန့်အပ်

**ဘဲလ်ဖတ်စ်  ဇန်နဝါရီ ၃**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်အား ဒီဇင်ဘာ ၂ ရက်တွင် ဘဲလ်ဖတ်စ်မြို့ ကွင်းစ်တက္ကသိုလ်၏ အဓိပတိသစ်အဖြစ် ခန့်အပ် ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဟီလာရီကလင်တန်သည် ကွင်းစ်တက္ကသိုလ်သက်တမ်းငါးနှစ်ရှိ အဓိပတိ အဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း အိုင်ယာလန်မြောက်ပိုင်းရှိ ယင်းတက္ကသိုလ်မှ ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ကွင်းစ်တက္ကသိုလ်၏ အဓိပတိဖြစ်လာရခြင်းမှာ ထူးမြတ်သည့် အခွင့်အရေး ဖြစ်ကြောင်းနှင့် ယင်းတက္ကသိုလ်နှင့် မိမိတို့အကြား လွန်ခဲ့သည့်နှစ်များအတွင်း ခိုင်မာသည့် ဆက်ဆံရေးမှတစ်ဆင့်ကြီးမားသည့်တွယ်တာမှု ဖြစ်ထွန်းစေခဲ့ကြောင်း ဖြစ်ကြောင်း ဟီလာရီကလင်တန် ထုတ်ပြန်ကြေညာချက်၌ ဖော်ပြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီသည် ၂ဝ၁၆ ခုနှစ်တွင် ကျင်းပသည့် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီ၏ သမ္မတ လောင်းအဖြစ် ရီပတ်ဘလစ်ကန်ပါတီမှ သမ္မတလောင်း ဒေါ်နယ်ထရမ့်နှင့် ယှဉ်ပြိုင် အရွေးခံရာ၌ ရှုံးနိမ့်ခဲ့သည်။



ဟီလာရီကလင်တန်သည် ကွင်းစ်တက္ကသိုလ်မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကို ၂ဝ၁၈ ခုနှစ် အောက်တိုဘာလတွင် လက်ခံရရှိခဲ့သည်။

ကိုးကား- အေအက်ဖ်ပီ

ဘာသာပြန် - ဇော်ဝင်း

# မူဆယ်မြို့၌ သိန်းပေါင်း ၂၄၀ ကျော်ရှိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**မူဆယ် ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ ပန်ခမ်းကျေးရွာအုပ်စု နောင်ရမ်းကျေးရွာတွင် ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီက သိန်းပေါင်း ၂၄၇ ကျော်ရှိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း မူဆယ်မြို့ မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ သိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ သတင်းအရ သက်သေများနှင့်အတူ မူဆယ်မြို့နယ် နောင်ရမ်းကျေးရွာတွင် အိမ်ငှားရမ်းနေထိုင်သူ ချင်ဆင်းချန်း(ကျား)၏ ဂိုဒေါင်ခန်းကို ဝင်ရောက်ရှာဖွေရာ ဂိုဒေါင်ထဲတွင် ရပ်နားထားသည့် ခြောက်ဘီးယာဉ်တစ်စီးနှင့် ဂိုဒေါင်အတွင်း သိုလှောင်ထားသည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများကို သိမ်းဆည်းရမိသည်။

ဂိုဒေါင်အတွင်းမှ အပြာရောင်သံပေပါအသေးဖြင့် ထည့်ထားသည့် 1-Phenyl-2-Propanol ရှစ်ပုံး၊ အပြာရောင် ပလပ်စတစ်ပုံးဖြင့် ထည့်ထားသည့် Benzyl Cyanide ပုံး ၄၀၀၊ 1,2 Dichloroethane ရှစ်ပုံး၊ TRIFLUORO-ACETIC ACID ရှစ်ပုံး၊ Mixture of Methanol, Nitric Acid စုစုပေါင်း ပုံး ၃၀၊ အညိုရောင်စက္ကူပုံး ဝိုင်းအကြီးအတွင်း ပလပ်စတစ်အိတ်ဖြင့်ထည့်ထားသည့် 2-4 Dioxohexahydro 1,3,5 ၁၂ ပုံး၊ အညိုရောင်စက္ကူပုံးဝိုင်းအသေးအတွင်း ပလပ်စတစ်အိတ်ဖြင့် ထည့်ထားသည့် 2-4 Dioxohexahydro 1,3,5 ပုံး ၁၀၊ 1,3-DIBROMO 5,5- DIMETHYLHYDANငါးပုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် စတီးအိုးမွှေစက်အကြီး(မော်တာပါ)နှစ်လုံး၊ ဖန်ပေါင်းချောင်း အဝိုင်းလေးလုံး၊ ဖန်ပေါင်းချောင်းလုံး/ရှည် ရှစ်လုံး၊ ဂက်စ်အိုးအကြီးခြောက်လုံး၊ အသေးအလုံး ၁၀၊ အဝါရောင်ပီနံအိတ်ဖြင့် ထည့်ထားသည့် Urea အိတ် ၁၂၀ နှင့် ဂိုဒေါင်ငှားရမ်းထားသည့် စာချုပ်စာတမ်းများကို သိမ်းဆည်းရမိကြောင်း သိရသည်။



သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ပတ်သက်၍ ပန်ဆိုင်း(ကြူကုတ်)မြို့ ရပ်ကွက်(၄)နေ ဂိုဒေါင်ငှားရမ်းသူ ချင်ဆင်းချန် အမျိုးသား(ဖမ်းမမိသေး)အား ဖမ်းဆီးပြီး အရေးယူဆောင်ရွက်နိုင်ရန် မူဆယ်မြို့မရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆလိုင်းဗန်ရှီးထန်(ပြန်/ဆက်)**



## မြဝတီ-ကော့ကရိတ် အာရှလမ်းတွင် ယာဉ်နှစ်စီးတိုက် လူ ၁၈ ဦး သေဆုံးပြီး ၃၄ ဦး ဒဏ်ရာရ

**မြဝတီ ဇန်နဝါရီ ၃**

ကရင်ပြည်နယ် မြဝတီမြို့ ကော့ကရိတ်-မြဝတီအာရှလမ်း ကွမ်းခြံကွေ့နေရာတွင် ယနေ့နံနက် ၁၁ နာရီခန့်က ရန်ကုန်မှမြဝတီသို့ မောင်းနှင်လာသည့် အလင်းရောင်မိုး မှန်လုံယာဉ်နှင့် မြဝတီမှထွက်ခွာသည့် ပရိဘောဂယာဉ်တိုက်မှု ဖြစ်ပွားခဲ့ရာ လူ ၁၈ ဦး သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၃၄ ဦးထိရှိကြောင်း သိရသည်။

ယာဉ်တိုက်မှုတွင် ပရိဘောဂယာဉ်ပေါ်ပါ ခုနစ်ဦးသေဆုံးပြီး မှန်လုံယာဉ်နှင့် ပရိဘောဂယာဉ်တို့မှ သေဆုံးသူ အမျိုးသား ၁၂ ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၈ ဦး သေဆုံးခဲ့သည်။

အဆိုပါ သေဆုံးသူ ၁၈ ဦးတွင် မြဝတီခရိုင်ဆေးရုံကြီးသို့ ရောက်ရှိရာမှ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး ထပ်မံသေဆုံးခဲ့ခြင်းဖြစ်ကာ ထိခိုက်ဒဏ်ရာရရှိသူ ၃၄ ဦးအား မြဝတီခရိုင်ဆေးရုံကြီးတွင် ကုသဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ မှန်လုံယာဉ်သည် အလင်းရောင်မိုး ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှဖြစ်ပြီး ရန်ကုန်မှ မြဝတီသို့ ယာဉ်မောင်း ခင်စိန်မောင်းနှင်ပြီး ယာဉ်နောက်လိုက် အောင်ဝင်းဇော်တို့နှင့်အတူ ခရီးသည် ၄၅ ဦးလိုက်ပါစီးနင်းခဲ့ခြင်းဖြစ်ကာ စီးနင်းလိုက်ပါသူအများစုမှာ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူ အများဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါ အခင်းဖြစ်ပွားရာသို့ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြပြီး မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် (မြဝတီ)မှ ကယ်ဆယ်ရေးအဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက် ညနေပိုင်းက မူဆယ်မြို့နယ် မော်တောင်းရွာမကျေးရွာအုပ်စု တာလုံကျေးရွာအနီး နမ့်ပေါ်တံတားလုံခြုံရေး ရဲကင်းရှေ့တွင် အောင်ဦး မောင်းနှင်လာသည့် မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၁၇၀၀၊ ဘိန်းဖြူ သုညဒသမ၇၂၆ကီလိုတို့ကို သိမ်းဆည်းရမိသည်။



ထွန်းသန်း(ခ)လိဆင်ချန်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**ကျောက်မဲ**

ထို့အတူ ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး သီပေါ-ကျောက်မဲသွားကားလမ်းတွင် ထွန်းသန်း(ခ)လိဆင်ချန်းမောင်းနှင်လာသည့် ယာဉ်အား ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၃၉၆၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၃ ဒသမ ၂ ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် မြန်မာငွေကျပ် ၅၀၀၀၀ တို့ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်-ကောင်းခါးကျေးရွာ သွားလမ်း ကျောက်ထုတ်လုပ်ရေး စခန်းအနီး လမ်းမတွင် အားဖျင့်(ခ)လောက်သား မောင်းနှင်ပြီး မရောက်လု လိုက်ပါလာသည့်ယာဉ်အား ရပ်တန့်ရှာဖွေရာ အိုက်စ် ၅ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း။

**ကျိုင်းတုံ**

ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် နမ့်နီနန့်လုံကျေးရွာအုပ်စု နာပေါ်ကျေးရွာနေ လောတား၏နေအိမ်ကို ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ်မှ အားရှီလေး(ခ)အားဆဲအား တွေ့ရှိခဲ့ပြီး စိတ်ကြွဆေးပြား ၁၆၀၀၀ နှင့် ဘိန်းစိမ်း ၇၀၀ ဂရမ်တို့ကိုလည်းကောင်း။

**ပင်လောင်း**

အလားတူ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ထီပေါင်းကျေးရွာအုပ်စု ထာငိုကျေးရွာနေ မနန်းစိန်ညွန့်၏ နေအိမ်အား ရှာဖွေရာ စိတ်ကြွဆေးပြား ၁၆၅ ပြားနှင့် ဘိန်းစိမ်း ၄ ဒသမ ၆ ကီလိုတို့ကိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တရားမဝင်သစ် ၃၇၄ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ် ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၄၁ ဒသမ ၄၆၀၆ တန်၊ သစ်မာ ၉၈ ဒသမ ၃၁၂၂ တန်၊ အခြား ၁၃၄ ဒသမ ၆၈၁၅ တန်၊ စုစုပေါင်း ၃၇၄ ဒသမ ၄၅၄၃ တန်၊ တရားခံ ၂၀၊ ယာဉ်/ယန္တရား ၂၀ ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**



## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်တစ်စီးတိမ်းမှောက်ပြီး မီးလောင်မှုဖြစ်ပွား၊ ယာဉ်မောင်းသူသေဆုံး

**တံတားဦး ဇန်နဝါရီ ၃**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် စကားအင်းအမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ က ယာဉ်တစ်စီးတိမ်းမှောက်ပြီး မီးလောင်မှုဖြစ်ပွားရာမှ ယာဉ်မောင်းသေဆုံးကြောင်း စကားအင်း အမြန်လမ်းမကြီးရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးအမြန်လမ်းတွင် မန္တလေးမှ နေပြည်တော်သို့ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်သည် လမ်းလယ်ကျွန်းအားကျော်၍ တိမ်းမှောက်ပြီး တံတားထိပ်စိုက်ထူထားသော တိုင်များအားတိုက်မိကာ ယာဉ်မီးလောင်မှုဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ စကားအင်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူးရဲအုပ် ညီညီအောင်နှင့် တပ်ဖွဲ့ဝင်များ အရေးပေါ်လူနာတင်ယာဉ်အဖွဲ့မှတာဝန်ရှိသူများနှင့်အတူ သွားရောက်စစ်ဆေးရာ ယာဉ်ပေါ်တွင် ယာဉ်မောင်းတစ်ဦးတည်းသာပါရှိပြီး ယာဉ်မောင်းသူမှာ မီးလောင်မှုဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း(စုံစမ်းဆဲ)အား စကားအင်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# ရှေ့နေနှင့် နိုင်ငံခြားဆက်ဆံရေး

ဦးဟန်ညွန့် ( ဥပဒေ )

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် နိုင်ငံခြားဆက်ဆံရေးပါတဲ့"

" ဘယ်လိုအဓိပ္ပာယ်ပါလဲဆရာ"

" ဖတ်ကြည့်ကြပါစို့"

**နိုင်ငံခြားဆက်ဆံရေးဟူသည်**

ကျွန်တော်က တောသား။ အညာသား။ ပခုက္ကူသား။ အညာမှာမွေးပြီး ပခုက္ကူ မြင်းခြံထက်ကျော်ပြီး ဘယ်ကိုမှ မရောက်ဖူး။ မီးရထားကိုပင် မမြင်ဖူး။ မစီးဖူးခဲ့သူ။ ငယ်စဉ်ဘဝနုံချာလှသူ။ ကိုယ့်ဘဝကိုယ် အားမရ၊ မကျေနပ်သူ။ သို့သော် ကျွန်တော်စာဖတ်သည်။ တွေ့သမျှ ဖတ်သည်။ အငမ်းမရဖတ်သည်။

ကျွန်တော်တို့ရွာသို့ အရောက်ပို့သော မန္တလေးက လူထုသတင်းစာကို ရွာဦးဘုန်းကြီးကျောင်းမှာ ဖတ်ရသည်။ သတင်းစာဆရာ လူထုဦးလှ၊ လူထုဒေါ်အမာတို့၏ နိုင်ငံရေးဆောင်းပါးတွေ ဖတ်ရသည်။ ပြည်တွင်းရေးသာမက နိုင်ငံခြားရေး . . .။ လူထုသတင်းစာက မိတ်ဆက်ပေးခဲ့သော နိုင်ငံခြားဆက်ဆံရေး . . .။ ထိုစဉ် ငယ်စဉ်ဘဝကတည်းကသိခဲ့ရသော နိုင်ငံခြားဆက်ဆံရေး . . .။

ယခုတော့ Quality Publishing House က ၂၀၁၉ နိုဝင်ဘာတွင် ထုတ်ဝေသည့် ဆင်ဖြူကျွန်းသန်းထွန်းရေးသော မြန်မာ့နိုင်ငံခြားဆက်ဆံရေးများစာအုပ်မှ နိုင်ငံခြားဆက်ဆံရေးအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရပြီ။

**၁၉၄၇၊ အခြေခံဥပဒေပြဋ္ဌာန်းချက်**

နိုင်ငံခြားဆက်ဆံရေးနှင့် ပတ်သက်ပြီး ပြဋ္ဌာန်းချက် ၂ ခု ပါရှိသည်။

၂၁၁။ ပြည်ထောင်စုမြန်မာနိုင်ငံသည် စစ်မက်ကို နိုင်ငံတော်၏ လက်နက်သဖွယ် အသုံးမပြု၊ စွန့်ပယ်သည်။ ထို့ပြင် နိုင်ငံခြားနှင့် ဆက်ဆံရာ၌ ပြည်ထောင်အချင်းချင်း ဥပဒေ၏ သဘောတရားများကို ကျင့်စဉ်အဖြစ်ဖြင့် လိုက်နာလက်ခံသည်။

211. The Union of Burma renounces war as an instrument of national policy, and accepts the generally reconized principles of international law as its rule of conduct in its relation with foreign States.

၂၁၂။ ပြည်ထောင်စုမြန်မာနိုင်ငံသည် ပြည်ထောင်ချင်းချင်း တရားမျှတမှုနှင့် နိုင်ငံတကာတို့ စောင့်ရှောက်အပ်သော ကျင့်ဝတ်သိက္ခာတို့ကို အခြေခံ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကိုလည်းကောင်း၊ နိုင်ငံတကာတို့နှင့် မိတ်ဝတ်မပျက် ပေါင်းဖက်ဆောင်ရွက်ရေးကို လည်းကောင်း ရှေးရှုမည်ဟူ၍ ခိုင်မြဲသော အဓိဋ္ဌာန်ကိုပြုသည်။

212. The Union of Burma affirms its devotion to the ideal of peace and friendly co-operation amongst nations founded on international justice and morality.(စာ-၅၂)

**ကြားနေဝါဒ**

ကြားနေဝါဒဆိုတာဘာလဲ။ဘက်မလိုက်ဝါဒဆိုတာဘာလဲ။ သတင်းစာထဲမှာ ကြားဖူးနားဝ ဖတ်ဖူးနားဝတော့ အရှိသား။ တိတိကျကျ သိရသည်မှာ -

မြန်မာနိုင်ငံခြားဆက်ဆံရေးမူဝါဒသည် ကြားနေဝါဒ၊ တက်ကြွသော ကြားနေဝါဒ၊ ဘက်မလိုက်ဝါဒ စသည်ဖြင့် ထင်ရှားလာပြီး အောက်ဖော်ပြပါလက္ခဏာများကို အထင်အရှားတွေ့မြင်ရသည်-

၁။ နိုင်ငံ၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့မှုကို လေးစားရေး။

၂။ အခြားနိုင်ငံအား မကျူးကျော်ရေး၊

၃။ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး၊ ဝင်ရောက်စွက်ဖက်မှုကို လက်မခံရေး၊

၄။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေး၊

၅။ မိမိတို့ ကြိုက်နှစ်သက်သော နိုင်ငံရေး၊ စီးပွားရေးစနစ်ကို ရွေးချယ်ကျင့်သုံးနိုင်ရေး၊

၆။ အရှေ့အုပ်စု၊ အနောက်အုပ်စုတွင် မည်သည့်အုပ်စုတွင်မျှ မပါဝင်ရေး၊

၇။ နှောင်ကြိုးမဲ့ စီးပွားရေးအကူအညီများကိုသာ လက်ခံရေး၊

၈။ နိုင်ငံခြားစစ်စခန်းများ မထားရှိရေး၊

၉။ ကိုလိုနီခေတ်၊ ခေတ်သစ်ကိုလိုနီစနစ်ကို ဆန့်ကျင့်ရေး၊

၁၀။ အမျိုးသားလွတ်မြောက်ရေးကို ထောက်ခံရေး၊

၁၁။ အသားရောင်ခွဲခြားမှုကို ဆန့်ကျင့်ရေး၊

၁၂။ အရေးကိစ္စတစ်ခုချင်းအလိုက် မြန်မာရပ်တည်ချက်ကို ဖော်ထုတ်ကျင့်သုံးရေး၊

၁၃။ လက်နက်ဖျက်သိမ်းရေးနှင့် ငြိမ်းချမ်းရေးကို ထောက်ခံရေး၊

၁၄။ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ ဖြစ်ကြသည်။(စာ-၇၉)

**ပြည်ထောင်စုမြန်မာနိုင်ငံသည် ပြည်ထောင်ချင်းချင်း တရားမျှတမှုနှင့် နိုင်ငံတကာတို့ စောင့်ရှောက်အပ်သော ကျင့်ဝတ်သိက္ခာတို့ကို အခြေခံ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို လည်းကောင်း၊ နိုင်ငံတကာတို့နှင့် မိတ်ဝတ်မပျက် ပေါင်းဖက်ဆောင်ရွက်ရေးကိုလည်းကောင်း ရှေးရှုမည်ဟူ၍ ခိုင်မြဲသော အဓိဋ္ဌာန်ကိုပြု . . .**

**အဘယ်ကြောင့် ဘက်မလိုက်လှုပ်ရှားမှုမှ နုတ်ထွက်လိုက်သနည်း**

ဤအဖြေကို ကျွန်တော်သိချင်သည်။ -

သို့ဖြစ်ပါ၍ လေ့လာသည်။ ဆရာဆင်ဖြူကျွန်းသန်းထွန်းက ဤသို့ရှင်းပြ၊ ရေးပြသည်။

၁၉၇၉ ခုနှစ် စက်တင်ဘာလတွင် ကျူးဘားနိုင်ငံ ဟာဗနားမြို့တွင် ဘက်မလိုက် ထိပ်သီးအစည်းအဝေး ကျင်းပရာ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ဦးမြင့်မောင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဘက်မလိုက် ထိပ်သီးအစည်းအဝေးတွင် ပိုပေါ့အစိုးရအား ဆက်လက်အသိအမှတ်ပြု လက်ခံရေး(သို့မဟုတ်) ဗီယက်နမ်က တင်မြှောက်ထားသော ဟမ်ဆာရင်အစိုးရသစ်အား အသိအမှတ်ပြုလျက် အစည်းအဝေးသို့ တက်ခွင့်ပေးရေးကိစ္စကို ငြင်းခုံဆွေးနွေးကြသည်။ ဘက်မလိုက်လှုပ်ရှားမှုတွင် တရုတ်နိုင်ငံ မပါဝင်သော်လည်း ၎င်းအားထောက်ခံသော နိုင်ငံများမှတစ်ဆင့် ကမ္ဘောဒီးယားအစိုးရဟောင်းအား ထောက်ခံမှုရအောင် ဆောင်ရွက်နေသည်။ ဤသို့ဖြင့် ဆိုဗီယက်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့၏ စစ်ရေးအားပြိုင်မှုသည် ဘက်မလိုက်လှုပ်ရှားမှု ထိပ်သီးအစည်းအဝေးတွင် မြင်သာထင်သာ ဖြစ်လာခဲ့သည်။ထိပ်သီးအစည်းအဝေးအိမ်ရှင်ဖြစ်သော ကျူးဘားနိုင်ငံနှင့် အပေါင်းပါနိုင်ငံများ (အိန္ဒိယ၊ ဗီယက်နမ် )က စိတ်တိုင်းကျ ချယ်လှယ်နေသောအဖြစ်ကို မြန်မာကိုယ်စားလှယ်အဖွဲ့က မျက်မြင်တွေ့ရသည်။

၂၀၁၂ ခုနှစ်ထုတ် နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်ပတ်လည် သားကောင်းတမန် နှစ်ပတ်လည်မဂ္ဂဇင်းတွင် ထိုစဉ်က မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး ဦးမြင့်မောင်က မကွေးမြင့်မောင်ကလောင်အမည်ခံယူပြီး မေတ္တာနှင့် စေတနာ ရောင်ပြန်ဟပ်ခြင်း ခေါင်းစီးပါဆောင်းပါးဖြင့် ၎င်း၏ ဟားဗနားအစည်းအဝေး အတွေ့အကြုံများကို ပြန်လည်ရေးသားထားသည်။ ယင်းဆောင်းပါးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြောကြားရန် မိန့်ခွန်းကိုရေးသားပြီး ယူဆောင်ခဲ့ကြောင်း နေ့စဉ်ဖြစ်ပျက်သမျှကို ရန်ကုန်သို့ နေ့စဉ်အစီရင်ခံကြောင်း၊ တစ်နေ့တွင် မိန့်ခွန်းအဟောင်းအစား မိန့်ခွန်းအသစ်ကို ရန်ကုန်မှ ပေးပို့လာကြောင်း၊ မိန့်ခွန်းအသစ်ကို ပြောဆိုပြီးပြီးချင်း မြန်မာကိုယ်စားလှယ်အဖွဲ့အား ဟာဗနားမှ အမြန်ဆုံးထွက်ခွာရန်လည်း ညွှန်ကြားကြောင်း ရေးသားထားပုံကို ဖော်ပြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်သည် ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ခဲ့သည်။ မိန့်ခွန်းအသစ်ကို ဖတ်ကြားရာတွင် ဘက်မလိုက်လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသော နိုင်ငံအချို့၏ လုပ်ရပ်များကြောင့် ဘက်မလိုက်အနေအထားမရှိတော့ကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှုလက္ခဏာများသည် မမှတ်မိနိုင်အောင် ပြောင်းလဲသွားကြောင်း၊ ပြုပြင်ပြောင်းလဲရန် မြန်မာနိုင်ငံက တင်ပြခဲ့သော်လည်း အလေးအနက်ထား စဉ်းစားမှုများ မပြုလုပ်ကြကြောင်း ။ ထို့ကြောင့် ဘက်မလိုက်လှုပ်ရှားမှုမှ နုတ်ထွက်ကြောင်း ပြောကြားခဲ့သည်။(စာ-၁၆၅)

**ခေတ်အဆက်ဆက် နိုင်ငံခြားဆက်ဆံရေး**

ဆင်ဖြူကျွန်း သန်းထွန်းက အောက်ပါခေါင်းစဉ်များအလိုက် သုတေသနပြုရေးသားသည်-

၁။ ပါလီမန်ဒီမိုကရေစီခေတ်ကာလ (ရည်ညွှန်း စာစောင်-၄၄စောင်)

၂။ ဆိုရှယ်လစ်ခေတ်ပြောင်းကာလ တိကျသော ကြားနေဝါဒ ဆက်ဆံရေးများ ( ရည်ညွှန်း-၃၁ စောင်)




၃။ ဆိုရှယ်လစ်ခေတ်ကာလ လွတ်လပ်သော နိုင်ငံခြားရေးဝါဒ ဆက်ဆံရေးများ (ရည်ညွှန်း-၃၉စောင်)

၄။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကာလ မြန်မာနိုင်ငံခြားဆက်ဆံရေးများ၊ (ရည်ညွှန်း - ၃၄ စောင်)

၅။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်ကာလ မြန်မာ့နိုင်ငံခြားဆက်ဆံရေးများ (ရည်ညွှန်း -၄၉ စောင်)

၆။ ဒီမိုကရေစီခေတ်ကာလ မြန်မာနိုင်ငံခြားဆက်ဆံရေးများအကြောင်း (ရည်ညွှန်း-၄၀စောင်)

**ဆင်ဖြူကျွန်းသန်းထွန်း၏ ပုံစံရေးဆွဲဖော်ပြချက်**

မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးကို ပေါ်လွင်စေရန် ဆင်ဖြူကျွန်းသန်းထွန်းက Variations of HEDGING ကို စာမျက်နှာ ၄၇၉ တွင် ရေးဆွဲဖော်ပြထားပါသည်။ အဆိုပါ ဖော်ပြချက်နှင့်စပ်လျဉ်း၍ သူ့အယူအဆကို သဘောတူ၊ မတူ သူ့စာအုပ်ကို ရှာဖွေဖတ်ရှုလေ့လာနိုင်ပါမည်။

**အကျဉ်းချုပ်စာရင်း**

နိုင်ငံများအကြားနှင့် ကဏ္ဍပေါင်းစုံ ဆက်ဆံရေး ဆောင်ရွက်မှုများကို Myanmar – China; Myanmar –USA ; Myanmar –Others ဇယားကွက် (အကျဉ်းချုပ်စာရင်း) (စာ-၄၈၇)တွင် ဖော်ပြထား၍ စိတ်ဝင်စားမှတ်သားဖွယ်ဖြစ်ပါသည်။ ကျမ်းကိုး (၁၁)စောင်ဖြစ်ပြီး Dr.Jurgen Haacke ကမူ မပါမဖြစ် သုတေသီဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်၏ Burma and India: Some Aspects of Intellectual Life Under Colonialism စာတမ်းကို ကိုးကားဖော်ပြထားပြီး မြန်မာ့ခေတ်ပညာတတ် လူငယ်များအနေနှင့် လက်ဝဲစာပေအယူအဆများကို လွတ်လပ်ရေးအတွက် အများအပြားလေ့လာခဲ့ကြောင်း ရေးသားထားသည်ကို မှတ်သားဖွယ်ဖတ်ရသည်။

**နိဂုံး**

ပြည်သူ့ဗဟိုပြု ဝန်ဆောင်မှုများဆီသို့ စာအုပ်ဖြင့် ၂၀၁၇၊ အမျိုးသားစာပေဆုရရှိခဲ့သူ ဆင်ဖြူကျွန်း သန်းထွန်း၏ မြန်မာနိုင်ငံခြားဆက်ဆံရေးများ စာအုပ်သည် ယနေ့ချိန်ခါတွင် အချိန်ကိုက်ထွက်ပေါ်လာသော သုတစာအုပ်တစ်အုပ်ဖြစ်ကြောင်း ကျွန်တော်သတိပြုမိပါကြောင်း . . .။

❖ ❖ ❖

# (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၃**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် စေတနာ့သွေးသန့်သွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲကျင်းပနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သွေးလှူဒါန်းပွဲအတွက် အလှူငွေကျပ်ငါးသိန်းကို ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကာ သံဃာတော်များ အပါအဝင် စေတနာ့သွေးအလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းနိုင်ရေး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာအေးသိန်း၊ မြစ်ကြီးနား ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော်တို့နှင့်အတူ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်တပ်ဖွဲ့မှူး ဦးဒေါင်ဟောင်းနှင့် တပ်ဖွဲ့ဝင်များ၊ သူနာပြုဆရာမများ၏ ကူညီဆောင်ရွက်ပေးနေမှုတို့နှင့် သွေးလှူဒါန်းရှင်များ၏ သွေးလှူဒါန်းမှုတို့ကို ကြည့်ရှုခဲ့ကြပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြသည်။

**မျိုးမြင့်စိုး(ပြည်နယ်ပြန်/ဆက်)**



# အင်္ဂပူမြို့နယ် အထက (ကွင်းကောက်) ကလေးစာပေပွဲတော်ဖွင့်ပွဲ ကျင်းပ



**အင်္ဂပူ ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် ပြုလုပ်သည့် ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း (ကွင်းကောက်) ရှေ့၌ ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က "ယနေ့ပြုလုပ်တဲ့ ကလေးစာပေပွဲတော်မှာ ကလေးများပျော်ရွှင်စေရန်၊ ကလေးစာပေပွဲတော်မှတစ်ဆင့် စာအုပ်စာပေဖတ်ရှုမှုများကိုမွေ့လျော်ပြီး ရာသက်ပန် ပညာရှာမှီးသူများဖြစ်လာစေရန်၊ စုပေါင်းလုပ်ဆောင်မှုများတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများဖြစ်ပေါ်လာစေရန် စသည့်ရည်ရွယ်ချက်များနှင့် ကျင်းပတာဖြစ်ကြောင်း၊ ကလေးများစာဖတ်သည့် အလေ့အထများ၊ ဉာဏ်ရည်ဉာဏ်သွေးများ၊ အသိပညာဗဟုသုတများ တိုးတက်ရေးအတွက် ပြိုင်ပွဲများပါဝင်သကဲ့သို့ ကာယပိုင်းဆိုင်ရာနှင့် စုပေါင်းအလုပ်များတွင် ဝိုင်းဝန်း ပါဝင်တတ်သည့် အလေ့အထကောင်းများဖြစ်လာစေရန် အားကစားပြိုင်ပွဲများလည်း ထည့်သွင်းပေးထားကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ ဖျော်ဖြေရေး၊ စာပေဟောပြောပွဲ၊ ပြခန်းများနှင့် ပြိုင်ပွဲများ ကျင်းပနေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကလေးစာပေပွဲတော်ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အင်္ဂပူမြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဇန်နဝါရီ ၃ ရက်မှ ၄ ရက် အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ နှစ်ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကျော်ကျော်၊ မန်းကျော်**
**ဓာတ်ပုံ-ဝင်းမိုလ်၊ ဇော်ဝင်းဟန်၊**
**ထွန်းဇော်ထွန်း**

# တောင်ဥက္ကလာပမြို့နယ် သခင်ဖိုးလှကြီးလမ်းဖြတ် တံတားဖွင့်

**ရန်ကုန် ဇန်နဝါရီ ၃**

တောင်ဥက္ကလာပမြို့နယ် (၁၄) ရပ်ကွက် စီမံကိန်း (၁)ရှိ သခင်ဖိုးလှကြီးလမ်းဖြတ် တံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်အမှာစကား ပြောကြားသည်။

အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်က သခင်ဖိုးလှကြီးလမ်းဖြတ်တံတား ဖြစ်ပေါ်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က သခင်ဖိုးလှကြီးလမ်းဖြတ်တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်၊ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သစ်သစ်မြင့်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသခင်ဖိုးလှကြီးလမ်းဖြတ်တံတားသည် တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် စီမံကိန်း(၁) နှင့် စီမံကိန်း (၂)အား ဆက်စပ်ထားပြီး တံတားအရှည်မှာ ပေ ၁၁၀ နှင့် အကျယ် ၁၈ ပေရှိကြောင်း သိရသည်။

**နေထက်အောင်**



# ကယားပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်ပွဲ ကျင်းပ



**လွိုင်ကော် ဇန်နဝါရီ ၃**

(၆၈)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် အနေဖြင့် ပြည်နယ်အတွင်းစီမံခန့်ခွဲရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေး စသည့်ကဏ္ဍစုံတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများနှင့် ကဏ္ဍအလိုက် ထူးချွန်စွာဆောင်ရွက်ခဲ့သူ ၆၅ ဦးတို့အား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဌာနတာဝန်ရှိသူများအနေဖြင့် ဂုဏ်ပြုသင့်၊ ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုပေးနိုင်ရန်အတွက် အလေးထားတင်ပြပေးစေလိုကြောင်း၊ မိမိအနေနှင့် ယခုလက်ရှိဆုချီးမြှင့်မည့်သူများကို ထိုက်တန်သူများအဖြစ်မှတ်ယူ၍ ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ဂုဏ်ပြုလက်မှတ်လက်ခံရရှိသည့် နိုင်ငံ့ဝန်ထမ်းများကိုယ်စား ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဒုပြည်နယ်ဦးစီးမှူးကလည်းကောင်း၊ ပြည်သူများကိုယ်စား ဦးတင်လှကလည်းကောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ ကယားပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းလေး**
**(လွိုင်ကော်)**

# ပျိုးထောင်နည်းစနစ် သရုပ်ပြသ

**ရေတာရှည် ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၄၈) စက်မှုလယ်ယာစခန်းဦးစီးဌာနက စိုက်ပျိုးမှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစီမံကိန်း (ADSP) ဖြင့် နွေစပါးရာသီ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည့်တောင်သူများကို ပျိုးထောင်နည်းစနစ်အမျိုးမျိုးပြပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ပိတောက်ခင်ကျေးရွာနေ တောင်သူဦးဝင်းမောင်၏လယ်ကွက်၌ ကျင်းပသည်။

"တောင်သူအများစုက မျိုးစေ့ကိုကြဲပက်ပြီး စိုက်ပျိုးတဲ့အခါမှာ တစ်ဧကကို စပါးလေးတင်းနှုန်းလောက် ကုန်ကျတယ်။ စပါးစေ့တွေကျပ်နေတဲ့အခါကျတော့ ပင်ပွားနှုန်းကျဆင်းသွားတာရှိတယ်။ ခုစက်နဲ့ စိုက်ပျိုးမယ်ဆိုရင် တစ်ဧကအတွက် မျိုးစပါးရှစ်ပြည်နဲ့ ၁၀ ပြည်ကြားပဲကုန်ကျလို့ မျိုးစရိတ်သက်သာတယ်။ စိုက်ပြီးတဲ့ ကောက်ပင်တွေက လေဝင်လေထွက်၊ နေရောင်ခြည်ရရှိမှု၊ ပင်ပွားနှုန်းကောင်းတဲ့အတွက် စပါးအထွက်နှုန်းကောင်းမွန်တာကို စိုက်ပျိုးပြီးတဲ့ တောင်သူတိုင်းသိကြပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးသိန်းလွင်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်ကြီးကျင်းပနိုင်ရေး ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် ကြိုတင်ပြင်ဆင်

**ရန်ကုန် ဇန်နဝါရီ ၃**

ဒုတိယအကြိမ်မြောက်ကျင်းပမည့် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" (Manmar Ethnics Culture Festival )ပွဲတော်ကြီးကို ရန်ကုန်မြို့ အရှေ့မျဉ်းပြိုင်ကွင်းလမ်း ကျိုက္ကဆံကွင်း ဝင်ပေါက်တွင် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ယခုအခါတွင် ပွဲတော်ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ထိုပွဲတော်ကြီးကို တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ ကယားပြည်နယ်တိုင်းရင်းသွားလုပ်ငန်းရှင်များအသင်းတို့က ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ မြန်မာမှုတွေကိုထင်ပေါ်စေချင်တယ်။ မြန်မာမှုတွေကို အခုလိုလူအများလာရောက်တဲ့အခါမှာ ချပြစေချင်တယ်။ ဒီအတွက် UNESCO အသိအမှတ်ပြုခံထားရတဲ့ သရပါတံခါး မုခ်ဦးကြီးအပါဝင် ပုဂံမြို့အဝင်မုခ်ဦးတွေကို ပြင်ဆင်တည်ဆောက်ဖို့ ပုဂံ၊ မြင်းကပါဒေသက ပညာရှင်တွေ၊ ဗိသုကာတွေကို ခေါ်ပြီးထုနဲ့ ထည်နဲ့ကိုတည်ဆောက်သွားမယ်။ စစ်သူကြီးလေးဦးရဲ့ရုပ်ပုံ ရုပ်တုတွေလည်း ပါမယ်။ အဓိကကတော့ ယနေ့ခေတ်လူငယ်နောင်လာနောက်သားမျိုးဆက်သစ်တွေ သိစေဖို့ပါ။ ပွဲတော်ကြီးမှာ ဆိုင်းခန်းပေါင်း ၁၀၀၀ ကျော်ပါမယ်။ ဒီဆိုင်ခန်းတွေမှာ တိုင်းရင်းသားမျိုးစုံရဲ့ ရိုးရာအဝတ်အထည်ပြခန်း၊ စားသောက်ခန်းတွေ ပါဝင်မယ်။ ဒီပွဲတော်ကြီးက ပြီးခဲ့တဲ့နှစ်ကဆိုလာရောက်သူ ရှစ်သိန်းကျော်ခဲ့တယ်။ ဒီနှစ်မှာ ထူးထူးခြားခြား အစီအစဉ်တွေနဲ့ ကျယ်ကျယ်ပြန့်ပြန့်ကျင်းပမှာဖြစ်လို့ လူဦးရေ ၁၂ သိန်းလောက်ကိုလာရောက်လည်ပတ်မယ်လို့ မျှော်မှန်းထားပါတယ်"ဟု အောင်မိသားစုပွဲတော်ကျင်းပရေးအဖွဲ့မှ တာဝန်ခံဒေါ်ခင်ဌေးမြင့်က ပြောကြားသည်။

ပွဲတော်ကျင်းပနိုင်ရေးအတွက် ယခုအခါတွင် ကျိုက္ကဆံကွင်းကြီးအား ရှင်းလင်းဆောင်ရွက်ပြီး အဝင်မုခ်ဦးများတည်ဆောက်ခြင်း၊ ဆိုင်ခန်းနေရာများချထားနိုင်ရေးဆောင်ရွက်ခြင်း၊ ပွဲတော်ကျင်းပရေးကော်မတီ ရုံးခန်းများ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ပွဲတော်ကျင်းပရေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်ပါဝင်မည်ဖြစ်သည်။ ထိုဆိုင်ခန်းများတွင် တိုင်းရင်းသားညီအစ်ကိုများ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒေသထွက်သီးနှံများ၊ တိုင်းရင်းသားရိုးရာအဝတ်အထည်များ၊ ရိုးရာအမှတ်အသားလက်ဆောင်များ၊ ကျန်းမာရေးအထောက်အကူပြု သဘာဝအစားအသောက်များ၊ တိုင်းရင်းသားတို့၏ အသုံးအဆောင်ပစ္စည်းများ၊ တိုင်းရင်းသားတို့၏ ပြည်တွင်းလက်မှုပစ္စည်းများ၊ ဂိမ်းကစားရန်နေရာများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင်ပွဲတော်ကျင်းပမည့် ကျိုက္ကဆံကွင်းဝင်ပေါက်အနီးတွင် ပွဲတော်ကျင်းပရေးကော်မတီ ရုံးနှစ်ရုံးအား ဖွင့်လှစ်ထားပြီး ခင်းကျင်းပြသမည့်ဆိုင်ခန်းနေရာများ လာရောက်လေ့လာ လျှောက်ထားနေပြီဖြစ်ကြောင်း အောင်မိသားစုပွဲတော်ကျင်းပရေးအဖွဲ့မှ သိရသည်။

ထို့ပြင်လာရောက်လည်ပတ်သူများ အနေဖြင့်လည်း တိုင်းရင်းသားလူမျိုးတစ်ခုချင်းစီး၏ အကအလှများ၊ နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ ပြခန်းများ၊ ပွဲတော်အထိမ်းအမှတ်ကစားပွဲများ၊ တိုင်းရင်းသားရိုးရာအမှတ်တရဓာတ်ပုံများရိုက်ကူးရန် Photo Booth များ၊ တိုင်းရင်းသားများ၏ နေထိုင်မှုပုံစံများ၊ မတူကွဲပြားသော ဝတ်စားဆင်ယင်မှုများနှင့် အထင်ကရနေရာများကို တည်းဖြတ်ဖော်ပြထားသော Virtual Reality နှင့် Augmented Reality နည်းပညာပြခန်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ခံစားကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီရုံးမှ သိရသည်။

**မြင့်မောင်**

■



## ဒီဇင်ဘာရုံးပိတ်ရက် ပြင်ဦးလွင်သို့ လာရောက်လည်ပတ်သူများပြား

**ပြင်ဦးလွင် ဇန်နဝါရီ ၃**

ရာသီဥတုအေးမြပြီး ပန်းပေါင်းစုံဖူးပွင့်လျက်ရှိသော အာရှ၏အလှပဆုံးတောင်ပေါ်မြို့ ၁၀ မြို့စာရင်းဝင် ပြင်ဦးလွင်မြို့သို့ ယခုဆောင်းရာသီကာလ ဒီဇင်ဘာရုံးပိတ်ရက်အတွင်း ပြည်တွင်း ပြည်ပခရီးသွားများပိုမိုလာရောက်ကြပြီး မဟာအံ့ထူးကံသာဘုရားကြီးနှင့် နီးဘုရားတို့သို့ သွားရောက်ဖူးမြော်ကြပြီး ပွဲကောက်ရေတံခွန်၊ ဓာတ်တော်ချိုင့်ရေတံခွန်၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ဒီဇင်ဘာဥယျာဉ်တို့တွင် ကျင်းပသော ပန်းပွဲတော်များသို့လည်း လေ့လာလည်ပတ်ကြသူများ များပြားလျက်ရှိကြောင်း သိရသည်။

“ယခု (၁၄)ကြိမ်မြောက် ပန်းပွဲတော်မှာဆိုရင် လာရောက်လည်ပတ်သူတွေ ပန်းခင်းထဲရောက်နေသလိုမျိုးခံစားနိုင်အောင်နဲ့ ဓာတ်ပုံအလွယ်တကူ ရိုက်လို့ရအောင်လို့ ပန်းတွေကို လူ့အရပ် Level ထိမြှင့်ပြီးပြသထားပါတယ်၊ နေကြာပန်းဝင်္ကပါပြကွက်မှာဆိုရင် ကမ္ဘာကျော် ပန်းချီဆရာ ဗင်းဆင့်ဗန်ဂိုးရဲ့ နေကြာပန်းပုံတူပန်းချီကားကို တရားဝင်ခွင့်ပြုချက်ရယူပြီးပြသထားပါတယ်၊ နယ်သာလန်ကဒီဇိုင်းရေးဆွဲပေးတဲ့ ပန်းတွေကို အမျိုးအစားပေါ်မူတည်ပြီး ငါးရက်တစ်ကြိမ် တစ်ပတ်တစ်ကြိမ် လဲလှယ်ပေးပါတယ်၊ ကြည့်ရှုသူတွေအနေနဲ့ ချိုးယူခြင်း၊ မှီပြီးဓာတ်ပုံရိုက်တဲ့အခါ ကျိုးပြီးပျက်စီးကုန်လို့ အစားထိုးလဲလှယ်ပေးရတယ်၊ ပန်းလဲတဲ့အချိန်နဲ့ ကြုံတဲ့အခါ ဧည့်သည်တွေကိုပြန်လည်ဝေမျှပေးပါတယ်၊ ကြည့်ရှုသူတွေအဆင်ပြေအောင် ချိုးယူတာမျိုးတွေမလုပ်စေချင်ပါဘူး”ဟု အမျိုးသားကန်တော်ကြီးဥယျာဉ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

မင်းကင်းမြို့ အောင်သရဖူဘော်ဒါမှ ဆရာမဒေါ်ဝေဖြူနှင်းကလည်း “ကျွန်မတို့ဘော်ဒါက ကျောင်းသား ၁၀၀ကျော်နှင့် ပုဂံကဘုရားဖူးအပြန်လာလည်တာပါ၊ ကျောင်းသားတွေကလည်း တစ်ခါမှမရောက်ဖူးတော့ ပျော်ပြီး စိတ်အပန်းပြေတယ်၊ အပြင်မှာမြင်ရတဲ့အခါ ပိုပြီး ကြည်နူးစရာလည်းကောင်း လှလည်းလှပါတယ်” ဟု ဆိုသည်။

ပြင်ဦးလွင်မြို့သို့ ပန်းပွဲတော်ကျင်းပသည့်ကာလဖြစ်သည့် ယခုရာသီတွင် လာရောက်လည်ပတ်ကြသူများ ပိုမိုများပြားကြောင်းသိရသည်။

**မြတ်ဆုမွန်**

## (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ




### အထက်မင်းလှ

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူးကျင်းပသော(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကလေးပြိုင်ပွဲ၊ စံပြမိခင်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာခြည်ဖြိုးနှင့်အဖွဲ့ဝင်များက ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲတွင်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲသို့ မင်းလှမြို့ပေါ်ရပ်ကွက်များမှ မိခင်နှင့်ကလေး ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

### ပုလော

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်မီနီမာရသွန် ပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၅ နာရီက မင်းထိန်ကျေးရွာ၌ ကျင်းပသည်။

ပြိုင်ပွဲဝင် ကစားသမား ၂၉ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲလမ်းတစ်လျှောက်တွင် အားကစားကော်မတီဝင်များ၊ ပရဟိတ လူနာတင်ယာဉ်များဖြင့် လိုက်ပါကူညီစောင့်ကြည့်ပေးခဲ့ကြကြောင်း သိရသည်။ **ထူးဝေယံ(ပြန်/ဆက်)**

### ဘောလခဲ

ကယားပြည်နယ် ဘောလခဲမြို့တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်မီနီမာရသွန်အပြေးပြိုင်ပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့တွင် ဇန်နဝါရီ ၃ ရက် နံနက် ၅ နာရီခွဲက ကျင်းပသည်။

ပြန်ကြားရေးနှင့်ပြည့်သူ့ဆက်ဆရေးဦးစီးဌာနရုံးရှေ့မှ စတင်တာလွှတ်ပြီး မြို့မအားကစားကွင်းအတွင်းသို့ ပန်းဝင်စေခဲ့ပြီး ပြိုင်ပွဲဝင်အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၀၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **လှရွှေ**

### မဘိမ်း

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ မဘိမ်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **ထိန်လင်းဦး (ပြန်/ဆက်)**

### ရှမ်းရွာသစ်

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ရှမ်းရွာသစ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဌာနတွင် ကျင်းပသည်။

ထို့နောက် (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီဆွဲပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇင်လေး (ပြန်/ဆက်)**

### လေးမျက်နှာ

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

လွတ်လပ်ရေးနေ့ ဒို့မမေ့ ခေါင်းစဉ်ဖြင့် အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ရွှေမိုး(ပြန်ဆက်)**

## သတင်းစုံကဏ္ဍ

### နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပမည်

**ခန္တီး**

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တိုင်တိုင် ခန္တီးမြို့ နာဂရိုးရာကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီတွင် နာဂရိုးရာကွင်းအဝင်မုခ်ဦး ဖွင့်လှစ်ခြင်း၊ တံခွန်တိုင်စိုက်ထူခြင်း၊ ဆုတောင်းတိုင်စိုက်ထူခြင်းနှင့် အားကစားပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် နာဂရိုးရာ အခမ်းအနားကျင်းပခြင်း၊ ညနေ ၆ နာရီတွင် မီးပုံပွဲဖွင့်လှစ်ခြင်းနှင့် ရိုးရာယဉ်ကျေးမှုအကပွဲများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်းနှင့် ဇန်နဝါရီ ၁၆ ရက်တွင် နာဂမျိုးနွယ်စုများမှ ရိုးရာဝတ်စားဆင်ယင်မှုများဖြင့် ပြသတင်ဆက်ခြင်း၊ တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စနေမောင် (ခန္တီး)**

### ကော့ခနိကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်

**မော်လမြိုင်**

အမျိုးသမီး အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့နယ် ကော့ခနိကျေးရွာရှိ ရွှေကျောင်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးဝင်းနိုင်က သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများအား ပေးအပ်သည်။

သင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

### လက်သမားသင်တန်းဖွင့်

**ကျွန်းလှ**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံလက်သမား သင်တန်းကို ဇန်နဝါရီ ၁ ရက်က ကျွန်းလှမြို့နယ် ရွှေတောင်ကျေးရွာ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

### မိုးစပါး (ဆင်းသုခ) စံကွက်ရိတ်သိမ်း

**ချောင်းဦး**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာ မိုးစပါး(ဆင်းသုခ) စံကွက်ရိတ်သိမ်းပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။

သုံးပန်လှကျေးရွာ မိုးစပါး(ဆင်းသုခ) စံကွက်ရိတ်သိမ်းကွင်းမှ တစ်ဧက ၁၂၂ တင်းထွက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးထံမှ သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**



မိတ္ထီလာမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝင်းမြင့်ဦးသည် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် ပြည်သာယာမြောက်အခြေခံပညာ အလယ်တန်းကျောင်း၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုပပျောက်ရေးတို့ကို အသိပညာပေးဟောပြောစဉ်။

စိုးမိုး(ပြန်/ဆက်)

## ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေအကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သည့် သိကောင်းစရာများ ဟောပြောဆွေးနွေး



**ရန်ကုန် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် သိကောင်းစရာအကြောင်းအရာများကို ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI မင်္ဂလာခန်းမ၌ ရှင်းလင်းဟောပြောဆွေးနွေးပွဲ ကျင်းပသည်။

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစောနေနွယ် က မူပိုင်ခွင့်ဥပဒေကို ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင် အသင်းဝင်များ အနေဖြင့် ပိုမိုသိရှိနားလည်နိုင်စေရန် အသိပေးရှင်းလင်းဟောပြောပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောသည်။

ပညာရေးဝန်ကြီးဌာန မူပိုင်ခွင့်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က "မူပိုင်ခွင့်ဥပဒေမှာတော့ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်နဲ့ပတ်သက်တဲ့အခွင့်အရေးများကို ရရှိချင်တယ်ဆိုရင်ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရမှတ်ပုံတင်လျှောက်ထားကြရမှာဖြစ်ပါတယ်။ ကုန်အမှတ်တံဆိပ်နဲ့ ပတ်သက်တဲ့ အရည်အသွေးရှိ-မရှိကို စစ်ဆေးသွားမှာဖြစ်ပြီး ဒီအမှတ်တံဆိပ် အသုံးပြုနေတဲ့ ကာလပတ်လုံးမှာ ပိုင်ဆိုင်သွားနိုင်ဖို့အတွက်ရော မျှတတဲ့ယှဉ်ပြိုင်မှုတွေဖြစ်နိုင်ဖို့အတွက်ပါ ကျွန်မတို့မူပိုင်ခွင့်စစ်ဆေးရေးအဖွဲ့ကနေ တာဝန်ယူဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိဆောင်ရွက်နေတဲ့ အခြေအနေအရပ်ရပ်ကို အများသိရှိစေရန်အတွက် တင်ပြပေးခြင်းဖြစ်ပြီး လိုက်နာဆောင်ရွက်ရမယ့် အချက်အလက်များကို အသိပေးရှင်းလင်းဟောပြောဆွေးနွေးပေးတာဖြစ်ပါတယ်"ဟု ပြောကြားသည်။

လုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များအပါအဝင် မူပိုင်ခွင့်နှင့်ပတ်သက်သည့် အချက်အလက်အကြောင်းအရာများအား စိတ်ဝင်စားသူများပါ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည့်အကြောင်းအရာများကို မူပိုင်ခွင့်ဌာနမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြား ဆွေးနွေးပေးခဲ့ကြောင်းသိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

## ဟိုတန့်ရေထွက်မှ နမ့်စန်မြို့သို့ သောက်သုံးရေသွယ်ယူနိုင်ရေး ကွင်းဆင်းစစ်ဆေး



**နမ့်စန်(တ) ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နေ ဒေသခံ တိုင်းရင်းသားပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရန် ဟိုတန့်ရေထွက်မှ နမ့်စန်မြို့သို့ သောက်သုံးရေသွယ်တန်းယူနိုင်ရေး အတွက် ကွင်းဆင်းစိစစ်ရေးအဖွဲ့သည် ဇန်နဝါရီ ၁ ရက် မွန်းလွဲပိုင်းက ရေထွက်နှင့် ရေသွယ်ယူမည့် လုပ်ငန်းနေရာများကို ကွင်းဆင်းကြည့်ရှုသည်။

ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းတို့ ဦးဆောင်သည့် ကွင်းဆင်းစိစစ်ရေးအဖွဲ့သည် နမ့်စန်မြို့နယ် စည်ပင်သာယာရေးဌာန အစည်းအဝေးခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေနှင့် ဦးစိုင်းလုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှထွေးနှင့် မြို့နယ်စည်ပင်သာယာရေးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သောက်သုံးရေ သွယ်ယူနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် အမှတ်(၅) ရပ်ကွက်ရှိ မြို့ရေပေးဝေရေး တောင်ပေါ်ရေကန်၊ အမှတ်(၄) ရပ်ကွက်ရှိ ရေစုကန် လျာထားသည့် မြေနေရာ၊ မြို့ဦးရေကန်နှင့် နမ့်စန်မြို့မှ ၁၀ မိုင်ကျော် ကွာဝေးသည့် လွိုင်တန့် (ဟိုတန့်) ရေထွက်နေရာတို့ကို သွားရောက်၍ ရေသွယ်ယူနိုင်မည့်လုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေများကို ကြည့်ရှုခဲ့သည်။

**သူရအောင်(ပြန်/ဆက်)**

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြခန်းပေါင်း (၁၁) ခန်း ခင်းကျင်းပြသထား

**ဖျာပုံ ဇန်နဝါရီ ၃**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားများနှင့် ပြခန်းများဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် ညနေ ၃ နာရီက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ (၅)လမ်း၌ ပြုလုပ်ခဲ့သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးမြင့်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဦး၊ ဖျာပုံခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းတို့က ပြခန်းများအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဖျာပုံမြို့၌ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် စိုက်ပျိုးရေး၊ ဆည်မြောင်း၊ ငါးလုပ်ငန်း၊ လူမှုဝန်ထမ်း၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှု၊ ပတ်ဝန်းကျင်၊ သစ်တော၊ စိုက်ပျိုးရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပညာရေး၊



ကျန်းမာရေးဆိုင်ရာပြခန်းများ ခင်းကျင်းပြသထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ဇီးကုန်းမြို့နယ်အတွင်း ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူ

**ဇီးကုန်း ဇန်နဝါရီ ၃**

ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီမှစတင်၍ ကောက်ယူလျက်ရှိသည်။

အဆိုပါ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းကို အမှတ်(၁)ရပ်ကွက် အေးမြသာယာမြို့သစ် (၃)လမ်းမှစပြီး ဇီးကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနရုံးမှ မြို့နယ်ဦးစီးမှူးဦးအောင်ကျော်မိုး၊ ဒေါ်သန္တာဦး (စာရင်းစစ်)၊ ဒေါ်နန်းယုဝေ(စာရင်းကောက်)နှင့်အဖွဲ့၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ကော်မတီဝင်များက ကွင်းဆင်း၍ စာရင်းစတင်ကောက်ယူခဲ့ကြသည်။

ယခုကောက်ယူမည့် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ယခင်ကောက်ယူခဲ့သည့် မေးခွန်းစာရွက် အသုံးပြုသည့်နည်းဖြင့် ကောက်ယူမည်မဟုတ်ဘဲ Mobile Tablet ကို အသုံးပြုကာ ကွန်ပျူတာအထောက်အကူပြု တစ်ဦးချင်း မေးမြန်းကောက်ယူသည့် (CAPI) စနစ်ဖြင့် ကောက်ယူခြင်းဖြစ်ပြီး ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ဇီးကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက် နှစ်ခု၊ ကျေးရွာအုပ်စု ငါးအုပ်စုတို့တွင် ကောက်ကွက် ခုနစ်ကွက်အား ဇန်နဝါရီ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းထွန်း**
**(ဇီးကုန်း)**



# မြို့သစ်မြို့တွင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူ

**မြို့သစ် ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့တွင် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ဆူးတပ်ကြီးကျေးရွာအုပ်စု၊ ရွှေဘိုကျေးရွာနှင့် ရေကြည်ပင်ကျေးရွာတို့၌ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းကို Mobile Tablet အသုံးပြုကာ အချက်ပေါင်း ၁၁၀ ပါဝင်တဲ့ မေးခွန်းများမေးမြန်းပြီး ကောက်ယူသွားမှာဖြစ်ပါတယ်"ဟု မြို့နယ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မတီ အတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်ထွန်းက ပြောကြားသည်။

မြို့နယ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးခင်ထွန်း၊ မြို့နယ် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဝင်များ၊ ရပ်/ကျေးစာရေးနှင့် စာရင်းကောက်အဖွဲ့ဝင်များက ဇန်နဝါရီ ၂ ရက်မှ ၁၅ရက်အထိ စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေး

**မအူပင် ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စုအတွင်းရှိ တမလိုကျေးရွာနှင့် အလန်းအုပ်ကျေးရွာနေကျေးလက်ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဇန်နဝါရီ ၁ ရက် နေ့လယ်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအေးမင်းသန်းနှင့် မအူပင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများက အလန်းအုပ်ကျေးရွာ မူလတန်းလွန်ကျောင်း၌ လျှပ်စစ်နှင့်ပတ်သက်သည့် အသိပညာပေးဟောပြောခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ခိုင်၊ အောင်မြင့်မြတ်(မအူပင်)**





# ပေါင်မြို့နယ်၌ ဆောင်းခို ရှားပါးငှက်မျိုးစိတ်တစ်မျိုး တွေ့ရှိ

**ပေါင် ဇန်နဝါရီ ၃**

အာရှတိုက်တွင် တွေ့ရခဲသော ရှားပါးငှက်မျိုးစိတ်ဖြစ်သော ဒေါင်းလန်းခြေထောက် (White Headed Stilt) အမျိုးအစားငှက်တစ်မျိုးကို ပေါင်မြို့နယ်တွင် တွေ့ရသည်။

အကောင် ၈၀ ခန့် အုပ်စုလိုက်နေထိုင်စားသောက်ကြပြီး လယ်ယာမြေထွန်ယက်နေစဉ် အစာရှာစားသောက်ကြပြီး ညဘက်တွင် ဇင်းကျိုက်တောင်တန်းဘက်သို့ ပျံတက်အိပ်စက်ကြသည်။

ယင်းရှားပါးငှက်မျိုးစိတ်များ၏ မူရင်းနေရပ်မှာ အာတိတ်သမုဒ္ဒရာနှင့် သမပိုင်းအစပ်ဒေသများဖြစ်သော မွန်ဂိုလီးယား၊ ဩစတြေးလျ၊ နယူးဇီလန် စသည့်ဒေသများတွင် ကျက်စားလေ့ရှိကာ အာရှတိုက်အတွင်း ရံဖန်ရံခါမှသာ တွေ့ရှိရသည်ဟု သိရသည်။

အဆိုပါရှားပါး ငှက်များကို ကတွန်နှင့်သဲကုန်းဆက်သွယ်ထားသော လမ်းမကြီးအနီးတွင် တွေ့ရှိနိုင်ပြီး ငှက်မျိုးစိတ်ထိန်းသိမ်းရေးအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ပေးပါက သားငှက်မျိုးစိတ် ပျောက်ကွယ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဒေသခံဦးဇော်မင်းက ပြောသည်။

**သတင်း - လှိုင်ထွန်းအောင်(သထုံ)**
**ဓာတ်ပုံ - ဇော်မင်း**

# မြန်မာ့ရိုးရာမြင်းစီးအားကစားပြိုင်ပွဲဒုတိယနေ့ အားပေးသူများဖြင့်စည်ကား

**မိတ္ထီလာ ဇန်နဝါရီ ၃**

မိတ္ထီလာမြို့နယ် မကျီးချောက်ကျေးရွာ၌ ဖိတ်ခေါ် မြန်မာ့ရိုးရာ မြင်းစီးအားကစားပြိုင်ပွဲ ဒုတိယနေ့ကို ဇန်နဝါရီ၃ ရက် နံနက် ၉ နာရီခွဲက ဆက်လက်ကျင်းပရာ ကြည့်ရှုအားပေးသူများဖြင့် စည်ကားသိုက်မြိုက်ခဲ့ကြောင်း သိရသည်။

"အရင်တုန်းက မိတ္ထီလာမှာ မြင်းပြိုင်ပွဲတွေ မကြာခဏ ကျင်းပခဲ့ပေမယ့် အခုလို ဖိတ်ခေါ် မြင်းပြိုင်ပွဲမျိုး ကျင်းပခြင်း မရှိတာကြာပြီဆိုတော့ အရင်တုန်းက ကြည့်ရှုဖူးသူတွေရော မြင်းပြိုင်ပွဲကို လုံးဝမြင်တွေ့ဖူးခြင်းမရှိသေးတဲ့ သူတွေရော လာရောက်ကြည့်ရှုကြတာများလို့ ပြိုင်ပွဲအားပေးကြည့်ရှုသူတွေ စည်ကားသိုက်မြိုက်တာဖြစ်ပါတယ်။ မြင်းစီးအားကစားဖွံ့ဖြိုးတိုးတက်ဖို့၊ ပြိုင်မြင်းကောင်းတွေနဲ့ မြင်းစီးအားကစားသမားကောင်းတွေ ပေါ်ထွက်ဖို့ရည်ရွယ်ပြီး အခုလို ဖိတ်ခေါ်မြင်းပြိုင်ပွဲ ကျင်းပတာဖြစ်ပါတယ်"ဟု ခရိုင်မြင်းစီးအားကစားအသင်းဥက္ကဋ္ဌ ဦးအောင်မြတ်ထွန်းက ပြောကြားသည်။

အဆိုပါ မြင်းစီးပြိုင်ပွဲကို မြန်မာခြေ (အသားကျ)၊ မြင်းအကြီးတန်း ဒုန်းစီး၊ မြင်းအငယ်တန်း ဒုန်းစီးပြိုင်ပွဲ သုံးမျိုးခွဲခြားကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ မြို့နယ်ပေါင်းစုံရှိမြင်းစီးကလပ် ၂၆ ခုမှမြင်းစီးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ မြင်းစီးအားကစားပြိုင်ပွဲကို လာရောက်ကြည့်ရှုသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# လယ်ကြီးသာကျေးရွာမှ နွားချည်ကြိုးများ ဒေသအနှံ့တင်ပို့

**ငါန်းဇွန် ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် လယ်ကြီးသာကျေးရွာတွင် ကြိုးကျစ်လုပ်ငန်းဖြင့် နေ့စဉ်ပုံမှန်ဝင်ငွေရရှိကြောင်း သိရသည်။

ကြိုးကျစ်လုပ်ငန်းတွင် နွားချည်ကြိုးအတွက် ပလတ်စတစ်ကြိုးများဖြင့်ကျစ်ကာ နွားလည်ပင်းကြိုးများကို ချည်ဖြင့်ကျစ်ကြရသည်။ ချည်ကုန်ကြမ်းဝယ်ယူရာတွင် ချည်တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ ပေးရပြီး ပလတ်စတစ်ကြိုးမှာ တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ဖြင့်ဝယ်ယူပြီး ကြိုးကျစ်ကြရသည်။ နွားချည်ကြိုး ငါးတောင်အရှည် ကုန်ချောတစ်စုံလျှင် ငွေကျပ် ၁၀၀၀ ဖြင့်ရောင်းချပြီး နွားလည်ပင်းကြိုးငယ် တစ်စုံလျှင် ငွေကျပ် ၂၅၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

ကြိုးကျစ်ရာတွင် လိုအပ်သောပေအရှည်အတိုင်းဆွဲကာ ကြိုးကျစ်စက်ကလေးဖြင့် လှည့်ကာကျစ်ပေးကြရသည်။ ကြိုးကျစ်ရာတွင် ချည်အလိုက် ၁၀ ပင်၊ ၁၅ ပင်၊ အပင် ၂၀ အထိ ထည့်သွင်းကျစ်ကြရသည်။ ကြိုးကျစ်ရာတွင် နှစ်လွန်းတင် သုံးလွန်းတင်မှ ခြောက်လွန်းအထိ ကျစ်ကြရသည်။ အများစုမှာ ခြောက်လွန်းတင် ကျစ်ကြရသည်။ နွားချည်ကြိုးတစ်ချောင်းလျှင် ငါးတောင်အရှည်ကို ကျစ်ကြရသည်။

နွားချည်ကြိုးအပြင် ရာသီအလိုက် ထန်းတက်ကြိုးများလည်းကျစ်ကာ ရောင်းချကြသည်။ ထန်းတက်ကြိုးကိုမူ ချည် ၁၀ ပင်ဖြင့် ကျစ်လေ့ရှိသည်။ လက်ရှိကာလတွင် နွားချည်ကြိုးနှင့် နွားလည်ပင်းကြိုးကို အားထားကျစ်ကာ ကျောက်ဆည်မြို့နှင့် အခြားဒေသများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**နေနဒီ (မြစ်ငယ်)**

# ဆရာကြီးမင်းသုဝဏ်၏ လွတ်လပ်ရေးဂုဏ်ပြုကဗျာများ

မြင့်ဆွေဦး

အမျိုးသားစာဆိုတော်ဆရာကြီး မင်းသုဝဏ်သည် လွတ်လပ်ရေးနှင့်ပတ်သက်၍ ကဗျာများရေးသားခဲ့လေသည်။ ထိုကဗျာများအနက် အထူးခြားဆုံးကဗျာမှာ သပြေညိုဖြစ်သည်။ ထိုကဗျာကို ဆရာကြီးသည် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ်က ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ ၁၉၃၇ ခုနှစ် ကျောင်းပိတ်ရက်တွင် ဝေးလ်ပြည်နယ် စိန့်ဒိုင်းနီးယဲစာကြည့်တိုက်၌ ဆောင်းခိုရင်း စာကြည့်နေချိန်ဖြစ်သည်။ ၁၉၃၈ ခုနှစ် အောက်စဖို့ဒ်တက္ကသိုလ်သို့ မပြန်မီ တစ်ရက်အလို ဇန်နဝါရီလ ၄ ရက်နေ့တွင် သပြေညိုကဗျာကိုရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။



### သပြေညို

သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို
တို့ပြည်မှာ တို့မေကမ်းပါတဲ့
သပြေညိုရွှေဘိုပန်းဟာက
လန်းလျက်ပါကို။
ဘာမလျှော့လေနဲ့
လာတော့မကွဲ့ရွှေဗဟိုရ်
လေချိုကအသွေး။
လင်းကြက်အဆော်
ကွင်းထက်မှာတူပျော်ပျော်နဲ့
စည်တော်ကို ရည်မျှော်မှန်းကာပ
ရောင်နီမှာအောင်စည်ရွှမ်းရအောင်
သပြေညိုရွှေဘိုပန်းရယ်နဲ့
လှမ်းကြစို့လေး။ ။
၄ ဇန်နဝါရီ၊ ၁၉၃၈

ဆရာကြီးမင်းသုဝဏ်က "ဘိလပ်ကျွန်းဖြစ် သပြေညို ဆောင်းပါး"တွင် (သပြေညို) ကဗျာရေးဖြစ်ခဲ့ပုံကို ရေးသားခဲ့လေသည်။ အင်္ဂလန်တွင် အတာကူးပွဲ ကျောင်းပိတ်ရက်သည် နှင်းကျရေခဲလောက်အောင် အေးသောရာသီဖြစ်သဖြင့် ဆရာကြီးသည် စိန့်ဒိုင်းနီးယဲ စာကြည့်တိုက်တွင် သွားရောက်နေထိုင်ရင်း စာကြည့်နေခဲ့သည်။ ၁၉၃၇ ခုနှစ် အတာကူးပွဲတော်ရက်တွင် စိန့်ဒိုင်းနီးယဲသို့ သွားရောက်သည့်အခါ ဆရာကြီးနှင့်အတူ ဦးအုန်းမောင်(အာဇာနည်)လည်း အတူပါလာသည်။

ဦးအုန်းမောင်သည် မျိုးချစ်စိတ်ထက်သန်သူတစ်ဦးဖြစ်သဖြင့် ဆရာကြီးနှင့်အတူ နှစ်ဦးသား ကိုယ့်တိုင်းကိုယ့်ပြည်အကြောင်းကို ဆွေးနွေးလေ့ရှိပါသည်။ ထိုသို့ ဆွေးနွေးရာမှ အတွေးရလာပြီး သပြေညိုကဗျာရေးဖြစ်ခဲ့သည်ဟု ဆရာကြီးမင်းသုဝဏ်က ဆိုခဲ့လေသည်။ ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် သပြေညိုကဗျာကို ရေးသားခဲ့ပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် တိုက်တိုက်ဆိုင်ဆိုင်၊ ထူးထူးခြားခြား မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့ပါသည်။

ဆရာကြီးမင်းသုဝဏ်သည် ၁၉၃၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာပြီး တက္ကသိုလ်၏ အရှေ့တိုင်းပညာရပ်များဌာန၌ မြန်မာစာ လက်ထောက်ကထိကအဖြစ် စတင်အမှုထမ်းသည်။ စစ်အတွင်း၌ မြန်မာနိုင်ငံတော်ပညာတံခွန်အသင်းကို နိုင်ငံတော်အစိုးရ အကူအညီဖြင့် တည်ထောင်ခဲ့ပြီး အဘိဓာန်ဌာနတွင် စာတည်းအဖြစ် ဦးစီးလုပ်ကိုင်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ကထိကအဖြစ် တိုးမြှင့်ခန့်ထားခြင်းခံရသည်။

ဆရာကြီးမင်းသုဝဏ်သည် လွတ်လပ်ရေးမရမီနှစ်အနည်းငယ်ခန့်အလိုမှာပင် လွတ်လပ်ရေးအကြို ကဗျာများကို ရေးဖွဲ့ခဲ့သည်။ ထိုကဗျာများအနက် "ကျွန်ဘဝမှ ကျွန်ဘဝသို့" ကဗျာကို ၁၉၄၇ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ရေးဖွဲ့ခဲ့သည်။

### "ကျွန်ဘဝမှကျွန်ဘဝသို့"

သူ့ကျွန်ဘဝ၊ တော်လှန်ကြ၍
ဆင်ရတော့မည်၊ မြန်မာပြည်သည်
ဇာနည်တို့၏ အောင်ပန်းကို။
အောင်ပန်းဆင်၍၊ သခင်မဖြစ်
မြန်ပြည်သစ်ကို
ကျွန်ချစ်ပမာ၊ လုပ်ကျွေးခါမှ
မြန်မာသခင်ဖြစ်မည်တည်း။
၂၀၊ နိုဝင်ဘာ၊ ၁၉၄၇

ဒုတိယကမ္ဘာစစ်ကြီးနှင့် ရင်ဆိုင်ခဲ့ရသည့် မြန်မာတိုင်းရင်းသားများ စည်းစည်းလုံးလုံးနှင့် တော်လှန်ရေးအမျိုးမျိုးကို ဆင်နွှဲခဲ့ကြသည်။ အားရစရာ၊ ဝမ်းသာစရာ၊ ကျေးဇူးတင်စရာ။ သို့ဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးကိုရတော့မည်ဟု သိရလေသည်။ ထိုအခါဆရာကြီးမင်းသုဝဏ်သည် မြဝတ်လွှာမဂ္ဂဇင်း ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ၊ စာစောင်အတွဲ ၁၊ အမှတ် ၁ တွင် (ဇာနည်ထုံး)ကဗျာကို ရေးဖွဲ့ခဲ့လေသည်။

### "ဇာနည်ထုံး"

လွတ်လပ်တော့မည်၊ မြန်မာပြည်တည့်
ဇာနည်တို့ထုံး၊ ပိုက်ယူကျုံး၍
နှလုံးရဲခက်လှစေမင်း။ ။
လွတ်လပ်တော့မည်၊ မြန်မာပြည်တည့်
ဇာနည်တို့ထုံး၊ ပိုက်ယူကျုံး၍
လက်ရုံးကျန်းခက်လှစေမင်း။ ။
လွတ်လပ်သောခါ၊ အိုမြန်မာတို့
ချူချာနုံ့နဲ့၊ တအားနွဲ့ကို
ညှာငဲ့ထောက်တွေး၊ သားငယ်ထွေးသို့
ပြုရေးညှို့သက်ကြစေမင်း။ ။
မြတ်ဝတ်လွှာ (ဒီဇင်ဘာ၊၁၉၄၇)

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည်။ ထိုအခါ ဆရာကြီးမင်းသုဝဏ်က "အိုးဝေဆုတောင်း"ကဗျာကို ရေးဖွဲ့၍ လွတ်လပ်ရေးကို ကြိုဆိုဂုဏ်ပြုခဲ့လေသည်။

### "အိုးဝေဆုတောင်း"

ဥဒေတယံ၊ ဂါထာသံဖြင့်
နေလျှံရှေ့ပြေး၊ ရောင်နီအေးတွင်
ဖြူဖွေးကြယ်ပွင့်၊ တံခွန်လွှင့်၍
ဒေါင်းမင်းညွတ်မှ လွတ်ပြီတည်း။
အိုးဝေအိုးဝေ၊ တွန်သံဝေ၍
မျှဝေခွဲခြမ်း၊ ကမ္ဘာလွှမ်းအောင်
အေးချမ်းသီဆိုနိုင်စေသောဝ်။
ဤလောကကို၊ သာနှပျို့အောင်
စိမ်းစိုညိုမြ၊ မြီးဆံလှဖြင့်
ကချေဖျော်ဖြေနိုင်စေသောဝ်။
ကိုယ့်နယ်ပိုင်နက်၊ ကိုယ့်စားကျက်လည်း
သူ့လက်အတွင်း၊ မကျဆင်းဘဲ
ရဲတင်းကြံ့ခိုင်၊ စောင့်ရှောက်နိုင်အောင်
စိုးပိုင်အုပ်ချုပ်နိုင်စေသောဝ်။ ။
အိုးဝေသတင်းစာ(၁၉၄၈)

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂမှနေ၍ အိုးဝေမဂ္ဂဇင်း ၁၉၄၈ ခုနှစ် နှစ်လည်စာစောင်ကို ၁၃၀၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ထိုအိုးဝေမဂ္ဂဇင်း၊ နှစ်လည်စာစောင်တွင် ဆရာကြီးမင်းသုဝဏ်က လွတ်လပ်ရေးဂုဏ်ပြုကဗျာများ ရေးဖွဲ့ခဲ့လေသည်။ ယင်းတို့မှာ "ခွန်းဆက်"နှင့် "သာခုသံ"ကဗျာနှစ်ပုဒ်တို့ဖြစ်သည်။ "ခွန်းဆက်"ကဗျာမှာ ဆရာမင်းသုဝဏ်၏ ကဗျာပေါင်းချုပ်များတွင် ပါဝင်ခြင်းမရှိသည်ကို တွေ့ရသည်။

### "ခွန်းဆက်"

အိုးဝေတဲ့ညံညံ
ရွှေဒေါင်းပျိုတောင်ညိုဦးမှာလ
ကျူးရင့်မြည်သံ။ ။
အောင်ပွဲရယ်ခံ
နိုင်ငံတဲ့သာရေး။ ။
ရွှေဗဟိုရ်စည်တော်ရွှမ်းချိန်မို့
ခွန်းချိုဆက်တေး။
အိုးဝေနှစ်လည်စာစောင်(၁၉၄၈)

ထိုနှစ်လည်စာစောင်မှာပင် ဆရာမင်းသုဝဏ်က "သာခုသံ" ကဗျာဖြင့် ကျောင်းသားသမဂ္ဂကို ရေးဖွဲ့ဂုဏ်ပြုခဲ့လေသည်။

### "သာခုသံ"

ဒေါင်းပျိုထိုးခွပ်၊ ဘယ်ညာခွပ်၍
လွတ်လပ်ရလေ၊ တို့တစ်တွေသည်
အိုးဝေကျေးဇူးပါတကား။ ။
အိုးဝေကျေးဇူး၊ မထိမ်မြူးဘဲ
ခါဦးကောဇာ၊ ဤအခါတွင်
သာခုခေါ်ကြပါကုန့်လော့။ ။
သာခုသံတွင်၊ သောတဆင်၍
အသင်ဒေါင်းငယ်၊ မြန်မိငယ်ကို
သက်နှယ်စောင့်ရှောက်နိုင်စေသောဝ်။ ။

ကျောင်းသားသမဂ္ဂသည် အမျိုးသားလွတ်မြောက်ရေး၊ လွတ်လပ်ရေးကို ရယူပေးခဲ့သည့် ဂုဏ်ကျေးဇူးကို "သာခုသံ"ဖြင့် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

ယခုဖော်ပြခဲ့သော ကဗျာများမှာ ဆရာကြီးမင်းသုဝဏ်၏ လွတ်လပ်ရေးကို ဂုဏ်ပြုဖွဲ့နွဲ့ခဲ့သော ကဗျာများဖြစ်သည်ကို တင်ပြလိုက်ပါသည်။

ရာဇဝတ်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန နှင့် လပွတ္တာခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(လပွတ္တာမြို့)
၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ (၇ ၊ ၈)ရက်( အင်္ဂါ ၊ ဗုဒ္ဓဟူး )နေ့နံနက်(၉)နာရီမှညနေ(၅)နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ရောဝတီခန်းမ ၊ အ.ထ.က(၂) ၊ လပွတ္တာမြို့။





# မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက် ဇန်နဝါရီလအတွင်း ဖွင့်လှစ်ရန်စီစဉ်ထား

**ရန်ကုန် ဇန်နဝါရီ ၃**

ခေတ်အဆက်ဆက်ထင်ရှားကျော်ကြားကာ အစဉ်အလာကြီးခဲ့သော မြန်မာ့ရုပ်ရှင်သမိုင်းကို အများပြည်သူသိရှိလေ့လာနိုင်စေရန် ရန်ကုန်မြို့ ဂဏ်ပါလမ်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(MMPO) ဝင်းအတွင်းရှိ အဆောက်အဦတွင် မြန်မာ့ရုပ်ရှင်ရှင်သမိုင်းပြတိုက် ဖွင့်လှစ်ပြသနိုင်ရေးကို ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ပြင်ဆင်ဆောင်ရွက်မှုများ ပြီးစီးလာပြီဖြစ်သောကြောင့် ဇန်နဝါရီလအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံရုပ်အစည်းအရုံးမှ သိရသည်။

"မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ဖွင့်လှစ် နိုင်ဖို့ဆောင်ရွက်နေတာ အခုအခါမှာ ပြခန်းပြင်ဆင်မှုတွေလုပ်နေတာက ရာခိုင်နှုန်း ၈၀ ကျော်ပြီးနေပြီး အချောသပ်အပိုင်းလောက်ပဲ ကျန်တော့တယ်။ ဒီပြတိုက်က ရုပ်ရှင်ရဲ့သမိုင်းပါပဲ။ ရုပ်ရှင်လောကသားတွေတင်မဟုတ်ပါဘူး။ ပြင်ပက ရုပ်ရှင်ကိုချစ်တဲ့သူတွေက ဒီပြတိုက်ထဲ လာကြည့်လို့ရှိရင် မြန်မာ့ရုပ်ရှင်ရဲ့ သမိုင်းကို အားလုံးသိသွားကြမှာပါ။ ဒါကြောင့် ဒီပြတိုက်ကြီးကို ကျွန်တော်တို့ သမိုင်းသုတေသနပညာရှင်တွေနဲ့ အဆင့်ဆင့်ပြစုပြီး ဆောင်ရွက်နေရတာပါ။ ဒီပြတိုက်ကြီး ပြီးစီးလို့ ဖွင့်လှစ်နိုင်ပြီဆိုရင် အများပြည်သူတွေ နဲ့ ရုပ်ရှင်ချစ်ပရိသတ်တွေလာရောက်လေ့လာနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံး (MMPO) ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောသည်။

လက်ရှိတွင်ပြတိုက်အဆောက်အဦအား MMPO က ဦးဆောင်ကာ အသစ်ပြန်လည်မွမ်းမံဆောင်ရွက်နေမှုများ ပြီးစီးနေပြီး အတွင်းပိုင်း ပြခန်းများပြင်ဆင် မှု/ပြသမည့်သမိုင်းဝင်မှတ်တမ်း သုတေသနပြုခြင်း နှင့် အခြားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အတွင်းပိုင်းအချောသပ်လုပ်ငန်းများသာ ကျန်တော့ကြောင်း သိရသည်။

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်သည်ကို ၁၉၉၈ ခုနှစ်တွင် ကနဦးအစ ဖွင့်လှစ်ကာ ပြသနိုင်ခဲ့ကြောင်း၊ ထိုကာလများတွင် လာရောက်လေ့လာသူများ စည်ကားများပြားခဲ့သည်။ ယင်းနောက်ပိုင်းကာလများတွင် ပြန်လည်ပိတ်သိမ်းခဲ့ပြီး ယခုအခါတွင်အသစ်တစ်ဖန်ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(MMPO)မှ သိရသည်။

ထိုပြတိုက်တွင် မြန်မာ့ရုပ်ရှင်၏ တစ်ခေတ်တစ်ခါတွင် ထင်ရှားကျော်ကြားခဲ့သောငွေရတုခေတ် ၁၉၂၀ – ၁၉၄၅ ခုနှစ်အထိ ပြခန်းများ၊ ရွှေရတုခေတ် ၁၉၄၆ – ၁၉၇၀ ခုနှစ်အထိပြခန်းများ၊ စိန်ရတုခေတ် ၁၉၇၁ – ၁၉၉၅ ခုနှစ်အထိ ပြခန်းများ၊ ယခုလက်ရှိ မြန်မာ့ရုပ်ရှင်နှစ် ၁၀၀ ပြည့် ပြခန်းနှင့် မြန်မာ့ရုပ်ရှင်၏ အကယ်ဒမီ ၁၉၅၂ ခုနှစ်မှ ယနေ့အထိ ထူးချွန် အကယ်ဒမီရရှိမှုပြခန်းများ၊ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်သော စက်မှုပြခန်းပါဝင်ကာ စုစုပေါင်း အခန်းခြောက်ခန်းကိုပြတိုက်၏ အပေါ်တွင် သုံးခန်း၊ အောက်ထပ်တွင် သုံးခန်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြသသွားမည့် မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်၌ ရတုနှစ် ခေတ်အဆက်ဆက်တွင် ခေတ်အလိုက်ထင်ရှားကျော်ကြားခဲ့သော ဒါရိုက်တာကြီးများ၊ ခေတ်အလိုက် ထင်ရှားခဲ့သောမင်းသားကြီးများ၊ မင်းသမီးကြီးများ၏ ဓာတ်ပုံမှတ်တမ်းများ၊ စတန့်ရိုက်ကွင်းဓာတ်ပုံများ၊ သမိုင်းဝင်ရုပ်ရှင်ဇာတ်ကားကြီးများ၊ ဗီဒီယိုဇာတ်ကား၊ မြန်မာ့ရုပ်ရှင်ကိုပုံဖော်ခဲ့ကြသော အကယ်ဒမီခြောက်ဆုရှင် ဆရာကြီး ဦးသုခနှင့် ဦးမောင်မောင်၊ ဦးညီပု၊ ဦးအုန်းမောင်တို့၏ ရုပ်တုများနှင့် ယနေ့ခေတ်အထိ ခေတ်အဆက်ဆက် အကယ်ဒမီရရှိလာခဲ့သော အနုပညာရှင်များ၏ ပုံရိပ်မှတ်တမ်းများနှင့် အကယ်ဒမီပြခန်းများအပြင် ရိုက်ကူးပုံဖော်သည့် ရှေးဟောင်းရုပ်ရှင်ကင်မရာကြီးများ၊ မီးထိုး၊ မီးဆိုင်းများ၊ ခေတ်အဆက်ဆက်အသုံးပြု ခဲ့သော Film အမျိုးမျိုး၊ ဓာတ်ပြားအမျိုးမျိုးနှင့် ရုပ်သံတည်းဖြတ်စက်များကို ဗဟုသုတရဖွယ် ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(ရန်ကုန်)မှ သိရသည်။

**မြင့်မောင်စိုး**

# စစ်ကိုင်းပညာရေးကောလိပ်၌ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဟောပြောပွဲကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၃**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန စစ်ကိုင်းပညာရေးကောလိပ်၌ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်း မြဧရာခန်းမ၌ ကျင်းပသည်။

ကျောင်းသား ကျောင်းသူများက အာရှသူရဲကောင်း ဗိုလ်အောင်ဆန်းသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် စစ်ကိုင်းပညာရေးကောလိပ်ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမြတ်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး သမိုင်းဌာနမှ ကထိကဆရာမ ဒေါ်ဥမ္မာခင်က "လွတ်လပ်ရေးနေ့အဓိဌာန် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သမိုင်းဌာနမှ ကထိက ဆရာမ ဒေါက်တာကြည်ပိုက လွတ်လပ်ရေးအမွေ ထိန်းသိမ်းအပ်ပေ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက ဗိုလ်ရှူသဘင်သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်း**

**(ခရိုင်ပြန်/ဆက်)**



# ပုသိမ်မြို့၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၁၉–၂၀၂၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် (School Family Day) ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက အထက (၁) ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးစုံညီပွဲတော်ကို အထက (၁) ကျောင်းရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ တိုင်းပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ တိုင်းပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ)ဦးဖြူဝင်း၊နှစ်ထပ်ကွမ်းလူရည်ချွန်နှစ်ဦးတို့ကဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ အခမ်းအနားကို ဆက်လက်ကျင်းပရာ အထက (၂) မှ ကျောင်းသား၊ ကျောင်းသူများက မင်္ဂလာပါသီချင်း သီဆိုဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက ယခုအခါ နိုင်ငံတော်အတွက် အရည်အချင်းမြင့်မားသည့် လူစွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးနှင့် ဒေသအလိုက်လိုအပ်သည့် လူတော်လူကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးမြှင့်တင်မှုအစီအစဉ်နှင့် အမျိုးသားပညာရေးလုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးသင်ယူမှုနည်းသုံးသွယ်အနက် ကျောင်းပြင်ပမူလတန်းပညာရေး၊ ကျောင်းပြင်ပပညာရေးနည်းလမ်းအားဖြင့် အခြေခံပညာရေးကို လူတိုင်းရရှိစေသည့် ပညာရေးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းပညာရေးမှူး ဦးကျော်ဝင်းက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

၎င်းနောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း ၂၀၁၉–၂၀၂၀ ပညာသင်နှစ် ပညာရေး၊ အားကစား၊ စာပေတို့တွင် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပြီး ခရိုင်အလိုက် ပညာရေးပြခန်းများကို ကြည့်ရှုခဲ့ကြ ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်းသင်တန်းဖွင့်

**ညောင်လေးပင် ဇန်နဝါရီ ၃**

ညောင်လေးပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ရေးဆွဲနည်းသင်တန်း (၁/၂၀၂၀) ကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးတို့က အမှာစကားပြောကြားပြီး ခေတ္တမြို့နယ်ကျေးလက်ဦးစီးမှူး ဦးမင်းမင်းသိမ်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

**နေလင်း(ညောင်လေးပင်)**

# ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းဆောင်ရွက်

**ပွင့်ဖြူ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် ဇန်နဝါရီ ၂ ရက်မှစတင်ကာ ကောက်ကွက် ၁၅ ကွက်ကို ကွင်းဆင်းကောက်ယူလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးဦးအောင်ဇော်တင့်ထံမှ သိရသည်။

“စာရင်းများကောက်ယူရာ၌ယခင်ကကောက်ယူခဲ့တဲ့မေးခွန်းစာရွက်အသုံးပြုတဲ့နည်းနဲ့ကောက်ယူသွားခြင်းမျိုးမဟုတ်တော့ဘဲ နိုင်ငံတော်တော်များများမှာ အသုံးပြုနေပြီဖြစ်တဲ့ ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်း မေးမြန်းစာရင်းကောက်ယူတဲ့စနစ် CAPI ( Computer Assisted Personal Interviewing) အသုံးပြုတဲ့နည်းစနစ်နဲ့ ကောက်ယူနေတာဖြစ်ပါတယ်။ ယခုလိုကြားဖြတ်စာရင်းကောက်ယူရခြင်းမှာ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း ၁၀ နှစ်တာကာလတွင် မြန်မာနိုင်ငံလူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အနီးစပ်ဆုံးမှန်ကန်စွာကောက်ယူနိုင်ရေး၊ ၂၀၁၄ ခုနှစ်ကကောက်ယူခဲ့တဲ့ လူဦးရေသန်းခေါင်စာရင်းအချက်အလက်များ ပြောင်းလဲမှုကိုနှိုင်းယှဉ်လေ့လာနိုင်ရန်၊ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ( Myanmar Sustainable Development Plan – MSDP) ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သောအညွှန်းကိန်းများကောက်ယူနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကောက်ယူနေခြင်းဖြစ်ပါတယ်”ဟု ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးအောင်ဇော်တင့်က ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ချုပ်ကျော်သန်း(ငြိမ်း)
## အသက်(၈၃)နှစ်

ဗိုလ်ချုပ်ကျော်သန်း(ငြိမ်း)၊ စီးပွား/ကူးသန်းဝန်ကြီး (ငြိမ်း)သည် ၃-၁-၂၀၂၀ (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ မိသားစု**
**ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးစိုး
တိုင်းဒေသကြီးဥပဒေအရာရှိ
ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး
## အသက် (၅၂) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံး၊ ဝန်ထမ်းအိမ်ရာနေ ဒေါ်စိုးစိုးရည်အောင်၏ ချစ်လှစွာသောခင်ပွန်း ဦးစိုးစိုး အသက် (၅၂) နှစ်သည် ၃-၁-၂၀၂၀ (သောကြာနေ့) နံနက် ၉:၅၀ နာရီတွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာစိုးသိန်းနှင့်ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးစိုး
**တိုင်းဒေသကြီးဥပဒေအရာရှိ**
**ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး**
## အသက် (၅၂) နှစ်

ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးစိုးစိုးသည် ၃-၁-၂၀၂၀ ရက်နေ့ နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုဝင်များနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးဥပဒေအရာရှိ နှင့် ရန်ကုန်တိုင်းအတွင်းရှိ ဥပဒေအရာရှိများ၊ ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးစိုး
**တိုင်းဒေသကြီးဥပဒေအရာရှိ**
**ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး**
## အသက် (၅၂) နှစ်

ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးစိုးစိုးသည် ၃-၁-၂၀၂၀ ရက်နေ့ နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုဝင်များနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဥပဒေအရာရှိနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများ၊ ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးစိုး
ပဲခူးတိုင်းဒေသကြီးဥပဒေအရာရှိ
## အသက်(၅၂)နှစ်

မောင်နှမရင်းချာ ချစ်ခင်ရပါသော ဦးစိုးစိုး (ပဲခူးတိုင်းဒေသကြီးဥပဒေအရာရှိ) သည် ၃-၁-၂၀၂၀ ရက် နံနက် ၉:၅၀ နာရီတွင် ဝိတိုရိယ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မွန်ပြည်နယ်ဥပဒေချုပ်နှင့်ဥပဒေအရာရှိများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးစိုး (၅၂) နှစ်
ပဲခူးတိုင်းဒေသကြီးဥပဒေအရာရှိ

ရန်ကုန်မြို့နေ အဖ ဦးဝင်းရွှေ- အမိ (ဒေါ်စန်းစန်း)တို့၏သား၊ ဒေါ်စိုးစိုးရည်အောင်၏ချစ်လှစွာသောခင်ပွန်း ဦးစိုးစိုး အသက် (၅၂) နှစ်သည် ၃-၁-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်၊**
**တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းမိသားစုများ**

---

## မောင်ပြည့်စုံချစ်
## အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇၃)၊ မြေညီ(B)၊ သီရိလမ်း၊ စမ်းချောင်းနေ (ဗိုလ်မှူးစောမြတ်မင်း)၊ ဒေါ်ခင်လင်းမေ (အထက-၂၊ လသာ-ငြိမ်း) တို့၏ သား၊ ဒေါ်ထူးထူးမြတ်မင်း၏ မောင်၊ ဦးမင်းကျော်ဇင်-ဒေါ်နိုင်နိုင်ဦးတို့၏ ညီ မောင်ပြည့်စုံချစ်သည် ၂-၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးစိုး
ပဲခူးတိုင်းဒေသကြီးဥပဒေအရာရှိ
## အသက် (၅၂) နှစ်

ရန်ကုန်မြို့နေ အဖ ဦးဝင်းရွှေ-အမိ(ဒေါ်စန်းစန်း)တို့၏သား၊ ဒေါ်စိုးစိုးရည်အောင်၏ချစ်လှစွာသောခင်ပွန်း ဦးစိုးစိုး အသက် (၅၂) နှစ်သည် ၃-၁-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။ ဦးစိုးစိုး ကောင်းရာသုဂတိလားပါစေ။

**ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဇနီး ဒေါ်တင်တင်ဝင်း မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးစိုး
ပဲခူးတိုင်းဒေသကြီးဥပဒေအရာရှိ
## အသက် (၅၂) နှစ်

ရန်ကုန်မြို့နေ အဖ ဦးဝင်းရွှေ- အမိ(ဒေါ်စန်းစန်း)တို့၏သား၊ ဒေါ်စိုးစိုးရည်အောင်၏ချစ်လှစွာသောခင်ပွန်း ဦးစိုးစိုး အသက် (၅၂) နှစ်သည် ၃-၁-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။ ဦးစိုးစိုး ကောင်းရာသုဂတိလားပါစေ။

**ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးစိုး
ပဲခူးတိုင်းဒေသကြီးဥပဒေအရာရှိ
## အသက် (၅၂) နှစ်

ရန်ကုန်မြို့နေ အဖ ဦးဝင်းရွှေ- အမိ (ဒေါ်စန်းစန်း)တို့၏သား၊ ဒေါ်စိုးစိုးရည်အောင်၏ချစ်လှစွာသောခင်ပွန်း ဦးစိုးစိုး အသက် (၅၂) နှစ်သည် ၃-၁-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။ ဦးစိုးစိုး ကောင်းရာသုဂတိလားပါစေ။

**ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အရာထမ်း/အမှုထမ်းမိသားစုများ**

---

## ဦးအောင် (တိုက်ကြီးမြို့)
## အသက် (၉၃)နှစ်
**အောင်ဝပ်ရှော့ (ဒီဇယ်၊ ဓာတ်ဆီ စက်ပြင်ဆရာကြီး)**

တိုက်ကြီးမြို့နေ (ဦးဘစံ-ဒေါ်စိန်တင်)တို့၏ သား၊ (ဒေါ်မမတင်) ၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ (ဦးဘငွေး)-ဒေါ်ယဉ်ယဉ်နု၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်မေဝင်း၊ ဦးခင်မောင်စိုး-ဒေါ်ခင်အုန်းသန်း၊ (ဗိုလ်ကြီးသန်းမြင့်-ဒေါ်အေးအေးနု)၊ ဦးမြင့်သိန်းဦး-ဒေါ်ငွေးငွေးနု၊ ဦးအက်ဒွပ်စီးမိုး-ဒေါ်သင်းသင်းနု၊ ဦးဝင်းကျော်-ဒေါ်ရီရီဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၉ ယောက်၊ မြစ် ၁၅ ယောက်တို့၏ အဘိုး ဦးအောင်သည် ၂-၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၂:၄၀ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ်၊ အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အမှတ် (၅၂၃)၊ ၄ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိုးစိုး(ကသာ)
**တိုင်းဒေသကြီးဥပဒေအရာရှိ (ပဲခူးတိုင်းဒေသကြီး)**
## အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန် (၃)ရပ်ကွက်၊ ခိုင်မာလာလမ်းသွယ်၊ သီရိရတနာ ငါးထပ်အိမ်ရာ၊ အခန်း(၃၀၄)နေ ဦးဝင်းရွှေ-(ဒေါ်စန်းစန်း)တို့၏ သားလတ်၊ (ဦးအောင်ဒင်)-ဒေါ်မြင့်ကြည်တို့၏ သားသမက်၊ ဦးသန်းဦး၊ ဦးထွန်းထွန်း(မိုးကုတ် လ-ဝ-က ဦးစီးအရာရှိ)-ဒေါ်သင်းသင်းခိုင် (အလက၊ ကသာ)တို့၏ ညီ၊ လန်ဒန်မြို့နေ ဦးဝင်းမိုး-ဒေါ်သူဇာလွင်တို့၏ အစ်ကို၊ ပဲခူးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံး၊ ဝန်ထမ်းအိမ်ရာနေ ဒေါ်စိုးစိုးရည်အောင်၏ ချစ်လှစွာသော ခင်ပွန်း ဦးစိုးစိုး သည် ၃-၁-၂၀၂၀ (သောကြာနေ့) နံနက် ၉:၅၀ နာရီတွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (သင်္ဃန်းကျွန်းနေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ သင်္ဃန်းကျွန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်အေးတင့်
## အသက်(၈၁)နှစ်
**အထက်တန်းပြ ဆရာမ(ငြိမ်း)**

ဒေါက်တာကျော်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း၊ အတွင်းရေးမှူး၊ မြန်မာ့သမိုင်းအဖွဲ့ဝင်၊ ထွန်းဖောင်ဒေးရှင်းစာပေ ကော်မတီဝင်)၏ ချစ်လှစွာသော ဇနီး ဒေါ်ခင်အေးတင့်သည် ၂၈-၁၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဆရာကြီးမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းထွန်း၊ ဥက္ကဋ္ဌ၊ ထွန်းကော်မာရှယ်ဘဏ်နှင့်**
**ထွန်းဖောင်ဒေးရှင်းစာပေကော်မတီဝင်များ**

---

## ဝမ်းနည်းကြေကွဲခြင်း
**ရဲအုပ်သိန်းညွှန့်(ငြိမ်း) (သူရ)(၁၁)**
**သတင်းတပ်ဖွဲ့**
## အသက်(၆၇)နှစ်

သတင်းတပ်ဖွဲ့ဝင်ဟောင်း ရဲအုပ်သိန်းညွှန့် (ငြိမ်း)သည် ၂-၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သတင်းတပ်ဖွဲ့ဝင်ဟောင်းများ**

---

## အနိစ္စ

## ဒေါ်ကြင်အေး
## အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်ကွက်၊ ဩဘာလမ်း၊ အမှတ်(၁၂)၊ သုံးလွှာနေ (ဦးကျော်သန်း)၏ ဇနီး၊ ဦးအောင်မြင့်-(ဒေါ်မြင့်မြင့်)၊ ဦးသန်းထွန်း-ဒေါ်စိန်စိန်၊ ဦးလှမြင့်-ဒေါ်ဝင်းဝင်းရီ၊ ဦးစိုးဝင်း-ဒေါ်အေးအေးလှိုင်၊ မောင်သန်းနိုင်တို့၏ မိခင်၊ မြေး ၁၄ ယောက်၊ မြစ် ၁၀ ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ကြင်အေးသည် ၃-၁-၂၀၂၀ ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၂၀(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးလှမြင့်
ဘူမိဗေဒအရာရှိ (ငြိမ်း)
## အသက် (၇၃) နှစ်

ရန်ကုန်မြို့၊ (၃၂)လမ်း၊ အထက်လမ်းနေ ဒေါ်တင်တင်မြ (အထက်တန်းပြ-ငြိမ်း၊ အထက-၂၊ တောင်ဥက္ကလာ) ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသန့်ဇင် (နှင်းသီရိပုံနှိပ်တိုက်၊ တောင်ဒဂုံစက်မှုဇုန်-၂)-ဒေါက်တာသီတာမြင့် (မျက်စိ အထူးကုဆရာဝန်)၊ ကိုအောင်ဇော်ဦး (ပုံနှိပ်လုပ်ငန်း)-မဝင်းဝင်းနိုင်တို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၂-၁-၂၀၂၀ (ကြာသပတေးနေ့) ည ၉:၁၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃-၁-၂၀၂၀ (သောကြာနေ့) မွန်းလွဲ၂:၃၀ နာရီတွင် ဂျွန်မာနမားဇ် အပြီးတွင် ရေဝေး ကဘရ်စတာန်သို့ ပို့ဆောင်ဒဖွာနာ ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်နန်းမြင့်မြင့်
## အသက် (၆၀)

လားရှိုး-တန့်ယန်းမြို့နေ (ဦးပုလွယ်ဆိုင်-ဒေါ်အေးကျင်)တို့၏ သမီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၂၀)နေ ဦးရှိန်ကြည်-(ဒေါ်မြမြ)တို့၏ သမီးချွေးမ၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၆)လမ်း၊ အမှတ်(၂၀၄)နေ ဒေါ်မေနန်းဝင်း၊ ဦးအောင်ကိုကိုမြတ်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးဇော်ဝင်း၏ ချစ်လှစွာသော ဇနီးသည် ၂-၁-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄:၃၀ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်၊ အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၂၀ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၂၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်ဒါယကာကြီး**
## ဗိုလ်ချုပ်ကျော်သန်း (ငြိမ်း)
ကြည်-၈၄၅၈
ဗိုလ်သင်တန်းအပတ်စဉ် (၂၅)
စီးပွား/ကူးသန်းဝန်ကြီး (ငြိမ်း)
## အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စုပေါင်း(၂၃)ရပ်ကွက်၊ အမှတ်(၄၀)၊ ဂန္ဓမာလမ်း၊ သုဝဏ္ဏနေ (ဦးကွန့်-ဒေါ်အေးရှင်)တို့၏သားကြီး၊ (ဦးမြင့်သောင်း-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ ဒေါ်စိန်စိန်(စီမံကိန်းရေးဆွဲရေးဦးစီးဌာန-ငြိမ်း)၏ခင်ပွန်း၊ ဦးစိုးအောင်-ဒေါ်အေးမိကျော်တို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းခန့်အောင်၏ ချစ်လှစွာသောအဘိုးသည် ၃-၁-၂၀၂၀ ရက် နံနက် ၇:၃၀ နာရီတွင် ကန်သာယာအထူးကုဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၅-၁-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ချုပ်ကျော်သန်း (ငြိမ်း)
## ဝန်ကြီး (ငြိမ်း)
## စီးပွား/ကူးသန်းဝန်ကြီးဌာန
## အသက် (၈၃) နှစ်

မိဘသဖွယ် ချစ်ကြည်ညိုလေးစားရပါသော ဆရာသမားအဘ ဗိုလ်ချုပ်ကျော်သန်း (ငြိမ်း)သည် ၃-၁-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အဘ၏ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်မှူးကြီးဝင်းမြင့် (ငြိမ်း)**
**မိသားစု**

---

## ဒေါ်တင်တင်ဝင်း (လမ်းစဉ်ပါတီဌာနချုပ်)
## အသက် (၇၂) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၉)လမ်း၊ အမှတ်(၂၁)နေ (ဦးအောင်ထွန်း-ဒေါ်သန်းသန်း)တို့၏သမီး၊ ဦးငွေအောင် (P.P.Co)၏ဇနီး၊ မဝင်းလှဲ့ဖြူ-မောင်သုတမောင်မောင်ဝင်း (နန္ဒဝန်စျေး)တို့၏မိခင်၊ ဦးအောင်စိုး-ဒေါ်နန်းမြထွေးတို့၏ညီမ၊ (ဦးစိုးရှိန်)-ဒေါ်တင်တင်မြ၊ ဦးစောဝင်း-ဒေါ်ယဉ်ယဉ်မြ၊ ဦးမောင်မောင်တင်-ဒေါ်ညွှန့်ညွှန့်ရီ၊ ဦးခင်စိုး၊ (ဦးစန်းလွင်)-ဒေါ်စန်းစန်းဝင်း၊ ဦးနေမျိုး-ဒေါ်အေးအေးမွန်တို့၏အစ်မကြီး၊ တူ/တူမ ၁၁ ယောက်တို့၏အဒေါ်၊ မြေး ငါးယောက်တို့၏အဘွားသည် ၂-၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၅:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၂၀ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေး သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်အေး(ခ)ခူစောအိန်
## အသက်(၆၄)နှစ်
**ဆင်ရွှေစိန် ဦးထုပ်ဆိုင် (S.S.S)**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၃)လမ်း၊ အမှတ်(၁၁)နေ (ဦးကျုံထိုင်-ဒေါ်ကျင်ကီး)တို့၏ သမီး၊ ဦးချစ်ဟန်-ဒေါ်ချိုတီ၊ (ဦးဘွန်စိန်-ဒေါ်ခူစောဟာ)၊ (ဦးကျော်စိန်)-ဒေါ်ခင်စန်းရင်၊ (ဦးကျော်မြင့်)-ဒေါ်မွန်၊ (ဦးကျော်ဟိုး)တို့၏ ညီမ၊ (ဦးကျင်အေး)၏ အစ်မ၊ ကိုမြင့်လွင်၊ ကိုအောင်ကျော်ဖြိုးတို့၏ အဒေါ်သည် ၃-၁-၂၀၂၀ (သောကြာနေ့) နံနက် ၅:၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကုကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၂၀(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းသန်းနု
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်(၁၀၁)၊ အခန်း(၂)နေ (ဦးမောင်မောင်ကြီး-ဒေါ်လှကြည်)တို့၏ သမီး၊ (ဦးသန်းအောင်)၏ ညီမ၊ ဒေါ်တင်နွယ်အေး ၏ အစ်မ၊ အမှတ်(၆)၊ ပိတောက်လမ်း၊ ပြည်ထောင်စုရိပ်မွန်၊ သင်္ဃန်းကျွန်းမြို့နယ်နေ (မဥမ္မာအေး)၊ ကိုသန်းထိုက်အေး-မဝတီ၊ မချမ်းမြအေးတို့၏ မိခင်၊ ဒေါက်တာဦးအေးငွေ၏ ချစ်လှစွာသောဇနီး ဒေါ်သန်းသန်းနု သည် ၃-၁-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးစိုး
**တိုင်းဒေသကြီးဥပဒေအရာရှိ**
**ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး**
## အသက်(၅၂)နှစ်

ပဲခူးတိုင်းဒေသကြီးဥပဒေအရာရှိ ဦးစိုးစိုး သည် ၃-၁-၂၀၂၀ ရက် နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုဝင်များနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း**

# ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ထုတ်ဝေမည့်

## ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ၁၀၀၀/-ကျပ်တန် ငွေစက္ကူပုံစံသစ်၏ ပုံသဏ္ဌာန်နှင့် အမှတ်အသားများ







နေပြည်တော်  ဇန်နဝါရီ ၃

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့) တွင် ထုတ်ဝေမည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ၁၀၀၀/-ကျပ်တန် ငွေစက္ကူပုံစံသစ်၏ မျက်နှာစာဘက်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ပုံနှင့် ကျောဘက်တွင် လွှတ်တော်အဆောက်အဦပုံ ရိုက်နှိပ်ထားပါသည်။ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ၁၀၀၀/-ကျပ်တန် ငွေစက္ကူပုံစံသစ်၏ အရွယ်အစားမှာ အလျား ၁၅၀ မီလီမီတာနှင့် အနံ ၇၀ မီလီမီတာရှိပါသည်။ ပေါ်လွင်သောအရောင်မှာ အပြာရောင်ဖြစ်ပါသည်။

**ဖောင်းကြွပုံနှိပ်နည်းစနစ်ဖြင့် ရိုက်နှိပ်ထား**

ငွေစက္ကူဆေးသားရိုက်နှိပ်ရာတွင် ဖောင်းကြွပုံနှိပ်နည်းစနစ်ဖြင့် ရိုက်နှိပ်ထားသည့်အတွက် ငွေစက္ကူ၏တန်ဖိုးဂဏန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် စာသားနေရာများသည် ပီပြင်ထင်ရှားသည့်အပြင် လက်ဖြင့်စမ်းသပ်ကြည့်ပါက ကြမ်းတမ်းမှုရှိကြောင်း တွေ့ရှိရပါသည်။ ငွေစက္ကူနံပါတ်ကို မြန်မာအက္ခရာ မြန်မာဂဏန်းဖြင့် အလျားလိုက်၊ အင်္ဂလိပ်အက္ခရာ အင်္ဂလိပ်ဂဏန်းဖြင့် ဒေါင်လိုက်ရိုက်နှိပ်ထားပါသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❂

## ကြေးမုံ ယနေ့ ဖတ်စရာ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မပူဇာသဘင်(တတိယနေ့) စည်ကားသိုက်မြိုက်စွာ ကျင်းပ  စာမျက်နှာ » ၅

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း  စာမျက်နှာ » ၈

ဆရာကြီးမင်းသုဝဏ်၏ လွတ်လပ်ရေးဂုဏ်ပြုကဗျာများ  စာမျက်နှာ » ၂၀

## မြန်မာ ယူ-၁၉ အသင်း နိုင်ငံတကာပြိုင်ပွဲများအပြင် ပြည်တွင်းပြိုင်ပွဲများပါ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန်  ဇန်နဝါရီ ၃

နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံတကာပြိုင်ပွဲများအပြင် ပြည်တွင်းပြိုင်ပွဲများပါ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ပြင်ဆင်လျက်ရှိ**

မြန်မာ ယူ-၁၉ အသင်းသည် ဒီဇင်ဘာလနောက်ဆုံးပတ်မှစတင်ကာ ပြန်လည်လေ့ကျင့်လျက်ရှိပြီး ပဏာမကစားသမား ၂၀ ကျော်ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

**ဝင်ရောက်ယှဉ်ပြိုင်မည်**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် ပြီးခဲ့သည့် ရက်ပိုင်းက အစည်းအဝေးပြုလုပ်ပြီးနောက် နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းကို ဆက်လက်တာဝန်ပေးမည်ဖြစ်ပြီး ယခုနှစ်တွင် ပထမဆုံးပြိုင်ပွဲအဖြစ် ယခုလအတွင်း စတင်မည့် ၂၀၂၀ ဘောလုံးရာသီ MNL-2 (ပထမတန်း)

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖


မြန်မာ ယူ-၁၉ အသင်း လေ့ကျင့်နေစဉ်။

## YBS ယာဉ်များကို စံနှုန်းတစ်ခုသတ်မှတ်ပြီး စံနှုန်းမမီသည့် ကားများကို ခွင့်ပြုတော့မည်မဟုတ်ဟုဆို

ရန်ကုန်  ဇန်နဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်တင်ပြေးဆွဲနေသော YBS ယာဉ်များကို စံနှုန်းတစ်ခုသတ်မှတ်ပြီး စံနှုန်းမမီသည့် ကားများကို ခွင့်ပြုတော့မည်မဟုတ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

စာမျက်နှာ ၁၂ ကော်လံ ၃ သို့ ❖

စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...
ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက်
# လွတ်လပ်ရေးနေ့
ဇန်နဝါရီ ၄ ရက် ၂၀၂၀ ပြည့်နှစ် (စနေနေ့)
အထူးထုတ်

# ဒို့တိုင်းပြည်ထဲက သီချင်း၊
# ဒို့သီချင်းထဲက တိုင်းပြည်

ဒို့တစ်တွေ ဘယ်လိုပင်အတွေးအမြင်၊ အယူအဆ မတူကွဲပြားခြားနားမှုများ ရှိနေကြပါစေ၊ မြတ်နိုးချစ်ခင်၊ မေတ္တာသက်ဝင်၊ အရေးကြီးသောအခါ သွေးစည်းကြကာ ဒို့လွတ်လပ်ရေး၊ ဒို့ပြည်ထောင်စု အမွေကို ဒို့တစ်တွေ အသက်ပေးလို့ ကာကွယ်ကြမည်။ ဒို့ပြည်၊ ဒို့မြေအကျိုးကို ညီညီညွတ်ညွတ် ထမ်းဆောင်ကြမည်။



# ဒို့တိုင်းပြည်ထဲက သီချင်း၊ ဒို့သီချင်းထဲက တိုင်းပြည်

မောင်စာဂ

"တရားမျှတ - လွတ်လပ်ခြင်းနဲ့မသွေ
တို့ပြည် - တို့မြေ
များလူခပ်သိမ်း - ငြိမ်းချမ်းစေဖို့
ခွင့်တူညီမျှ - ဝါဒဖြူစင်တဲ့ပြည်
တို့ပြည် - တို့မြေ
ပြည်ထောင်စုအမွေ - အမြဲတည်တံ့စေ
အဓိဋ္ဌာန်ပြုပေ - ထိန်းသိမ်းစို့လေ။
(ကမ္ဘာမကျေ - မြန်မာပြည်
တို့ဘိုးဘွား အမွေစစ်မို့- ချစ်မြတ်နိုးပေ)၂
ပြည်ထောင်စုကို - အသက်ပေးလို့ - တို့ကာကွယ်မလေ။
ဒါတို့ပြည် - ဒါတို့မြေ - တို့ပိုင်နက်မြေ။
တို့ပြည် - တို့မြေ - အကျိုးကိုညီညာစွာ - တို့တစ်တွေ
ထမ်းဆောင်ပါစို့လေ - တို့တာဝန်ပေ
အဖိုးတန်မြေ။"

ဒါသည် ဒို့နိုင်ငံတော်သီချင်းဖြစ်သည်။ ဒို့တိုင်းပြည်ထဲက သီချင်းဖြစ်သည်။ ဒို့မြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်းဖြစ်သည်။

**လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည်**

ဒို့နိုင်ငံတော်သီချင်းသည် ဒို့နိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော သီချင်းဖြစ်သည်။ ဒို့နိုင်ငံတော်၏ အုတ်မြစ်ဖြစ်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဒို့အားလုံးကိုယ်စားပြုခဲ့သော တိုင်းပြည်ပြုလွှတ်တော်က မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့ (ခရစ်နှစ် ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့) တွင် လက်ခံ၍အတည်ပြုခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် (ခရစ်နှစ် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့)တွင် ဒို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံအဖြစ် ပေါ်ထွန်းလာသည်။ ဒို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည်လည်း အသက်ဝင်၍ လာခဲ့သည်။

**ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ နိဒါန်းကောက်နုတ်ချက်**

မြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသော ကျွန်ုပ်တို့သည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော မြန်မာနိုင်ငံကို အခိုင်အခံ့ အညီအညွတ်တည်ထောင်ရန် သန္နိဋ္ဌာန်ချ၍လည်းကောင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို အခြေပြုကာ လူသတ္တဝါခပ်သိမ်းတို့၏ ငြိမ်းချမ်းသာယာရေးကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းရန် သန္နိဋ္ဌာန်ချ၍လည်းကောင်း၊ လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ လွတ်လပ်စွာ တွေးကြံနိုင်မှု၊ လွတ်လပ်စွာ ဖွင့်ဟရေးသားဖော်ပြနိုင်မှု၊ လွတ်လပ်စွာယုံကြည်နိုင်မှု၊ လွတ်လပ်စွာ ကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘုရားကျောင်းကန်စသည်တို့သို့ သွားလာဝတ်ပြုနိုင်မှု၊ လွတ်လပ်စွာ ပရိယေသနရှာမှီးနိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှု၊ လွတ်လပ်စွာပြုမူဆောင်ရွက်နိုင်မှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရာတွင်ညီမျှမှုတို့ကို နိုင်ငံသားအားလုံးတို့ ရရှိခံစားနိုင်စေခြင်းငှာ အခိုင်အမာခံဝန်ပြုရန် သန္နိဋ္ဌာန်ချ၍လည်းကောင်း မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့ (ခရစ်နှစ် ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့)တွင် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကျွန်ုပ်တို့ တိုင်းပြည်ပြုလွှတ်တော်၌ ကျွန်ုပ်တို့သည် လက်ခံ၍ ဥပဒေအဖြစ် အတည်ပြုပြီးလျှင် ကျွန်ုပ်တို့အား နှင်းအပ်လိုက်သည်။

**အခြေခံဥပဒေ၏အနှစ်သာရ**

ဒို့ပြည်ထောင်စု မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်၍ လွတ်လပ်သည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတို့အပေါ်၌ တည်ထောင်၍ထားသည်။ ဒို့ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပြည်ထောင်စုသားတိုင်း လူမှုဆက်ဆံရေး၌ တရားမျှတခြင်း၊ စီးပွားရေး၌ တရားမျှတခြင်း၊ နိုင်ငံရေး၌ တရားမျှတခြင်း၊ လွတ်လပ်စွာ တွေးကြံနိုင်ခြင်း၊ လွတ်လပ်စွာ ပြောဆိုရေးသားဖွင့်ဟနိုင်ခြင်း၊ လွတ်လပ်စွာ ယုံကြည်နိုင်ခြင်း၊ လွတ်လပ်စွာကြိုက်ရာ ဘာသာကို

အထူးထုတ် [ ဂ ] သို့ »»



»» အထူးထုတ် [ ခ ] မှ

ကိုးကွယ်နိုင်ခြင်း၊ လွတ်လပ်စွာ ဝမ်းစာရှာဖွေနိုင်ခြင်း၊ လွတ်လပ်စွာစည်းရုံးနိုင်ခြင်း၊ လွတ်လပ်စွာပြုမူနိုင်ခြင်းတို့ကို ရရှိခံစားခွင့်ရှိသည်။

ဒို့ပြည်ထောင်စု မြန်မာနိုင်ငံတွင် အဆင့်အတန်းခွဲခြားခြင်း မရှိစေရပါ။ အခွင့်အရေးညီမျှရသည်။ ဆင်းရဲချမ်းသာ ခွဲခြားခြင်းမရှိဘဲ ကြိုးစားလျှင် ကြိုးစားသလောက် ဝီရိယနှင့် ဉာဏ်ပညာအစွမ်းကိုလိုက်၍ အကျိုးကျေးဇူး ခံစားနိုင်ရမည်။ တရားဥပဒေအရာတွင် ရာထူးဂုဏ်၊ အခြားဂုဏ်တို့ကိုမငဲ့၊ ညီမျှရမည်။ ဥပဒေအရာတွင် အားလုံးတူညီ၍ တရားသူ၊ မှန်သူကို ဥပဒေကကာကွယ်မည်၊ မတရားသူ၊ ပြစ်မှုကျူးလွန်သူကို အပြစ်ပေးမည်ဖြစ်သည်။

**ဒို့သီချင်း၏အနှစ်သာရ**

ဒို့နိုင်ငံတော်သီချင်း၏ အနှစ်သာရကို ဆန်းစစ်ကြည့်ကြပါစို့။ “တရားမျှတ လွတ်လပ်ခြင်းနဲ့ မသွေ”တဲ့ တရားနှင့် အညီမျှတရမည်၊ လွတ်လပ်ရမည်။ “ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ”တဲ့ အခွင့်အလမ်း ညီတူညီမျှဖြစ်စေရမည်။ ယင်းသို့ဆိုလျှင် ဒို့ပြည်၊ ဒို့မြေသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားသုံးပါး ဖြစ်ထွန်းနေသည့် ဖြူစင်သောဝါဒ လွှမ်းမိုးနေသည့် တိုင်းပြည်ဖြစ်မည်။

ဒို့ပြည်ထောင်စုဖွား တိုင်းရင်းသားများ အားလုံး၊ အားလုံးသောလူခပ်သိမ်းတို့ ထာဝရ ငြိမ်းချမ်းရေး အပြည့်အဝ ရရှိနေကြရမည်။ ဒို့ပြည်၊ ဒို့မြေသည် ဒို့အားလုံး၏ ဘိုးဘွားများက ပေးထားခဲ့သော ဒို့ရဲ့အမွေ ပြည်ထောင်စုကြီးဖြစ်သည်။ ဒို့တစ်တွေ အသက်တမျှ ချစ်မြတ်နိုးကြရမည်။ ဒို့ဘိုးဘွားတွေ ပေးအပ်ခဲ့သည့် ဒို့ရဲ့ ပြည်ထောင်စုအမွေကို အမြဲတည်တံ့နေစေဖို့ ဒို့တစ်တွေထိန်းသိမ်းကြရမည်။ ဒို့ပြည်ထောင်စုကြီးအတွက် ဒို့တစ်တွေ အသက်ပေးကာကွယ်ကြရမည်။ ဒို့ အားလုံးအဓိဋ္ဌာန်ပြုကြရမည်။

ဒို့မြေသည် အဖိုးတန်သည့်မြေဖြစ်သည်။ ဒို့ပြည်၊ ဒို့မြေအတွက်၊ ဒို့တိုင်းရင်းသားအားလုံးအတွက် အကျိုးစီးပွားကို ဒို့တစ်တွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ထမ်းဆောင်ကြရမည်။ ဒါသည် ဒို့အားလုံး၏တာဝန်ဖြစ်သည်။

ဤသည်တို့မှာ ဒို့နိုင်ငံတော်သီချင်း၏ အနှစ်သာရဖြစ်သည်။ နိုင်ငံတော်သီချင်း၏ အနှစ်သာရသည် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ် ပုံအခြေခံဥပဒေ၏အနှစ်သာရကို အနှစ်ချုပ်ပြီး အဓိပ္ပာယ်ပြည့်ဝပေါ်လွင်အောင် ရေးစပ်သီဖွဲ့ထားခြင်းဖြစ်သည်။

**ဒို့တစ်တွေတာဝန်ကျေပွန်ကြရဲ့လား**

ယနေ့ ဒို့တိုင်းပြည်လွတ်လပ်ရေးရခဲ့သည်မှာ (၇၂)နှစ် ပြည့်မြောက်ခဲ့ပြီ။ ဒို့နိုင်ငံတော်သီချင်းသည်လည်း (၇၂)နှစ် ပြည့်မြောက်ခဲ့ပြီ။ ဒို့တိုင်းပြည်သည် ဒို့နိုင်ငံတော်သီချင်းထဲက တိုင်းပြည်မျိုး

အထူးထုတ် [ ဃ ] သို့ »»



ပထမအကြိမ် လွတ်လပ်ရေးနေ့ အခမ်းအနားအပြီးတွင် မြန်မာအစိုးရအဖွဲ့သစ် ကတိသစ္စာခံယူပွဲပြုလုပ်စဉ်။

**ဒို့မြေသည် အဖိုးတန်သည့်မြေဖြစ်သည်။ ဒို့ပြည်၊ ဒို့မြေအတွက် ဒို့တိုင်းရင်းသားအားလုံးအတွက် အကျိုးစီးပွားကို ဒို့တစ်တွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ထမ်းဆောင်ကြရမည်။ ဒါသည် ဒို့အားလုံး၏ တာဝန်ဖြစ်သည်။**



၁၉၄၇ ခုနှစ် ဇွန် ၉ ရက်က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် ပြုလုပ်သော လူထုအစည်းအဝေးအပြီး ဦးအောင်ဆန်းနှင့်အဖွဲ့ တိုင်းပြုပြည်ပြုလွှတ်တော်သို့ တက်ရောက်စဉ်။



၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်က လူထုအစည်းအဝေးပွဲကြီး ကျင်းပရာ မြို့တော်ခန်းမဆင်ဝင်ပေါ်မှ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂမ်ဘီယာနိုင်ငံ၏ တရားစွဲဆိုခဲ့သည့်အမှုနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်က အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ရှင်းလင်းပြောကြားစဉ်။

»» အထူးထုတ် [ ဂ ] မှ

ဖြစ်နေပြီလား။ ဒို့တာဝန်ကျေပွန်ကြပြီလား။ ရိုးရိုးသားသားဝန်ခံကြရမည်။ ဝန်ခံရဲကြရပါမည်။ လွတ်လပ်ရေးရသည့်အချိန်ကတည်းက ယနေ့အချိန်အထိ ငြိမ်းငြိမ်းချမ်းချမ်းမရှိသေး။ ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်ကြိုးပမ်းနေရဆဲပါ။

ဒို့တိုင်းရင်းသား ပြည်သူတွေအားလုံး တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပြည့်ပြည့်ဝဝ မခံစားကြရသေးပါ။ ဒို့ပြည်၊ ဒို့မြေသည် အဖိုးတန်မြေဖြစ်ပါလျက် နိုင်ငံတကာတွင် အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ရသည်။ ဒို့တိုင်းပြည်သည် ဒို့သီချင်းထဲက တိုင်းပြည်မျိုးမဖြစ်သေးပါ။ ဒို့တာဝန် မကျေပွန်ကြသေးပါ။

**အမိဌာန်ပြုကြပါစို့**

ဒီကနေ့ ဒို့တိုင်းပြည်သည် ဒို့တိုင်းရင်းသား ပြည်သူအားလုံး၏ မျှော်လင့်တောင့်တချက်အရ ပါတီစုံဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဆီသို့ ခရီးနှင်နေသည်။ ထာဝရငြိမ်းချမ်းသော ပြည်ထောင်စုကြီးဖြစ်ထွန်းပေါ်ပေါက်စေရေး ကြိုးပမ်းဆောင်ရွက်နေကြသည်။ ဤသို့သော အချိန်အခါသမယမှာပင် ဒို့တိုင်းပြည်ကို အပြည်ပြည်ဆိုင်ရာ တရားရုံး( I.C.J)မှာ ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုတောင်းဆိုမှုတွေပြုလာသည်။ ဒို့နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ဒို့တိုင်းပြည်၏အကျိုးစီးပွားအတွက် မားမားမတ်မတ်ရပ်ကာ အပြည်ပြည်ဆိုင်ရာတရားရုံးတွင်သွားရောက်ရင်ဆိုင် ဖြေရှင်းခဲ့သည်။ နိုင်ငံတစ်ဝန်းရပ်ဟန်းရှင်လူ ပြည်သူများက ထောက်ခံအားပေး ဝန်းရံခဲ့ကြသည်။ အပြန်ခရီးတွင် ပြည်သူတွေ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

အကြောင်းကြောင့် အကျိုးဖြစ်၊ အကျိုးကြောင့် အကြောင်းဖြစ်၊ ဒို့တိုင်းပြည်၏ သမိုင်းကြောင်းဖြစ်စဉ်၊ အတိတ်ကို အပြစ်မတင်၊ သင်ခန်းစာထားဆင်ခြင်။ ပစ္စုပ္ပန်တွင် သံသယကင်းစင်၊ အရှိတရား၊ ပကတိအနေအထားကို တည့်တည့်ကြည့်မြင်။ အနာဂတ်တွင် ထာဝရမှတ်ထင်၊ ဒို့သီချင်းထဲက တိုင်းပြည်၊ ဒို့တိုင်းပြည်အမှန်တကယ် ဖြစ်ထွန်းစေရေး ဦးတည်ကြစေချင်။ ဒို့တစ်တွေ ဘယ်လိုပင်အတွေးအမြင်၊ အယူအဆ မတူကွဲပြားခြားနားမှုများရှိနေကြပါစေ၊ မြတ်နိုးချစ်ခင်၊ မေတ္တာသက်ဝင်၊ အရေးကြီးသောအခါ သွေးစည်းကြကာ ဒို့လွတ်လပ်ရေး၊ ဒို့ပြည်ထောင်စုအမွေကို ဒို့တစ်တွေအသက်ပေးလို့ ကာကွယ်ကြမည်။ ဒို့ပြည်၊ ဒို့မြေအကျိုးကို ညီညီညွတ်ညွတ်ထမ်းဆောင်ကြမည်။ ဒို့တာဝန် မုချမသွေကျေပွန်စေမည်။ ဒို့သီချင်းကို သံပြိုင်ရွတ်ဆို၊ ဒို့တစ်တွေ အမိဌာန်ပြုရင်း ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလိုက်ကြပါစို့။

- ☆ **ပြည်ထောင်စုအမွေ အမြဲတည်တံ့ပါစေ၊**
- ☆ **များလူခပ်သိမ်း ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ကြပါစေ၊**
- ☆ **ဒို့ပြည်၊ ဒို့မြေအကျိုးကို ညီညာစွာဒို့တစ်တွေ ထမ်းဆောင်နိုင်ကြပါစေ။**

# အရေးကြီးပြီ သွေးစည်းညီစို့

❖ **ထလော့ မြန်မာ**
**ပါလော့ ပြည်ရေး**
**အရေးကြီးပြီ**
**သွေးစည်းညီညွတ်ကြပါစို့။**

❖ **ဒို့ညီနောင်ထု**
**တည်ထောင်ပြုသည့်**
**ပြည်ထောင်စုကို**
**အန်တုစွက်ဖက်၊ ဂုဏ်သရေဖျက်သော်**
**လက်သင့်မခံ၊ မျိုးချစ်မာန်ဖြင့်**
**နိုင်ငံ တန်ဖိုး၊ လူမျိုး ဂုဏ်သိက္ခာ**
**ကာကွယ်ကြဖို့ ညီကြစို့။**

❖ **ဒို့မြန်မာသည်**
**ဘယ်ခါရန်ငြိုး၊ စ- မပျိုးလည်း**
**တိုင်းကျိုးပြည်ရွာ၊ အချုပ်အခြာကို**
**ကျူးလာရန်စွယ်၊ အန္တရာယ်အား**
**မျိုးနွယ်စောင့်သိ၊ ဂုဏ်ဇာတိဖြင့်**
**ညီသည့်အင်အား၊ စွမ်းပကားဖြင့်**
**ဖယ်ရှားတွန်းလှန်၊ ဒို့နိုင်ငံတွက်**
**မြန်မာ့သတ္တိ ပြကြစို့။**

❖ **အို.. နောင်ညီငဲ့**
**ဒို့ပြည် ဒို့မြေ၊ ဒို့ပိုင်ရေကို**
**အရှည်တည်ရေး၊ မျိုးချစ်သွေးဖြင့်**
**အရေးကြီးပြီ၊ သွေးစည်းညီလော့**
**အရေးကြုံပြီ၊ သွေးဆုံညီလော့**
**အရေးပေါ်တိုင်း၊ တုံ့မဆိုင်းဘဲ**
**တိုင်းရင်းသားတို့၊ ဝိုင်းဝန်းအားဖြင့်**
**တားဆီးကာကွယ် စောင့်ရှောက်စို့။**
**တစ်မျိုးသားလုံး ညီညွတ်စို့။ ။**

မျိုးမြတ်မြတ်မြင့်မောင်

*(၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှ ကဗျာကိုထပ်မံဖော်ပြပါသည်။)*



# ဖွံ့ဖြိုးတိုးတက်လာသည့် အိန္ဒိယနယ်စပ်က ဇယ်ဖိုင်ကျေးရွာ

မင်းလပြည့်(ဟားခါး)

ထန်တလန်မြို့နယ်ရှိ ဇယ်ဖိုင်ရွာကို ကြားဖူးသည်။ “ဇယ်ဖိုင်ကား(Zui Phe)စကား ချောင်းနံဘေးပြန့်ပြူးစွာရှိခြင်း”ဟု အဓိပ္ပာယ်ရကြောင်း ရန်ကုန်မြို့နေ ဒေသခံရွာသား ဦးခင်ဟရန်းက ရှင်းပြသည်။ ဆန်ရေစပါး ပေါကြွယ်ပြီး ငါးကန်များလည်းရှိသဖြင့် စိတ်ဝင်စားမိသည်။ ချင်းပြည်နယ်ကဲ့သို့ မြေပြန့်လွင်ပြင်နည်းပါးပြီး တောတောင်ထူထပ်သောနေရာတွင် လယ်ကွင်းများ၊ အအေးလွန်ကဲသောနေရာတွင် ငါးများရှင်သန်စေသည်။

သဘာဝငါးကန်များရှိနေခြင်းမှာ အလွယ်တကူ မဟုတ်ပေ။ ကြိုးစားအားထုတ်မှ ဖြစ်နိုင်ပေမည်။ ၎င်းအပြင် အိန္ဒိယ နယ်စပ်နှင့်လည်း မဝေးလွန်းလှသဖြင့် ဇယ်ဖိုင်ရွာသို့သွားရန် ဟားခါးမှ ထန်တလန်သို့ တစ်နာရီကြာ ကားစီးပြီး ၎င်းမှ မတူပီလမ်းပေါ်ရှိ ကြောင်ထီးယားရွာသို့ ရောက်ခဲ့သည်။ ကြောင်ထီးယားရွာကား တစ်ချိန်က ချင်းပြည်နယ်၏ ဖွံ့ဖြိုးမှုအကောင်းဆုံး ရွာလေးတစ်ရွာပင် ဖြစ်သည်။ ရွာတည်ပုံလှပပြီး သန့်ရှင်းသာယာလှပသော ရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။

### လှပစီရီစွာဆောက်ထား

ကြောင်ထီးယားရွာမှ ဇယ်ဖိုင်ရွာလမ်းခွဲအတိုင်း လဟူသူရမ် တောလမ်းအတိုင်းလာပြီး ဆဇူဆီးချောင်းတံတားကို ဖြတ်လာပြီး မကြာမီ ထင်းရှူးတောအုပ်ကို တွေ့ရသည်။ လမ်းဘေးတစ်လျှောက်တွင် တောဇီးဖြူပင်များ၊ ချင်းဒေသအခေါ် အရှာပင်၊ အရမ်ပင်၊ လှိုင်ဇီးပင်၊ ချယ်ရီပင်၊ တောင်ဇလပ်ပင်နှင့် သစ်မျိုးစုံ နေရိပ်မထိုးအောင် ပေါက်ရောက်သော မြိုင်တောကြီးအလယ် ရောက်ရှိလာသည်။ လူသွားလူလာနည်းသော်လည်း ကျောက်ခင်းလမ်းချောမို့ ကားက ကွေ့ပတ်မောင်းရသော်လည်း ခရီးတွင်သည်။ ခရီးသွားလာနေသော ဆိုင်ကယ်များ၊ ဘတ်ဟိုးယာဉ်ကြီးများကို ကျော်ဖြတ်၍ လယ်ကွင်းများ၊ မှန်သားရောင်ထနေသော ကန်များကို မြင်ရပြန်သည်။ လယ်ကွင်းများက တောင်ကြားထဲတွင်ရှိပြီး ရှမ်းပြည်မြောက်ပိုင်း သိန္နီချိုင့်ဝှမ်းနှင့် ဆင်တူသေးသည်။ မကြာမီ ပင်လယ်ရေမျက်နှာပြင်အထက် ၅၀၀၂ ပေတွင်ရှိသော ဇယ်ဖိုင်ကျေးရွာသို့ ရောက်ခဲ့သည်။ ဇယ်ဖိုင်တွင်(က)နှင့် (ခ)နှစ်ရွာရှိပြီး ဇယ်ဖိုင်(က)ရွာကား ပင်မရွာဖြစ်ပြီး အိမ်ခြေ ၂၄၃ ရှိကာ လူဦးရေ ၂၀၀၀ ခန့် နေထိုင်ကြသည်။ အနီ၊ အဖြူ၊ အဝါ၊




ဇယ်ဖိုင်ရွာမှ ကား၊ ဆိုင်ကယ်ဖြင့် အိန္ဒိယနိုင်ငံ ဆိုင်ဟားမြို့သို့ နေ့ချင်းပြန် ဈေးဝယ်လေ့ရှိကြောင်း သိရှိရသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ လုံခြုံရေးကောင်းမွန်လာသည်နှင့် အမျှ စီးပွားရေး အလျင်အမြန်ကောင်းမွန်လာပြီး နိုင်ငံတော်အစိုးရ၏ အဘက်ဘက်မှ အားပေးမြှင့်တင်ဆောင်ရွက်ပေးမှုများကြောင့် အနာဂတ်တွင် နယ်စပ်မြို့တစ်ခု မလွဲမသွေ ပေါ်ထွန်းဖြစ်ပေါ်လာနိုင်

အစိမ်း၊ အပြာရောင်တို့ဖြင့် ရောင်စုံအိမ်လေးများက မီးပုံလေးများပမာ လှပစီရီစွာဆောက်ထားသည်။ ထလာထန်အားကစားကွင်းဟောင်းနေရာကား အထက်တန်းကျောင်းသစ်အဖြစ် တင့်တယ်စွာရှိနေပေပြီ။ ဘောလုံးကွင်းသစ်ကိုလည်း အသစ်ဖောက်လုပ်ပေးလျက်ရှိသည်။

### နေထိုင်ကြ

ဇယ်ဖိုင်ရွာ၏ အနောက်ဘက်တွင် ဝမ္မသူးရွာသွားသောလမ်းရှိပြီး အိန္ဒိယနိုင်ငံသွားသောလမ်းလည်း ရှိသည်။ နှစ်နိုင်ငံနယ်နိမိတ်ကြားတွင် ဘွေနူးမြစ်ရှိသည်။ ဘွေနူးမြစ်ကား ဟားခါးအနီး တီးမြစ်မှ အခြေခံစီးဆင်းကာ ဂငယ်ပုံသဏ္ဍာန်စီးဆင်းသွားကာ ၎င်းမှတစ်ဆင့် တောင်ဘက်သို့ စီးဆင်းသွားပြီး ကုလားတန်မြစ်ဖြစ်လာကြောင်း ဇယ်ဖိုင်ရွာခံ ဦးခင်မောင်ချင်းက ပြောသည်။ ဇယ်ဖိုင်ရွာအနီး ဆထူးဖောတောင်၊ တလန်ပီး(ခ)တလန်သွေးတောင်၊ ဘွေဟားတောင်ကြောတို့က အနောက်ဘက်တွင် ကာဆီးထားသည်။ စိမ်းစိုထူထပ်သော တောအုပ်တန်းကြီးများတွင် ဂျီ၊ ဆတ်၊ တောဝက်၊ ဝက်ဝံတို့ ငှက်မျိုးစုံပေါများစွာ နေထိုင်ကျက်စားကြသည်။ ဆထူးဖောတောင်ကြော အနောက်ဘက်တွင် အိန္ဒိယနိုင်ငံပိုင် ရှာသားရွာ၊ ချိုလုံးရွာ၊ လုံးဇာထုံးရွာ၊ ဘွယ်ပီးရွာများကို တွေ့မြင်နေရပြီး ချင်းတိုင်းရင်းသားများ နေထိုင်ကြကြောင်း သိရသည်။

### အလျင်အမြန်ဖွံ့ဖြိုး

ဇယ်ဖိုင်ရွာမှ ဘွေနူးရွာသွားသောလမ်းကို ဦးဇမန်းဆိုသူက လမ်းဖောက်လုပ်ပေးပြီး ၎င်း၏ အမှတ်တရကျောက်တိုင်ရှိသည်။ ချင်းပြည်နယ်မှ တာဝန်ရှိသူများက အားပေးဖွင့်လှစ်ပေးခဲ့သည်။ ဘွေနူးမြစ်သို့ ရောက်ပါက စက်လှေ၊ ဝါးဖောင်ဖြင့် သွားရောက်၍ တစ်ဖက်နိုင်ငံသို့ ရောက်သည်။ မြစ်ကူးတံတား ဖောက်လုပ်ပြီးစီးပါက ဇယ်ဖိုင်ရွာသို့ တစ်ဖက်နိုင်ငံမှ ကုန်ချောများရောက်ရှိနိုင်သလို ဇယ်ဖိုင်ရွာမှ ဟင်းသီးဟင်းရွက်များ၊ ဒေသထွက်ကုန်များကို တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ပေသည်။ ကျေးရွာရှိ စိုက်ပျိုးထားသော သီးနှံများဖြစ်သော ဂေါ်ဖီ၊ မုန်ညင်း၊ ခရမ်းချဉ်ပင်၊ ကြက်သွန်နီပင်များမှာ ဖွံ့ထွားသကဲ့သို့ ဝါးပင်များမှာလည်း ပေါများသည်။ ရွာသူရွာသားများက စိတ်ရင်းဖြူစင် ဖော်ရွေကြသည်။ ဇယ်ဖိုင်ရွာကို ၁၈၄၈ ခုနှစ်တွင် ဝမ္မသူးစော်ဘွားက ရွာခွဲအဖြစ် တည်ခဲ့သည်။ ရွာမှာ အလျင်အမြန်ဖွံ့ဖြိုးခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် အလယ်တန်းကျောင်း၊ ၂၀၁၈ ခုနှစ်တွင် အထက်တန်းကျောင်းအဆင့် တိုးမြှင့်ရရှိခဲ့သည်။

အထူးအချပ်ပိုကဏ္ဍ (ခ)သို့ »»

တိုင်းရင်းသားရေးရာ

# ဂန့်ဂေါမြို့မှ လွတ်လပ်ရေး ကျောက်တိုင်

ဂန့်ဂေါမြို့ရှိ လွတ်လပ်ရေးကျောက်တိုင်မှာ မြောက်ကုန်းရပ်ကွက် ခရိုင်အားကစားကွင်းအနီးတွင် တည်ရှိ၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ယူနီယံဂျက်အလံကိုချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကို လွှင့်ထူခဲ့သည့်နေရာတွင် စိုက်ထူထားသည့် သမိုင်းဝင်နေရာဖြစ်ကြောင်း သိရသည်။

**ဘဝမှတ်တမ်းစာအုပ်တွင် ဖော်ပြထား**

အဆိုပါနေ့က နိုင်ငံတော်အလံ အလံတင်အခမ်းအနားတွင် ဂန့်ဂေါမြို့၌ နယ်ပိုင်ဝန်ထောက်တာဝန်ကို ထမ်းဆောင်ခဲ့သည့် ဦးသာဒန်းနှင့် ဂန့်ဂေါမြို့နယ် ရှုံးရှီရွာတွင် နေထိုင်ခဲ့သူ လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့် ဆရာကြီး ဦးရုန်းမော်တို့က ယူနီယံဂျက်အလံကိုချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ခဲ့ကြကြောင်းနှင့် ၎င်းနှင့်အဖွဲ့က နိုင်ငံတော်သီချင်းကို သီဆိုခဲ့ကြကြောင်း ဆရာကြီးဦးရုံးမော် ပြုစုသည့် ဘဝမှတ်တမ်းစာအုပ်တွင် ဖော်ပြထားသည်။

**တည်ဆောက်ခဲ့**

အဆိုပါနေ့က နိုင်ငံတော်အလံ အလေးပြုအခမ်းအနားကျင်းပ၍ လူထုတက်ရောက်နေရာယူခဲ့သည့် နေရာတွင် အထိမ်းအမှတ်အဖြစ် ၁၉၈၉ ခုနှစ်က ပန်းခြံတည်ဆောက်ခဲ့သည်ဟု သိရသည်။

**စိန်ကျော်**



»»» အထူးအချပ်ပိုကဏ္ဍ (က)မှ

၂၀၁၇ ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဦးစီးမှူးရုံး ရရှိခဲ့ပြီး လူဦးရေတိုးပွားလာသဖြင့် ယခုအခါ တိုက်နယ်ဆေးရုံအဆင့်မြှင့်တင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ၁၉၄၅ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် ဖလမ်းအရေးပိုင်၏ အမိန့်အရ ဇယ်ဖိုင်(ခ)ရွာအား ကျေးရွာတစ်ခုအဖြစ် သတ်မှတ်ပေးခဲ့ကြောင်း ရွာခံ ဦးခင်ဟရန်းထံမှ သိရှိရသည်။ ယင်းအပြင် ဆိုလာမီးဖြင့် ရွာအား ညနေ ၆ နာရီမှ ည ၉ နာရီခွဲထိ မီးပေးလျက်ရှိသည်။ ဇယ်ဖိုင်(က)ရွာတွင် ရေဖြန့်ဖြူးသော ရေကန်တစ်ကန်ရှိပြီး နိုင်ငံခြားတွင် နေထိုင်သူ ရွာခံများက ငွေကျပ် သိန်း ၃၅၀ ဖြင့် မတည်ဆောင်ရွက်ပေးသဖြင့် ရေရှားပါးမှုမရှိကြောင်း သိရသည်။

ရွာများမှာ တောင်ကြောပေါ်တွင် ဆက်စပ်တည်ရှိပြီး ဇယ်ဖိုင်(က)နှင့် နှစ်မိုင်ခန့်အကွာတွင် ဇယ်ဖိုင်(ခ)ရွာရှိကာ တယ်လီနောတာဝါတိုင် ရှိသည်။ ဇယ်ဖိုင်(ခ)မှ ကိုးမိုင်အကွာတွင် ခွာဘုံးရွာ၊ ၎င်းမှ ငလန်းရွာ(ဖိုင်ပီး)၊ ထန်အောရွာ၊ ဖန်ထင်းရွာ၊ နှရိန်ရွာ၊ တီဆင်းရွာတို့ရှိကြပြီး လမ်းများအား အဆင့်မြှင့်တင်ခြင်း၊ လမ်းတာချဲ့ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ဇယ်ဖိုင်(ခ)ရွာ၏အနီးတွင် မြင့်မားသော လိန်ခေါတောင်နှင့် ခါချားတောင်ကြီးများကိုလည်း တွေ့ရသည်။ ဇယ်ဖိုင်(က)နှင့် (ခ)ရွာမှာ သန့်ရှင်း သပ်ရပ်ပြီး ရွာသူရွာသားများမှာလည်း စိုက်ပျိုးရေးနှင့် ကုန်သွယ်မှုများကို အထူးကြိုးစားလုပ်ကိုင်ကြသည်။ ဇယ်ဖိုင်(က)ရွာတွင် ဆန်စက်ငယ် ၁၅ လုံးနှင့် ဇယ်ဖိုင်(ခ)ရွာတွင် ဆန်စက်ငယ် ခုနစ်လုံးရှိကြောင်း ဒေသခံ ဦးခင်မောင်ချင်းထံမှ သိရသည်။

ဇယ်ဖိုင်ရွာမှ ကား၊ ဆိုင်ကယ်ဖြင့် အိန္ဒိယနိုင်ငံ ဆိုင်ဟားမြို့သို့ နေ့ချင်းပြန် ဈေးဝယ်လေ့ရှိကြောင်း သိရှိရသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ လုံခြုံရေးကောင်းမွန်လာသည်နှင့်အမျှ စီးပွားရေး အလျင်အမြန်ကောင်းမွန်လာပြီး နိုင်ငံတော်အစိုးရ၏ အဘက်ဘက်မှ အားပေးမြှင့်တင်ဆောင်ရွက်ပေးမှုများကြောင့် အနာဂတ်တွင် နယ်စပ်မြို့တစ်ခု မလွဲမသွေ ပေါ်ထွန်းဖြစ်ပေါ်လာနိုင်သည်။ နိုင်ငံတော်အစိုးရ၏ အားပေးဆောင်ရွက်မှုဖြင့် အနာဂတ်တွင် မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးစခန်း အသစ်တစ်ခု ဖြစ်လာနိုင်ကြောင်း စိတ်ဝယ် တွေးထင်မြင်ယောင်နေမိပါတော့သည်။ ။



## နမ့်ဆန် စိုက်ပျိုးရေးဌာနမှ လက်ဖက်စိုက်တောင်သူများအား ထောပတ်ပင်နှင့် မက်ကာဒေးမီးယားပင်များ စိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်မည်

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဒေသဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁ ရက်က ကျင်းပသည့် လစဉ်ပုံမှန် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် လက်ဖက်စိုက်တောင်သူများအား ထောပတ်ပင်နှင့် မက်ကာဒေးမီးယား မျိုးပင်များကို လက်ဖက်ခြံ၌ ကြားညှပ်သီးနှံအဖြစ် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နမ့်ဆန်ဒေသတွင် လက်ဖက်တစ်မျိုးတည်းကိုသာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်လာလျက်ရှိပြီး လက်ဖက်စိုက်တောင်သူများ အပိုဝင်ငွေရရှိနိုင်မည့် အခွင့်အရေးကို ဖော်ဆောင်ပေးသည့်အနေဖြင့် လက်ဖက်ပင်များကြားတွင် ကြားညှပ်သီးနှံများ ဖြစ်ထွန်းအောင်မြင်နိုင်သည့် ထောပတ်ပင်များ၊ မက်ကာဒေးမီးယားအပင်များကို စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့များဝယ်ယူစုဆောင်းထားပြီး ကျေးရွာပြည်သူ လက်ဖက်စိုက်တောင်သူများနှင့် ပူးပေါင်းကာ နည်းပညာပေး ပျိုးထောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း အကောင်အထည်ဖော်ဆောင်နိုင်ရေး ဒေသဦးစီးအဖွဲ့မှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

**အောင်မိုး**

## စည်းလုံးညီညာ အောင်ကြောင်းဖြာ

☆ ပြည်ထောင်စုသား ညီအစ်ကိုတွေ
စုပေါင်းညီစွာ နေကြပေ
အေးချမ်းစွာလေ သိုက်မကွဲ
လက်တွဲစည်းရုံး ခိုင်ခိုင်မြဲ... ။

☆ ကွင်းပြင်ကြီးရဲ့ အလယ်မှာ
တစ်ပင်ထီးထီး ရှိမနေသာ
စုပေါင်းညီညာ ယှက်ဖြာမှ
မုန်တိုင်းဒဏ်ခ လွတ်ကင်းရ...။

☆ စည်းလုံးခြင်းက သက်သေတည်
ဥပမာပေး ပြသပြီ
ရှေ့သို့မျှော်ရည် လျှောက်မယ့်လမ်း
ညီညွတ်စွာနဲ့ အတူတူလှမ်း... ။

☆ ရောင်ခြည်သန်းလို့ ပန်းတိုင်ဆီ
မုချရောက်ရမည်
ငြိမ်းချမ်းတေးသီ ငှက်ကလေး
ကျူးရင့်မြည်သံပေး... ။

☆ မှတ်တမ်းရေးလို့ သမိုင်းတွင်
ထားခဲ့ရမှာပင်
အရာရာလျှင် ကြိုးစားမှ
တို့မျိုးဆက်အတွက် အမွေကောင်းရ...။

☆ ကျွန်ုပ်တို့က ကြိုးစားပါ
အနာဂတ်သို့ လှမ်းမြင်ရာ
စည်းလုံးကာလေ ညီညွတ်လို့
သန္နိဋ္ဌာန်ချ ဆောင်ရွက်စို့ ... ... ... ။

ဇင်မင်းစိုး(ဗိုလ်ကလေး)

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

[စာတည်း]

# ရခိုင်ရိုးရာဓလေ့ ကောက်ကျိုင်ထုပွဲ



**ကောက်ကျိုင်ထုပွဲကို ရခိုင်ရိုးရာဓလေ့အဖြစ် ပြုလုပ်ကြခြင်းမှာ စပါးခင်းများမှ ထွက်ရှိထားသော စပါးများ မိမိတို့ အိမ်ရှိ စပါးကျီများသို့ အခက်အခဲမရှိ ရောက်ရှိနိုင်ရန်ဖြစ်သည်။ တချို့နှစ်များ၌ တလင်းသိမ်းပြီး စပါးများအား စုပုံထားချိန် မိုးရွာသည်နှင့် ကြုံတွေ့ရ၍ စပါးအပျက်အစီးရှိတတ်သလို ဘေးအန္တရာယ်ပေါင်းစုံနှင့် ရင်မဆိုင်ကြရစေရန် ကောက်ကျိုင်ထုပွဲကို ပြုလုပ်ကြခြင်းလည်းဖြစ်**

မြန်မာနိုင်ငံ၌ ရခိုင်ပြည်နယ်သည် စပါးအထွက်အများဆုံးဒေသတစ်ခု၌ ပါဝင်နေသည်။ ယခုအချိန် ရခိုင်ဒေသ၌ ဝင်းမှည့်နေသော စပါးခင်းများ ရွှေအိုရောင်တောက်ပလျက်ရှိကြသည်။ ရခိုင်ပြည်နယ်ရှိ နေရာအနှံ့တွင် ပြာသိုလအကုန် တပို့တွဲလဆန်းရက်များ၌ လယ်သမားများ စပါးခင်းအများစုကို စတင်ရိတ်သိမ်းနေကြပြီဖြစ်ကြသည်။ ယနေ့အချိန်၌ ရခိုင်ပြည်နယ်မှ တောင်သူလယ်သမားများ ဈေးကွက်ဝင် မျိုးကောင်း၊ မျိုးသန့်စပါးများအား စိုက်ပျိုးလာကြသည်ကို တွေ့မြင်နေရသည်။ လယ်တစ်ဧကမှ စပါးတင်း တစ်ရာကျော်ထွက်ရှိလာ၍ တောင်သူလယ်သမားများ ဝမ်းစာစပါးပြည့်စုံပြီး ပိုလျှံစပါးများ ရောင်းချလာနိုင်ကြ၍ စားဝတ်နေရေး အဆင်ပြေဖူလုံမှု ရှိလာကြသည်။

**ဘေးအန္တရာယ် ရင်မဆိုင်ကြရစေရန်**

စစ်တွေမြို့နယ်ရှိ ကျေးလက်ဒေသ၌ စပါးခင်းများရိတ်သိမ်းပြီးဖြစ်၍ ရခိုင်ဒေသရှိ လယ်သမားများ ရိုးရာဓလေ့ ကောက်ကျိုင်ထုပွဲကို ကျင်းပနေကြသည်။ ကောက်ကျိုင်ထုပွဲကို ရခိုင်ရိုးရာဓလေ့အဖြစ် ပြုလုပ်ကြခြင်းမှာ စပါးခင်းများမှ ထွက်ရှိသော စပါးများ မိမိတို့အိမ်ရှိ စပါးကျီများသို့ အခက်အခဲမရှိ ရောက်ရှိနိုင်ရန်ဖြစ်သည်။ တချို့နှစ်များတွင် တလင်းသိမ်းပြီး စပါးများ စုပုံထားချိန် မိုးရွာသည်နှင့် ကြုံတွေ့ရ၍ စပါးအပျက်အစီးရှိတတ်သလို ဘေးအန္တရာယ်ပေါင်းစုံနှင့် ရင်မဆိုင်ကြရစေရန် ကောက်ကျိုင်ထုပွဲကို ပြုလုပ်ကြခြင်းလည်းဖြစ်သည်။ လယ်သမားများတွင် တလင်းပြင်ထဲမှစပါးများ မိမိနေအိမ်ရှိ စပါးကျီများထဲသို့ အန္တရာယ်ကင်းစွာဖြင့် ရောက်ရှိပါမှ ဝမ်းခါးလှသော လူတန်းစားများ ဖြစ်ကြသည်။

**တိုးတက်ကောင်းမွန်လာစေရန် ဆုတောင်း**

ကောက်ကျိုင်ထုပွဲပြုလုပ်ပုံမှာ ရိတ်သိမ်းထားသောစပါးပင်များအား ကျွဲနွားများဖြင့် တလင်းနယ်ပြီးနောက် ဖြန့်ကြဲထားသော စပါးများအား တစ်နေရာတည်း၌ စုပုံချိန် မိသားစုတွင် အသက်ကြီးဆုံးတစ်ဦးက တလင်းနယ်ရာတွင် အသုံးပြုခဲ့သော ထိုးဆွကောက်ချွန်အား စပါးပုံထဲ၌ ထိုးစိုက်ထားပြီး ထမင်း၊ သောက်ရေခွက်နှင့် သပြေပန်း အစရှိသည်တို့ဖြင့် စပါးပုံတွင်တင်ကာ လယ်စောင့်နတ်၊ တောစောင့်နတ်များအား ပူဇော်ရသော ရိုးရာဓလေ့ဖြစ်သည်။ တချို့လယ်သမားများသည် တလင်းပြင်ထဲ၌ စပါးများ မစုပုံမီ စတိသဘောဖြင့် စု၍ ပူဇော်ပသသည်လည်းရှိကြသည်။ ထိုသို့ပူဇော်ပသပြီးနောက် မိမိတို့၏ လယ်ယာမြေလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်ကောင်းမွန်လာစေရန် ဆုတောင်းကြသည်။

လယ်သမားတစ်ဦး ကောက်ကျိုင်ထုလျှင် အနီးအနားရှိ အခြားတလင်းနယ်သူများ လာရောက်အားပေးလေ့ရှိကြသည်။ ကောက်ညှင်းပေါင်းကဲ့သို့ စားစရာများကို ပျော်ပျော်ရွှင်ရွှင်စားသောက်ပြီး ဆုတောင်းပေးကြ၍ ရခိုင်ဒေသရှိ လယ်သမားများ၏ ရိုးရာဓလေ့ ကောက်ကျိုင်ထုပွဲအား တင်ပြလိုက်ရသည်။

**အောင်ကြည်မိုး(စစ်တွေ)**

# ကရင်ပြည်နယ် ကော့ကရိတ်မြို့မှ နိုးထလာသော မွေးမြူရေးလုပ်ငန်းများ

ကရင်ပြည်နယ် ဒေါနတောင်ခြေရှိ ကော့ကရိတ်မြို့သည် ပြည်နယ်အတွင်း မြို့နယ်များအနက်မှ ဒုတိယအကြီးဆုံးခရိုင်မြို့ ဖြစ်သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသောစစ်ကြောင့် မငြိမ်းချမ်းဘဲ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးပါ ထိခိုက်ခဲ့ရသည်။ ကရင်တိုင်းရင်းသားရိုးရာ တောင်သူလယ်လုပ်ခေးမခုတ်ထူသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာလည်း မငြိမ်းချမ်းခြင်းနှင့်အတူ လယ်တော၊ ယာတောများဖြစ်ပွားကုန်သည်။

**ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်**

မငြိမ်းချမ်းခြင်းနှင့်အတူ ပေါက်ဖွားလာသည့် တိုင်းရင်းသားတို့မှာ တစ်ဖက်နိုင်ငံ၏ တရားမဝင်မှောင်ခို ကုန်သွယ်မှုနောက်တွင် လိုက်ပါ စီးမျောပါသွားခဲ့သည်။

မှောင်ခိုစီးပွားရေးလုပ်ငန်းများ ယိမ်းယိုင်ပျက်စီးပြီး နယ်စပ်ကုန်သွယ်ရေးပေါ်ပေါက်လာသောအခါတွင် တိုင်းရင်းသားများ ရွှေ့ပြောင်းလုပ်သားများအဖြစ် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသဖြင့် ပြည်နယ်အတွင်း လယ်ယာလုပ်သားရှားပါးမှုနှင့် လယ်တော၊ ယာတောများ ပြန်လည်ထူထောင်မှုမှာ မအောင်မြင်ဘဲဖြစ်ခဲ့သည်။

၂၀၁၅ ခုနှစ်မှစတင်၍ လက်ရှိအစိုးရလက်ထက်တွင် ပြည်နယ်အတွင်း ငြိမ်းချမ်းတည်ငြိမ်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့လာခြင်း၊ မြန်မာ့လျှပ်စစ် မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ လျှပ်စစ်မီးများမြို့ရွာအရောက်ဖြန့်ဝေနိုင်ခြင်း၊ ကျန်းမာရေးဆေးပေးခန်းများဖွံ့ဖြိုးလာခြင်း၊ ပညာရေးကျောင်းသစ်များ ယခင်မသွားလာနိုင်ခဲ့သော ဝေးလံခေါင်သီသည့် ကျေးရွာများအထိ တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းကြောင့် နယ်မြေအေးချမ်းတည်ငြိမ်ကာ စွန့်ဦးတီထွင်ရင်းနှီးမြှုပ်နှံသောလုပ်ငန်းများတိုးပွားလာရာ ကော့ကရိတ်မြို့နယ်၌ မွေးမြူရေးလုပ်ငန်းများလည်း တိုးတက်လာခဲ့သည်။

ကရင်ပြည်နယ်တွင် ပထမဦးဆုံး စတင်စွန့်ဦးတီထွင်ရင်းနှီးလုပ်ကိုင်သည့် ပြည့်ပြည့်သဘာဝနွားနို့စစ်စစ် စက်ဖြင့်နို့ညှစ်သော နို့စားနွားမွေးမြူရေးလုပ်ငန်းသို့ စာရေးသူတို့ သွားရောက်လေ့လာခဲ့သည်။ အဆိုပါနို့စားနွားမွေးမြူရေးခြံမှာ ကော့ကရိတ်မြို့ အမှတ်(၁) ရပ်ကွက် ရွှေကြက်မင်းဘုရားလမ်းနှင့် အာရှအဝေးပြေးလမ်းအကြား ကျိုက်ခုံကျေးလက်လမ်းပေါ်တွင် တည်ရှိသည်။

**ရှင်းလင်းပြောကြား**

အဆိုပါ နို့စားနွားခြံမှာ ၂၀၁၅ ခုနှစ်တွင် စောနိုနိုကကြီးကြပ်၍ စောဝင်းကိုက ဦးစီးပြီး ဖရီးရှန်နို့စားနွားမခုနစ်ကောင်နှင့် စတင်ခဲ့ကြောင်း၊ ရန်ကုန်မြို့ မင်္ဂလာဒုံ ငွေစင်ပုလဲနို့ထုတ်လုပ်ရေးမှ ဖရီးရှန်နွားမ ၁၀ ကောင် ထပ်မံဝယ်ယူဖြည့်သွင်းပြီး စတင်သည်မှ ယနေ့တိုင်စက်ဖြင့် နို့ညှစ်ခဲ့ကြောင်း၊ ယခုအခါ အကောင်ပွားများဖြင့် ဖရီးရှန်အကြီး/အသေး အကောင် ၆၀ ကျော် မွေးမြူထားပြီး နို့ညှစ်နွားမကြီးအကောင် ၂၀ မှ နေ့စဉ်နွားနို့သန့်စင်လီတာ ၂၀၀ ထွက်ရှိကာ တစ်လီတာကျပ် ၁၀၀၀ နှုန်းဖြင့် ကော့ကရိတ်မြို့နှင့် မြဝတီမြို့များသို့ ဖြန့်ချိနေကြောင်း စောဝင်းကိုက ရှင်းလင်းပြောကြားသည်။

ဖရီးရှန်နွားများ မျိုးထိုးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းကို ကော့ကရိတ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အလားတူပင် ကော့ကရိတ်မြို့ ရုံးကြီးနောက်ကွက်သစ်တွင် လူနေအိမ်ပေါ်တင်၍ ဆိတ်အကောင် ၄၀ ခန့် စီးပွားဖြစ်မွေးမြူထားသည်ကို တွေ့ရသည်။ ရန်ကုန်မြို့မှ အဝယ်ကိုယ်စားလှယ်များဖြင့် ကျေးလက်တောရွာဆိတ်ခြံများအထိ လိုက်လံဝယ်ယူလျက်ရှိသည်။

ယခင်က ကရင်ကျေးရွာများတွင် ကျွဲများကို ခိုင်းစေခြင်းမပြုဘဲ အကောင်ပွားသာ မွေးမြူခဲ့ကြသည်။

**ကူညီစောင့်ရှောက်**

အာရှအဝေးပြေး မြဝတီ-ကော့ကရိတ်လမ်း တောနော်ရေတံခွန်အနီးတွင် ကေအဲန်ယူစိုက်ပျိုးမွေးမြူရေးခြံမှ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲ၊ ငါးများကို မွေးမြူလျက်ရှိရာ အဆိုပါခြံများ၌ မွေးမြူထားသော တိရစ္ဆာန်များ၏ ကျန်းမာရေးကို ကော့ကရိတ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

အဆိုပါ မွေးမြူရေးလုပ်ငန်းရှင်များ၏ တူညီသောဆန္ဒမှာ လုပ်ငန်းတိုးချဲ့ရန်အတွက် SME ခေါ် အသေးစား၊ အလတ်စားနှစ်ရှည်ချေးငွေများရရှိရန် ပြည်နယ်အစိုးရနှင့် နိုင်ငံတော်မှ ပံ့ပိုးပေးစေလိုကြောင်း ပြောကြသည်။

ဤသို့ဖြင့် မြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံရေးသာမက ဒေသထွက်ကုန်ဖြင့် နယ်မြေခံတိုင်းရင်းသားများ ဝင်ငွေတိုးလာမည် ဖြစ်သည်။

**သတင်း-တင်ဝင်းလှိုင်(ကော့ကရိတ်)**
**ဓာတ်ပုံ-ရဲညွန့်(စိုက်ပျိုးရေး)**




# စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့နယ်ရှိ ရွှေကျွန်းသာအပန်းဖြေစခန်းသို့ ခရီးစဉ်ဒေသသစ်အဖြစ် လာရောက်လည်ပတ် အပန်းဖြေသူ ပိုမိုများပြားလာ



**မင်းထက်အောင်(မန်းကိုယ်ပွား)**

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့နယ် ဆယ်ပင်ကျေးရွာအတွင်း ဧရာဝတီမြစ်လယ်ကျွန်းပေါ်ရှိ သဘာဝသဲသောင်ပြင်ပေါ်တွင် ဒေသခံများ၏ ဖန်တီးမှုများဖြင့် အလှဆင်ထည့်သွင်းထားသည့် ရွှေကျွန်းသာအပန်းဖြေစခန်းသို့ ခရီးစဉ်ဒေသအဖြစ် လာရောက်လည်ပတ်အပန်းဖြေသူများ ယခုနှစ်အတွင်း ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရွှေကျွန်းသာအပန်းဖြေစခန်းကို ဒီဇင်ဘာ ၂၃ ရက်က စတင်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ ဝန်ဆောင်မှုသဘောတရားများ ဖြန့်ဝေပေးရန်၊ စိုက်ပျိုးမြေအဖြစ် အသုံးပြု၍မရသည့် သဲသောင်ပြင်ပေါ်တွင် အများပြည်သူ ပျော်ရွှင်စွာအပန်းဖြေနိုင်ရန်၊ တံငါလုပ်ငန်းအစားထိုး ဝင်ငွေရရှိရေးလုပ်ငန်းအဖြစ် ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွင် ပါဝင်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင် ဦးမင်းထင်က ပြောသည်။

**အပန်းဖြေမှုမျိုးစုံ ခံစားနိုင်**

''ဒီအပန်းဖြေစခန်းကို ခရီးသွားတွေ စိတ်ဝင်တစားနဲ့ လာရောက်လည်ပတ်အပန်းဖြေကြတာ ဒီနှစ်အတွင်းမှာ ပိုပြီးများပြားလာတာ တွေ့ရပါတယ်။ နေ့စဉ်ပုံမှန် လူဦးရေ ၄၀၀ လောက် လာရောက်အပန်းဖြေနေကြပြီးတော့ ပိတ်ရက်တွေဆိုရင် ၇၀၀ လောက်အထိ လာကြတယ်။ ဒါကြောင့်သဲသောင်ပြင်ပေါ်မှာ စွန့်ပစ်ပစ္စည်းတွေနဲ့ ဖန်တီးပြုလုပ်ထားတဲ့ အလှဆင်မှုတွေ၊ ရိုးရိုးထိုင်ခုံအစားမန်ကျည်းသားနဲ့ ပြုလုပ်ထားတဲ့ ရေတံဆုံပုံစံ ထိုင်ခုံတွေ၊ သဲပန်းပုတွေ၊ ရေပေါ်စက်ဘီးတွေ၊ မြင်းစီးတာတွေ စတဲ့ ဖန်တီးမှုတွေနဲ့ အပန်းဖြေမှုမျိုးစုံ ခံစားနိုင်အောင် ဖြည့်တင်းဆောင်ရွက်ထားပြီး ဖွင့်ပွဲအခမ်းအနားကိုလည်း သက်ဆိုင်ရာဌာနက တာဝန်ရှိသူတွေကိုယ်တိုင် လာရောက် အားပေးဖွင့်လှစ်ခဲ့ကြတယ်။ ဒီထက် ပိုမိုပြည့်စုံတဲ့ အလှဆင်မှုတွေကိုလည်း ထပ်မံဖြည့်တင်းသွားမှာပါ'' ဟု ၎င်းက ဆက်လက်ပြောပြသည်။



အဆိုပါ အပန်းဖြေစခန်းကို မြစ်ရေကျချိန် သောင်ပြင်ပေါ်ထွန်းနေသည့် အချိန်အထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ရရှိသည့်အကျိုးအမြတ်များမှ သောင်ပြင်နှင့်စပ်ဆက်နေသည့် ကျေးရွာများအတွက် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ငွေကျပ် ၁၀၀၀ နှုန်း သတ်မှတ်ထား**

ရွှေကျွန်းသာအပန်းဖြေစခန်းကို မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့နယ်ကြား ဧရာဝတီမြစ်လယ်ရှိ သောင်ပြင်ပေါ်တွင် ဆောင်ရွက်ထားသည့်အတွက် ယင်းမြို့နယ်များရှိ ကူးတို့ဆိပ်များမှ မော်တော်များဖြင့် လာရောက်နိုင်ပြီး ကူးတို့မော်တော်ယာဉ်ခနှင့် ဝင်ကြေးငွေ နှစ်ခုပေါင်းအား ငွေကျပ် ၁၀၀၀ နှုန်း သတ်မှတ်ထားကြောင်း သိရသည်။